# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့သော နည်းဟူမူကား အဆင်းအနံ့ နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင် နိုင်သောကြောင့်ဖြစ်၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ်(၀၂၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံ

## ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက် မိန့်ခွန်းပြောကြား

တိုကျို အောက်တိုဘာ ၂၁

**ဂျပန်ကေရာဇ်၏ ထီးနန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ယနေ့နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ နိုင်ငံတော်ညေ့်ဂေဟာ၌ တွေ့ဆုံသည်။**

### ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေး၊ သီလဝါစက်မှုဇုန်အပါအဝင် မြန်မာ-ဂျပန်စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများအား ဆက်လက်တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဂျပန်အစိုးရက ဆက်လက် အကူအညီပေးအပ်သွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) ဥက္ကဋ္ဌ Mr. Kazushige Nobutani ဦးဆောင်သောအဖွဲ့အား တိုကျိုမြို့ Meiji Kinenkan ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး၊ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့် JETRO မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Meiji Kinenkan ၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

### မူဝါဒပြုပြင်ပြောင်းလဲမှုများ

ထို့နောက်ဆွေးနွေးပွဲ ဒုတိယပိုင်းကို ဆက်လက် ကျင်းပရာ

*စာမျက်နှာ ၄ ကော်လံ ၁* ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု**

စာ - ၇

**ထာဝရ လှပနေဦးမည့် ချယ်ရီမြေ ဂျပန်**

ဆောင်းပါး

စာ - ၁၀




မြန်မာ့အလင်း

## ပြည်တွင်းစီးပွားရေးလုပ်ငန်းများရှင်သန်ရေး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ပေး

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ အကြိမ် (၃၀)မြောက် ပုံမှန်တွေ့ဆုံပွဲကို အောက်တိုဘာ ၁၉ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစကာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို တင်ပြနိုင်သည့် ပုံမှန်တွေ့ဆုံပွဲများကို ကျင်းပလျက်ရှိခြင်းက မြန်မာ့စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ အားကောင်းမောင်းသန် ဖြစ်ထွန်းလာရေးကို အထောက်အကူပေးနေသည်။

ပြီးခဲ့သည့် (၂၉)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်ပေါင်း ၃၅၈ ချက်ရှိရာ "နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ပေးရန် " ဟူသည့်အချက်ကိုလည်း တင်ပြခဲ့ကြောင်း သတင်းများတွင် ဖတ်ရှုရသည်။ အဆိုပါတင်ပြချက်နှင့် စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ဖမ်းဆီးမှု ၉၇၄ ကြိမ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄ ဒသမ ၆၁၄၅ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ကြောင်း။ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့ပြီးဖြစ်ရာ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အညွှန်းကိန်းများပေါ် အခြေခံပြီး လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ၊ အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး မဟာဗျူဟာရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသွားခဲ့သည်။

စင်စစ် မိမိတို့နိုင်ငံတွင် တရားမဝင် ကုန်သွယ်မှုမှာ ထုနှင့်ထည်နှင့် ပမာဏကြီးကြီး နှစ်ပေါင်းများစွာ အမြစ်တွယ်နေခဲ့ခြင်းဖြစ်သည်။ ပုံမှန်တရားဝင်ကုန်သွယ်မှု မဟုတ်ဘဲ မှောင်ခိုကုန်သွယ်မှု၊ မှောင်ခိုစီးပွားရေးကို တစ်ထမ်းတစ်ရွက်၊ တစ်နိုင်တစ်ပိုင်မှသည် အရင်းအနှီးများစွာဖြင့် နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ကူးသန်းရောင်းဝယ်ခဲ့ကြရာ တိုင်းပြည်အတွက် အခွန်ဘဏ္ဍာများစွာဆုံးရှုံးခဲ့သလို မှောင်ခိုလမ်းကြောင်းနှင့် ဆက်စပ်နေသည့် ဝန်ထမ်းများမှာလည်း လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ဝန်ထမ်းများဖြစ်ခဲ့ကြသည်။ ယမန်နှစ် စက်တင်ဘာလအတွင်းက နေပြည်တော်တွင်ကျင်းပခဲ့သည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဖိုရမ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက "တရားမဝင်ကုန်သွယ်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို အလွယ်တကူ အလွတ်သဘော အကဲဖြတ်ဆန်းစစ်၍ မရနိုင်ပါကြောင်း၊ အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်သူများသည် တရားမဝင်ကုန်သွယ်မှုများအတွက် နှောင့်နှေးမှုမရှိဘဲ ငွေပေးနေကြသောကြောင့် အဂတိလိုက်စားမှု တိုးမြင့်လာပြီး တရားဥပဒေ သက်ရောက်မှုများကို အဟန့်အတားဖြစ်စေပါကြောင်း" ပြောကြားခဲ့ရာ တရားမဝင်ကုန်သွယ်မှုတွင် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတို့ နက်နက်ရှိုင်းရှိုင်း ပတ်သက်မှုရှိနေတတ်သည်ကို သတိမူဖွယ်ရာပင် ဖြစ်သည်။

လက်နက်နှင့် မူးယစ်ဆေးဝါးမှလွဲ၍ ကျန်တရားမဝင်ကုန်စည်များ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသည်ကို ပုံမှန်ကူးသန်းရောင်းဝယ် ကုန်သွယ်နေသကဲ့သို့ သဘောထား၍ မရနိုင်သည်ကို လေးလေးနက်နက် သဘောပေါက်ကြရန်လိုမည်ဖြစ်သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် တရားဝင်ကုန်သွယ်မှုများ ပျက်စီးနိုင်သည်။ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ နာလန်မထူနိုင်ဘဲ လုံးပါးပါးပျက်စီးသွားနိုင်သည်။ အစစ်အဆေးမရှိ၊ အခွန်မဆောင်ဘဲ ဈေးကွက်ထဲ ရောက်ရှိလာသောကုန်ပစ္စည်းများက စားသုံးသူ သုံးစွဲသူ အများပြည်သူတို့အတွက် ကျန်းမာရေးပြဿနာအပါအဝင် အခြား ထိခိုက်နစ်နာမှုများ ဖြစ်ပွားစေနိုင်သည်။ အခွန်ရှောင်တိမ်းမှုကြောင့် နိုင်ငံကိုထိခိုက်စေသလို လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံ့ဝန်ထမ်းများကိုလည်း အကျင့်ပျက်စေသည်။ တရားမဝင်ကုန်သွယ်မှုသည် လက်နက်မှောင်ခိုမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတို့ကဲ့သို့ပင် အမြစ်ပြတ်သည်အထိ တိုက်ဖျက်အပ်သည်ပင်ဖြစ်သည်။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကို တားဆီးထိန်းချုပ်ပေးရန် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်က ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများရပ်တည်ရှင်သန်နိုင်ရေးအတွက် အချက်ပေးခေါင်းလောင်းသံသဖွယ်ပင်ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းခဲ့ပြီး မဟာဗျူဟာရေးဆွဲဆောင်ရွက်မှုများ သွက်လက်ထက်မြက်သည်နှင့်အမျှ တရားမဝင်ကုန်သွယ်မှုများ ပပျောက်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးမှု အားကောင်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( တောင်ငူမြို့ )

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ခပေါင်းခန်းမ၊ တောင်ငူမြို့။


# ဒုတိယဝန်ကြီး ဦးစိုးအောင် ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိနှစ် (၂၀၀၀) နှစ်ခြင်းတိုက်ပွဲရှောင်စခန်း၌ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။

### မေးမြန်းဆွေးနွေး

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မူလနေရပ်ကျေးရွာများသို့ ဂုဏ်သိက္ခာရှိရှိ လုံခြုံစွာဖြင့် ပြန်လည်အခြေချ နေထိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှုများ၊ လတ်တလောဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ရေတို/ရေရှည် စီမံချက်ချမှတ် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လိုအပ်ချက်များနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဗန်းမော်မြို့နယ်အတွင်းရှိ လီဆူ၊ နှစ်(၂၀၀၀)၊ ရောဘတ်၊ ထွယ်ဆန်၊ နှစ်ခြင်း (မူရင်း) နှင့် ဖန်ခါးကုန်း တိုက်ပွဲရှောင်စခန်းများရှိ အိမ်ထောင်စု ၁၁၇၂ စုမှ လူဦးရေ ၆၇၅၈ ဦးအတွက် ရိက္ခာဖိုးငွေကျပ် ၆၀၈၂၂၀၀ ၊ မွေးကင်းစကလေးငယ် ၃၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၂၀၀၀၀ ကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စခန်းတာဝန်ခံများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုးမောက်မြို့ RC Camp ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး စခန်းအတွင်းနေထိုင်မှုနှင့် လိုအပ်ချက်များ၊ မိမိတို့၏ဆန္ဒနှင့်အညီ ဂုဏ်သိက္ခာရှိစွာဖြင့် မူလနေရပ်များသို့ ပြန်လည်အခြေချ နေထိုင်ရေးများကို ညှိနှိုင်းဆွေးနွေးပြီး RC ၊ နှစ်ခြင်းနှင့် မန္တလေးကျောင်းတို့ရှိ တိုက်ပွဲရှောင်ပြည်သူ အိမ်ထောင်စု ၆၆၇ စု၊ လူဦးရေ ၃၂၂၇ ဦးအတွက် ငွေကျပ် ၂၉၀၄၃၀၀ ၊ မွေးကင်းစကလေးငယ် ၁၆ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ကိုးဦးနှင့် သက်ကြီးဘိုးဘွား ၁၁ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၀၈၀၀၀၀ ကို စခန်းတာဝန်ခံများထံ ပေးအပ်သည်။

### ဆောင်ရွက်ပေးသွားမည်

မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ**(အောက်ပုံ)** ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်မည့် ဦးစားပေးနေရာများ ရွေးချယ်၍ ပြောင်းရွှေ့ပေးရေးသည် ပထမဦးစားပေး ဖြစ်ပါကြောင်း၊ အခြေခံ လိုအပ်ချက်များဖြစ်သည့် နေအိမ်များ ဆောက်လုပ်ပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မိုင်းရှင်းလင်းရေး၊ လယ်ယာမြေများ ပြန်လည်ဖော်ထုတ် ပေးရေးနှင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်ရေးအတွက် ၎င်းတို့၏ဆန္ဒကို သိရှိနိုင်ရန်အတွက် နေရပ်ပြန်ပြီးသူများ၏ ကျေးရွာများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများကို တွေ့ဆုံခဲ့ကြောင်း၊ ၎င်းတို့၏ တင်ပြချက်အရ လုံခြုံရေး၊ နေအိမ်ဆောက်လုပ်ပေးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး စသည်တို့ကို ဆက်လက်ကူညီ ပံ့ပိုးသွားမည့်အပြင် UN/INGO ၊ Red Cross Movement တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



### ပြန်လည်ရှင်းလင်း

ထို့နောက် ကချင်တိုက်ပွဲရှောင်များ နေရပ်ပြန်ရေးကူညီဆောင်ရွက်ပေးနိုင်ရန် ကချင်ဘာသာရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော Kachin Humanitarian Concern Committee(KHCC)မှ ဖာသာရ် နောဇနော်လတ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ UNOCHA၊ UNHCR နှင့် ICRC တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်ကြီးမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ နမ့်စန်မြို့တွင် ၀ ဒသမ ၇၀ လက်မ၊ ပျဉ်းမနား(ဝဲကြီး)တွင် ၀ ဒသမ ၆၃ လက်မ၊ ကျောက်မဲမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်း

(တိုကျိုမြို့၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်-**

မိမိအနေနဲ့ ယခုလို ဂျပန်နိုင်ငံမှာ ဧည့်သည်တော်များကို ပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်၊ ယခုလို အခွင့်ကြုံခိုက်မှာ ဂျပန်အစိုးရနဲ့ ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့(JETRO)ကို ဒီလို အရေးပါတဲ့ အစီအစဉ်တစ်ရပ်ကို စီစဉ်ကျင်းပပေးတဲ့အတွက် မိမိအနေနဲ့ လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခုခန်းမကြီးမှာ ရင်းနှီးမြှုပ်နှံသူများနဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများ၊ ပညာရှင်များ တက်ရောက်လျက်ရှိပြီး၊ အဆွေတော်တို့ဟာ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို သေချာခိုင်မာစေရေးဆိုတဲ့ တူညီတဲ့ရည်မှန်းချက်တစ်ခုရှိကြကာ၊ သင့်တင့်ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေတစ်ခု တည်ဆောက်ဖန်တီးပြီး၊ မိမိတို့ မြန်မာနိုင်ငံကို သာယာဝပြောပြီး၊ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရေး ကူညီဖို့ ယခုလိုခန်းမကြီးအပြည့် တက်ရောက်အားပေးကြတာကို တွေ့ရပါတယ်။

ဒီအခမ်းအနားကိုဧည့်သည်တော်များအနေနဲ့ ယနေ့ တက်ရောက်အားပေးတဲ့အတွက် လည်းကောင်း၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေမှုအတွက်လည်းကောင်း ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ သင့်တင့်ကောင်းမွန်ပြီး အထောက်အကူဖြစ်စေမယ့် ရင်းနှီးမြှုပ်နှံမှုကို အားပေးတဲ့ အခြေအနေကောင်းတစ်ရပ် ဖန်တီးရေးဆိုတဲ့ မိမိတို့ရဲ့ခိုင်မာတဲ့သန္နိဋ္ဌာန်ကိုလည်း ထပ်လောင်းအတည်ပြုအပ်ပါတယ်။ ဒီအခြေအနေကောင်းဟာ ဧည့်သည်တော်များအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ပိုမိုပွင့်လင်းလာစေမှာဖြစ်ပါတယ်။

မိမိတို့နိုင်ငံတော်ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် စိန်ခေါ်မှုကာလတစ်ခုကို ဖြတ်သန်းနိုင်ရတဲ့အချိန်မှာ မိမိတို့ရဲ့ ဂျပန်မိတ်ဆွေများဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကတည်းက မြန်မာနိုင်ငံကို ကူညီထောက်ပံ့ပေးလာခဲ့ပြီး၊ ယနေ့ထက်တိုင်လည်း ကူညီပေးနေဆဲဖြစ်ပါတယ်။

**လေးစားအပ်ပါသောဧည့်သည်တော်များရှင့်-**

မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါတွင် အထီးကျန်နေထိုင်ခဲ့မှုမှ စီးပွားရေးတံခါးဖွင့် မူဝါဒကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့် ပိုမိုထိတွေ့ပြီး တာဝန်သိနိုင်ငံတကာမိသားစုဝင်တစ်ဦး ဖြစ်လာစေရန် ကြိုးစားလျက်ရှိပါကြောင်း၊ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို မျှတစွာထိန်းညှိနိုင်ရန် ကြိုးပမ်းလျက်ရှိပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်က မကြာသေးမီကထုတ်ပြန်ခဲ့တဲ့ အချက်အလက်များအရ မြန်မာနိုင်ငံရဲ့တိုးတက်မှုနှုန်းကို ၂၀၁၉ ခုနှစ်မှာ အနေအထားကောင်းမွန်တဲ့ ၆.၈ ရာခိုင်နှုန်းအဖြစ် ဆက်လက်ထိန်းထားနိုင်မယ်လို့ ခန့်မှန်းထားပြီး၊ အာဆီယံဒေသမှာ တတိယမြောက် စီးပွားရေးအမြန်ဆုံး တိုးတက်နေတဲ့နိုင်ငံဖြစ်စေလာမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာတော့ ဒေသတွင်းမှာ အတိုးတက်ဆုံးစီးပွားရေးနိုင်ငံဖြစ်မှာဖြစ်ပါတယ်။ (နောင်နှစ်မှာ အာဆီယံဒေသအတွက် ပျမ်းမျှတိုးတက်နှုန်းဟာ ၄.၆ ရာခိုင်နှုန်းမျှသာ ဖြစ်မယ်လို့ ခန့်မှန်းထားကြပါတယ်။)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

ခိုင်မာရှည်ကြာတဲ့ တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ မကြုံစဖူး ထူးကဲတဲ့ ဖွဲ့စည်းမှုအပြောင်းအလဲတစ်ခု ဖြစ်စေနိုင်ပါတယ်။ အရေးကြီးတဲ့အချက်ကတော့ ကမ္ဘာ့စီးပွားရေးဗဟိုဆွဲငင်အားဟာ တိုးတက်လာတဲ့ အာရှဒေသဘက်ကို ပြန်လည်ယိမ်းလာတဲ့အချိန်မှာ ဒီဖွဲ့စည်းမှုအပြောင်းအလဲဖြစ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုရဲ့ ၅၀ ရာခိုင်နှုန်းနီးပါးဟာ ယနေ့ အာရှဒေသမှာရှိနေပြီး၊ အာရှဒေသဟာ ၂၀၄၀ ပြည့်နှစ်မှာ ကမ္ဘာ့ဂျီဒီပီရဲ့ ၅၀ ရာခိုင်နှုန်းထက် ကျော်သွားမယ်လို့ မျှော်မှန်းထားပါတယ်။

ကမ္ဘာ့ပထဝီနိုင်ငံရေးမှာ ကြီးမားတဲ့ပြောင်းလဲမှုတွေရဲ့သက်ရောက်မှုကို တိုးမြင့်လာနေတဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေးတင်းမာမှုပုံစံတွေအဖြစ် အချို့နေရာဒေသတွေမှာ မြင်တွေ့နေရပြီး၊ အဲဒီတင်းမာမှုတွေကို ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများတွေမှာ ကြုံတွေ့နေရပြီဖြစ်ပါတယ်။ အမှန်တကယ်လည်း မြန်မာနိုင်ငံအနေနဲ့လည်း ဒီကမ္ဘာ့ဖြစ်စဉ်ရဲ့ သက်ရောက်မှုတွေကနေ မည်သည့်နည်းလမ်းနဲ့မှ မလွတ်ကင်းနိုင်ပါဘူး၊ ဒါပေမယ့် မိမိတို့အနေနဲ့ ဒီလိုကြမ်းတမ်းတဲ့အခြေအနေကို ခံနိုင်ရည်ရှိအောင် စီမံကြိုးစားနိုင်ခဲ့ပါတယ်။

မိမိတို့နိုင်ငံရဲ့စီးပွားရေးကို ဆက်လက်ဖွင့်ထားတဲ့အားလျော်စွာ ကမ္ဘာ့အသိုက်အဝန်းမှာလည်း ပိုမိုပေါင်းစည်းဝင်ဆန့်နိုင်ရေး ကြိုးပမ်းလျက်ရှိနေရာမှာ ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းဆက်နွှယ်မှုဖြစ်စဉ်သည်ပင်လျှင် စိန်ခေါ်မှုတွေ ကြုံတွေ့နေရပါတယ်။ အလားတူပဲ မြောက်မြားစွာသော သမိုင်းအမွေဆိုးအဖြစ် ကျန်ရှိသည့်ပြဿနာများနဲ့ နှစ်ပေါင်း(၅၀)ကျော် မဖြေရှင်းနိုင်ဘဲ စုပုံနေတဲ့ အတိတ်က ခါးသီးတဲ့ဒဏ်ရာများနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ စီမံကိန်းရေးဆွဲသူများနဲ့ မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုဟာ တည်ငြိမ်အေးချမ်းမှုရဲ့အရေးပါမှုကို မျက်ခြည်ပြတ်မခံဘဲ၊ ယခုလို အရှိန်အဟုန်နဲ့ပြောင်းလဲနေတဲ့ကာလနဲ့ အလွန်တရာကောင်းမွန်တဲ့အခွင့်အလမ်းဆိုတဲ့ အားသာချက်တွေကို အပြည့်အဝရယူအသုံးချသွားနိုင်ဖို့ ဖြစ်ပါတယ်။

မိမိတို့ မြန်မာတွေဟာ ဒီလိုတာဝန်သိပြီး၊ ရေရှည်တည်တံ့မယ့် အရည်အသွေးပြည့်ဝတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အခန်းကဏ္ဍတစ်ခုကနေ ပါဝင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် ဒီလိုဆွေးနွေးပွဲတွေကို မိမိအနေနဲ့ တန်ဖိုးထားရခြင်းဖြစ်ပါတယ်။ မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအလားအလာကောင်းတွေကို အရင်းအနှီးပြုပြီး အခွင့်အလမ်းတစ်ခုအဖြစ် ယခုတက်ရောက်လာသူတွေကိုကမ်းလှမ်းလိုပါတယ်။ တစ်ချိန်တည်းမှာပဲ၊ ပြုပြင်ပြောင်းလဲရေး၊ ရည်မှန်းချက်နဲ့ နိုင်ငံရေးဆန္ဒတို့ကို မျှတမှန်ကန်စွာဖော်ဆောင်သွားနိုင်မယ်ဆိုရင် အလားအလာသစ်တွေရဲ့သော့ချက်ကို ဖွင့်လှစ်သွားနိုင်မယ့် အခွင့်အလမ်းတွေ ရရှိမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်-**

မြန်မာနိုင်ငံအနေဖြင့် ယခုအခါ ပိုမိုကျယ်ပြန့်သော၊ မျှတမှုရှိသော၊ တာဝန်သိသော ရေရှည်ဖွံ့ဖြိုးတိုးတက်သော၊ အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ကျင့်သုံးလျက်ရှိပါတယ်။ ဒီလိုကြိုးပမ်းမှုတွေကိုထိန်းကျောင်းပေးနိုင်ရန်အတွက် မိမိတို့အနေနဲ့ "မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို ယမန်နှစ်က စတင်ဖော်ဆောင်ခဲ့ပါတယ်။ ဒီစီမံကိန်းတွေဟာဆိုရင် လာမယ့်ဆယ်စုနှစ်များမှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုပံ့ဖော်ပေးမယ့် အရေးပါတဲ့ အခြေခံအုတ်မြစ်များ ဖြစ်လာမှာဖြစ်ပါတယ်။

မိမိတို့အနေနဲ့ ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းစဉ်များ မြှင့်တင်နိုင်ရေးနှင့်အုပ်ချုပ်မှုကောင်းစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် အဆိုပါဖွံ့ဖြိုးတိုးတက် မှုစီမံကိန်းနဲ့အညီ ရည်မှန်းချက်မြင့်မားပြီး အလုံးစုံနဲ့ အားလုံးပါဝင်တဲ့ မူဝါဒများနဲ့ နည်းဥပဒေတွေကို တစ်ခုချင်းစီ သေချာစွာရေးဆွဲချမှတ်ခဲ့ပါတယ်။ ဒ့ါပြင် ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်မြှင့် အကောင်အထည်ဖော်နိုင်ဖို့နဲ့ အကျပ်အတည်းတွေကို ဖယ်ရှားဖို့အတွက် လုပ်ထုံးလုပ်နည်းတွေကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် အဓိကစီးပွားရေးကဏ္ဍများအတွက် ဗဟာဗျူဟာကျတဲ့ ဖြေလျှော့မှုများကို တက်ကြွစွာပြုလုပ်လျက်ရှိပါတယ်။ ဥပမာ - မကြာသေးမီက ဖြေလျှော့ပေးခဲ့တဲ့ အာမခံလုပ်ငန်းကဏ္ဍမှာဆိုရင် ၁၀၀ ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားပိုင် အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံမှာ လုပ်ငန်းလည်ပတ်ခွင့်ပြုပေးခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ Dai-ichi Life ဟာဆိုရင် ပထမဆုံးသော အာမခံကုမ္ပဏီများအနက်မှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။

မိမိတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အဟန့်အတားဖြစ်စေသော လုပ်ထုံးလုပ်နည်းတွေကို ဖယ်ရှားခြင်း၊ အင်တာနက်မှတစ်ဆင့် စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ငွေကြေးကဏ္ဍကို ဦးစားပေးတဲ့ ဝန်ကြီးဌာနအသစ်တစ်ခုကို ဖွဲ့စည်းခဲ့ခြင်းနဲ့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းသစ်တစ်ရပ်ကို ထုတ်ပြန်ခဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

မိမိတို့ရဲ့ ဘဏ်လုပ်ငန်းဆိုင်ရာကဏ္ဍမှာ လက်ရှိမြန်မာနိုင်ငံအတွင်း လုပ်ငန်းလည်ပတ်နေသော ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားပိုင် နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုအပြင် ဘဏ်ခွဲများ(သို့မဟုတ်) လက်အောက်ခံဘဏ်ခွဲများကို ပိုမိုဝင်ရောက်လာရေးအတွက် ခွင့်ပြုသွားရန်ရှိပါတယ်။

အခြားသော နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင်ခန့်မှန်းတွက်ဆနိုင်ပြီး ယှဉ်ပြိုင်မှုရှိသော စီမံကိန်းများရွေးချယ်သတ်မှတ်သည့် စီမံကိန်းဘဏ် တည်ထောင်ခဲ့ခြင်းသာမက နိုင်ငံပိုင်မြေများ၊ ပိုင်ဆိုင်မှုများ ငှားရမ်းခြင်းလုပ်ငန်းများတွင် အီလက်ထရွန်နစ်နည်းပညာသုံးစနစ်များဖြင့် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်မည့် နိုင်ငံပိုင်မြေများ၊ ပိုင်ဆိုင်မှုများဘဏ် တည်ထောင်ခဲ့ခြင်းတို့လည်း ပါဝင်ပါတယ်။ ယခုကဲ့သို့ ရည်မှန်းချက်ကြီးသော စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်အပေါ် အလွန်ကြီးမားတဲ့ အပြုသဘော ဆောင်သည့် အပြောင်းအလဲတွေကို ဖော်ဆောင်ပေးသွားနိုင်မည်မှာသေချာပါတယ်။

**လေးစားအပ်ပါသောဧည့်သည်တော်များရှင့်-**

မိမိတို့ရင်းနှီးမြှုပ်နှံသူများရဲ့ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီသွားရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးအပ်သောဌာန (One-Stop-service centre) ကို ရင်းနှီးမြှုပ်နှံသူများ လိုအပ်သောခွင့်ပြုမိန့်နှင့် လိုင်စင်များအား လျှောက်ထားရာတွင် အခြားသောအစိုးရဌာနများသို့ ထပ်မံသွားရောက်ရန် မလိုအပ်သော ပြတင်းတစ်ပေါက်စနစ် (Single Window System) သို့ ပြောင်းလဲကျင့်သုံးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

*စာမျက်နှာ ၅ သို့*

- ❐ မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အခါတွင် အထီးကျန်နေထိုင်ခဲ့မှုမှ စီးပွားရေးတံခါးဖွင့်မူဝါဒကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့၊ ထို့အပြင် နိုင်ငံတကာနှင့် ပိုမိုထိတွေ့ပြီး တာဝန်သိ နိုင်ငံတကာမိသားစုဝင်တစ်ဦး ဖြစ်လာစေရန် ကြိုးစားလျက်ရှိ၊ ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို မျှတစွာ ထိန်းညှိနိုင်ရန် ကြိုးပမ်းလျက်ရှိ
- ❐ ဂျပန်နိုင်ငံမှ မော်တော်ကား ကုမ္ပဏီ တိုယိုတာဟာ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ယန်း ဘီလီယံတန်ဖိုးရှိတဲ့ မော်တော်ကားတပ်ဆင်ထုတ်လုပ်မယ့် စက်ရုံတည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန် မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့၊ ဒီရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အခြားသော ဆက်စပ် စက်မှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပေါ်ထွန်းလာစေမှာဖြစ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်း ပြောကြားစဉ်။

သတင်းစဉ်

# JETRO သည် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိ

◆ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပါဝင်သည့်အားသာချက်များနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ JETRO မှ မန်နေဂျင်းဒါရိုက်တာ Mr. Kazufumi Tanaka က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိကြသော ဂျပန်စီးပွားရေးကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် “မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင်အပေါ် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိကြသော ဂျပန်ကုမ္ပဏီများ၏အမြင်” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသည်။

**မြန်မာ-ဂျပန် စီးပွားရေးဆွေးနွေး**

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသော ဂျပန်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် JETRO မှ မန်နေဂျင်း ဒါရိုက်တာတို့က မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**၇၀၀ ကျော် တက်ရောက်**

အဆိုပါ ဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲတွင် တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ကြသည်။

JETRO သည် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ရှိ မြန်မာသံရုံးသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်သူ ဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကား ပြောကြားသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာသံရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) ဥက္ကဋ္ဌ Mr. Kazushige Nobutani အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ သံရုံးမိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကား ပြောကြားစဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဤကဲ့သို့ ထိရောက်တဲ့နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့လို့ သီလဝါအထူးစီးပွားရေးဇုန်မှာ အကျိုးရလဒ်ရရှိလျက်ရှိရာ သင့်လျော်တဲ့ အချိန်ကာလမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)နဲ့ အခြားစီးပွားရေးဇုန်တွေမှာ အလားတူနည်းလမ်းများကို စတင်ကျင့်သုံးတဲ့အခါမှာလည်း အောင်မြင်မှုများ ဆက်လက်ရရှိနိုင်မယ်လို့ ယုံကြည်ထားပါတယ်။

လက်ရှိ ဂျပန်ကုမ္ပဏီအများအပြားနဲ့ ရန်ကုန်မြို့ရဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကုမ္ပဏီများကို အထူးဆွဲဆောင်လျက်ရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်မှာ အသုံးပြုလျက်ရှိတဲ့ ပြတင်းတစ်ပေါက်စနစ် (Single Window System)ကို ဂျပန်ရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁.၈၆ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပါတယ်။ ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီ တိုယိုတာဟာ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ယန်းဘီလီယံတန်ဖိုးရှိတဲ့ မော်တော်ကားတပ်ဆင်ထုတ်လုပ်မယ့် စက်ရုံတည်ဆောက်ဖို့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားရန် မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အခြားသော ဆက်စပ်စက်မှုလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပေါ်ထွန်းလာစေမှာဖြစ်ပါတယ်။

တိုယိုတာ၊ ဆူဇူကီး၊ Yakult နဲ့ အခြားနာမည်ကြီး ဂျပန်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်လျက်ရှိတာကို ကြည့်မယ်ဆိုရင် ဂျပန်ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံနဲ့ သီလဝါမှာ မိမိတို့ရဲ့ လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုရှိတာကို ပြသနေပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မြန်မာနိုင်ငံအနေနဲ့ ပွင့်လင်းမှုမရှိသော ယှဉ်ပြိုင်မှုမရှိသည့် ပုဂ္ဂိုလ်ရေးပတ်သက်ဆက်နွှယ်မှုများကို အခြေခံတဲ့ စီးပွားရေးပုံစံကနေ ပိုမိုပွင့်လင်းမြင်သာ၊ ယှဉ်ပြိုင်မှုနဲ့ စည်းမျဉ်းဥပဒေများကို အခြေခံတဲ့ စီးပွားရေးပုံစံသို့ အသွင်ကူးပြောင်းနေပြီဖြစ်ပါတယ်။ အဆိုပါ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ဟာမလွယ်ကူပေမယ့် မိမိတို့အနေနဲ့ အောင်မြင်မှုရရှိလိုပါက အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်ပါတယ်။

မြန်မာအစိုးရအနေနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို ကြိုဆိုလျက်ရှိပြီး အဲဒီ အသွင်ကူးပြောင်းမှုတွေမှာ အတူတကွလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မိမိအနေနဲ့ အဆွေတော်တို့ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆိုဖိတ်ခေါ်အပ်ပါတယ်။ အဲလို လာရောက်တဲ့အခါမှာလည်း အဆွေတော်အနေနဲ့ တစ်ယောက်တည်းမဟုတ်ပါဘူး၊ အဆွေတော်တို့ လိုအပ်တဲ့ အကူအညီများကို ပံ့ပိုးထောက်ပံ့ပေးနိုင်တဲ့ စွမ်းရည်ရှိတဲ့ လုပ်ငန်းမိတ်ဖက်များတွေနဲ့ မိတ်ဆွေများ၊ အဆွေတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်တဲ့အခါမှာ လိုအပ်တဲ့ မည်သည့်အကူအညီများကိုမဆို ပေးအပ်သွားနိုင်တဲ့သူတွေရှိနေမယ်ဆိုတာ သေချာပါတယ်။

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်–**

မကြာသေးမီကာလတွေက တိုးတက်မှုတွေရရှိနေသော်လည်း မိမိတို့ ကျော်ဖြတ်နိုင်မယ့်၊ ကျော်လွှားရမယ့် စိန်ခေါ်မှုများလည်း ရှိနေသေးဆဲဆိုတာကိုလည်း သိရှိထားပါတယ်။ အဲလို ကျော်လွှားနိုင်ဖို့အတွက် တာဝန်ယူမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

မိမိတို့အနေနဲ့ အလုပ်အကိုင်ဖန်တီးပေးနိုင်တဲ့၊ အခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်မယ့်၊ တိုးတက်မှုတွေကို ဆက်လက်တည်တံ့စေနိုင်မယ့် အားလုံးအတွက် ကြွယ်ဝချမ်းသာမှုကို ဖြန့်ဝေခံစားပေးစေနိုင်မယ့် တာဝန်သိသောရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလျက်ရှိပါတယ်။ မိမိတို့အနေနဲ့ အဆွေတော်တို့ရဲ့ ယုံကြည်မှုအပြည့်နဲ့ စိတ်အားထက်သန်စွာ ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုပါတယ်။

မိမိတို့အတွက် ငြိမ်းချမ်းသာယာဝပြောမှုကိုရှေးရှုတဲ့ လမ်းကြောင်းပေါ်ကို လျှောက်လှမ်းနေတဲ့အချိန်မှာ ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့အနှံ့က မိတ်ဆွေများရဲ့ နားလည်မှုနဲ့ ထောက်ခံအားပေးမှုတွေကို ဆက်လက် ရရှိသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မိမိတို့ရဲ့ လှပတဲ့အနာဂတ်မှာ အဆွေတော်တို့အနေနဲ့ တစ်ထောင့်တစ်နေရာက ပါဝင်သွားဖို့ ဖိတ်ခေါ်အပ်ပါတယ်။

အဆွေတော်တို့ ကျန်းမာပျော်ရွှင်ပါစေကြောင်းနဲ့ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျေးဇူးအထူးတင်ရှိပါတယ်။ ။

◆ *ကျောဖုံးမှ*

ရင်းနှီး မြှုပ်နှံမှုနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲများသို့ ဒုတိယသမ္မတနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံသမ္မတ၊ ဒုတိယသမ္မတတို့နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မာရုဖ် အာမင်နှင့် တွေ့ဆုံစဉ်။

သတင်းစဉ်



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုပွဲ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အင်ဒို နီးရှားနိုင်ငံ ဂျကာတာမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အင်ဒိုနီးရှားနိုင်ငံ နိုင်ငံရေး၊ ဥပဒေရေးရာနှင့်လုံခြုံရေးဝန်ကြီး၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. TeukFaizasyahနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်နှင့်ဇနီး၊ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ် ဖြိုးဇော်စိုးနှင့်ဇနီး၊ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ဆိုကာ နိုဟတ္တ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာအီဇာဖာဒရီနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

## မြန်မာတိုင်းရင်းဆေးကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံ Ministry of Ayush မှ ကြီးမှူး၍ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ နယူးဒေလီမြို့၌ ကျင်းပမည့် Mekong–Ganga Cooperation Workshop on Traditional and Complimentary Medicine နှင့် Ayurveda Day သို့ တက်ရောက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမိုးဆွေ၊ တိုင်းရင်းဆေးပညာရပ် အကြံပေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးမိတ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မန္တလေး တိုင်းရင်းဆေးဝါးစက်ရုံမှ ဦးစီးအရာရှိ ဒေါ်တင်နန်းနွယ်၊ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် လက်ထောက်ကထိက(အကြော၊ အရိုး၊ အဆစ်)မှ ဒေါ်ဝင်းသိင်္ဂီတို့ပါဝင်သော မြန်မာတိုင်းရင်းဆေး ကိုယ်စားလှယ် ငါးဦးတို့သည် ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယလေကြောင်းလိုင်းဖြင့် နယူးဒေလီမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**အောင်ငြေး**



# အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇ /၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် အိမ်ရာ အဆောက်အဦကဏ္ဍ၊ ပညာရေးဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၈၈ သန်းနှင့် ငွေကျပ် ၁၅၆၉၃၀ ဒသမ ၀၁ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၂၇၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်စက်တင်ဘာလကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၈၃၇ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၈၇၄ ဒသမ ၂၆၅ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၃၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၈၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၇ /၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၁**

သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့ သင်တန်းတွင် ပို့ချမည့် သုတေသနလုပ်ပုံလုပ်နည်း(Research Methodology)၊ ပြည်သူ့ဆက်ဆံရေး (Public Relations) နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု (Information Management) ဆိုသည့် ဘာသာရပ်များသည် ခေတ်ကာလတိုင်းတွင် အရေးပါခဲ့ပြီး ဝန်ကြီးဌာနဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းဖြစ်စေ၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ အားလုံးအတွက် များစွာအသုံးဝင်ပါကြောင်း။

ယခုခေတ်တွင် နည်းပညာအရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာမှုသည် အရာရာကို များစွာသက်ရောက်မှုများ ရှိလာပါကြောင်း၊ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှု အရေအတွက်သည် နိုင်ငံလူဦးရေထက်ပင် များပြားပါကြောင်း၊ နည်းပညာတိုးတက်လာမှုကြောင့် ပြည်သူအများစုမှာ မိုဘိုင်းဖုန်းအသုံးပြု၍ သတင်းအချက် အလက်ရယူသုံးစွဲသည့် ပုံစံသို့ ပြောင်းလဲလာပါကြောင်း၊ သမားရိုးကျမီဒီယာများ၏ အခန်းကဏ္ဍ အားနည်းလာပါကြောင်း၊ ထို့အတူ အွန်လိုင်းစာကြည့်တိုက် အသုံးပြုမှုများပြားလာပြီး စာကြည့်တိုက်သို့ သွားရောက် အချက်အလက် ရယူမှုလည်း အားနည်းလာပါကြောင်း။

ယနေ့ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို နိုင်ငံ့ဝန်ထမ်းများအတွက် ပြောင်းလဲနေသည့် အချိန်အခါ၊ အခြေအနေ၊ နည်းပညာများနှင့် သဟဇာတဖြစ်အောင် ပြင်ဆင်ထားရှိပါကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြစေလိုပါကြောင်း၊ ထို့အတူ သင်တန်းမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကိုလည်း ဌာနအတွက်၊ နိုင်ငံအတွက် ထိထိရောက်ရောက် အသုံးချစေလိုသည့်အပြင် သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ထပ်ဆင့်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် Konrad Adenauer Stiftung (KAS) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Thomas Knirsch က ပြည်သူ့ဝန်ဆောင်မှုနှင့် ပြည်သူ့ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးစနစ်တွင်မဆို အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ကြပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ မျက်မှောက် အကူးအပြောင်းဖြစ်စဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းစဉ်အကြောင်းအရာ အားလုံးသည် လက်ရှိဖြစ်ပေါ်နေသော ပြည်သူ့ဝန်ဆောင်မှုပိုင်းဆိုင်ရာ အသွင်ကူးပြောင်းရေးနှင့် ကိုက်ညီလျက်ရှိပါကြောင်း ၊ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးပွားစေရေးကို အားပေးမြှင့်တင်နိုင်စေရန်၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အထောက်အပံ့ပြုခွင့်ရသည်ကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ PANNA INSTITUTE မှ ပညာရပ်ဆိုင်ရာ အကြံပေး ဒေါက်တာတင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဒုတိယအကြိမ် သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ် သင်တန်းကို အောက်တိုဘာ ၂၅ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်း ၅၀ တက်ရောက်ကြသည်။

ပထမအကြိမ် သုတေသန နည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ် သင်တန်းကို ဇွန်လတွင် ဖွင့်လှစ်ခဲ့ပြီး တတိယအကြိမ် သင်တန်းကို လာမည့် ဒီဇင်ဘာလတွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# JICA (ODA) SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ အတွက် စီမံကိန်းပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံရှိ SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော JICA (ODA)SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ တွင် ထပ်မံပါဝင်လာသည့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ (PFIs) နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား စီမံကိန်းပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို အောက်တိုဘာ ၈ ရက်က နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများနှင့် စီမံကိန်းတွင် ထပ်မံပါဝင်လာသော ဘဏ်များဖြစ်သည့် မြန်မာအရှေ့တိုင်းဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်စည်ပင်ဘဏ်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ပြီး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

JICA (ODA) SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်-၂ သည် ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံရှိ SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ရှည်ချေးငွေပံ့ပိုးပေးသော စီမံကိန်းဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်က Executing Agency အဖြစ် တာဝန်ယူဆောင်ရွက်ကာ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ယူနိုက်တက်အမရာဘဏ်တို့အပြင် ယခု မြန်မာအရှေ့တိုင်းဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်စည်ပင်ဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်တို့က ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများအဖြစ် ပါဝင်၍ SME လုပ်ငန်းများသို့ နှစ်လတ်ချေးငွေများ ထုတ်ချေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၉ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**
**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)**
**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရှုဒူးဇွပ်ကျေးရွာနေ ဝင်းရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ရှုဒူးဇွပ်ကျေးရွာနေ ဝင်းရွှေ (ခ) ဝင်းဆွေ (၅၃)နှစ်၊ (ဘ)ဦးသူတော်လေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တနိုင်းမြို့နယ်၊ တိမ်ကောက်ကျေးရွာနေ သော်တာ(၃၈)နှစ်၊ (ဘ) ဦးညီညီထွန်းတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကာမိုင်း) မယ(ပ)၁၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ နေအိမ်ခြံဝန်းအတွင်း ဆောက်လုပ်ထားသည့် မြေစိုက်နေအိမ်အား ထပ်မံရှာဖွေရာ အိမ်ငှားနေထိုင်သည့် မထု(ခ) ပေါက်ဆားထု (၄၂)နှစ်၊ (ဘ) ဦးပေါက်ဆားယော်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကာမိုင်း) မယ(ပ)၁၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဂရန်းယန်ကျေးရွာနေ ဒေါ်ခေါင်ညွယ် (ခ) နန္ဒာလှိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၉ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ မဂရန်းယန်ကျေးရွာနေ ဒေါ်ခေါင်ညွယ် (ခ) နန္ဒာလှိုင် (၅၂)နှစ်၊ (ဘ) ဦးလွမ်းခေါင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆဒုံး)မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ ဒေါ်သီသီခိုင်၊ ဒေါ်ကျင်မြနှင့် ဒေါ်အေးစ တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာနေ ဒေါ်သီသီခိုင်(၃၇)နှစ်၊ (ဘ) ဦးကျော်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ)၁၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ ဒေါ်ကျင်မြ (၃၂)နှစ်၊ (ဘ) ဦးသောင်းအေး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ခင်ပွန်းဖြစ်သူ တင့်လွင်(၅၁)နှစ်၊ (ဘ)ဦးအေးကိုအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၂၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ ဒေါ်အေးစ(၅၂)နှစ်၊ (ဘ) ဦးကြွား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ မောင်ငွေး(၅၅)နှစ်၊ (ဘ)ဦးအေးဖေတို့ (၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ)၂၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ အင်းကြီးကျေးရွာနေ ဒေါ်ပုချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ အင်းကြီးကျေးရွာနေ ဒေါ်ပုချို(ခ)ဝေဝေ(၄၁)နှစ်၊ (ဘ)ဦးဒင်ဂါ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ချစ်မင်းသူ(၂၂)နှစ်၊ (ဘ)ဦးစီ၊ အောင်ငြိမ်းဦး (၃၅)နှစ်၊ (ဘ)ဦးကျော်ထွန်းတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ(ပ) ၂၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်အင်းလေးကျေးရွာနေ ဖဲအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ တောင်အင်းလေးကျေးရွာနေ ဖဲအောင်(၄၈)နှစ်၊ (ဘ)ဦးထွန်းပေါ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ)၆၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်ပုံကျေးရွာနေ အုန်းလှသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ တောင်ပုံကျေးရွာနေ အုန်းလှ(၅၀)နှစ်၊ (ဘ)ဦးအောင်ရွှင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကန့်ဘလူမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာနေ ဗိုလ်ဟိန်း(ခ)ဖိုးဆာ(၂၉)နှစ်၊ (ဘ) ဦးစက်အောင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း) မယ(ပ)၆၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ပါဝယ်ကျေးရွာနေ မအဲခိုင်နှင့် မသန်းငွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၀-၂၀၁၉ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ပါဝယ်ကျေးရွာနေ မအဲခိုင်(ခ)တင်မိုးခိုင်(၃၅)နှစ်၊ (ဘ) ဦးပွဲမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၁၆၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် လည်းကောင်း၊ အလားတူ ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် ၎င်းကျေးရွာနေ မသန်းငွေး(၄၆)နှစ်၊ (ဘ)ဦးဖိုးထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၄၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာနေ လှိုင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၀-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာလမ်းပေါ်၌ ၎င်းကျေးရွာနေ လှိုင်ဝင်း(၄၂)နှစ်၊ (ဘ) ဦးအောင်တင်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၁၆၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာနေ အိုနီနှင့် မြမောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၁၀-၂၀၁၉ ရက်နေ့တွင် မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာနေ အိုနီ(ခ)မောင်နီ(၃၄)နှစ်၊ (ဘ)ဦးမြင့်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြိတ်)မယ(ပ)၂၀၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မြမောင်(၄၃)နှစ်၊ (ဘ)ဦးမောင်ရှိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြိတ်) မယ(ပ)၂၁၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာနေ ဒေါ်အေးနွဲ့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၁၀-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာနေ ဒေါ်အေးနွဲ့(ခ)အေးအေးနွဲ့(၃၇)နှစ်၊ (ဘ) ဦးအောင်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းစု) မယ(ပ)၃၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ဈေးရပ်ကွက်နေ ဇင်မောင်နှင့် ပေါလေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၉ ရက်နေ့တွင် သုံးဆယ်မြို့၊ ဈေးရပ်ကွက်နေ ဇင်မောင်ဦး (ခ) ဇင်မောင် (၅၅)နှစ်၊ (ဘ)ဦးခင်သောင်းနှင့် ညီဖြစ်သူ ပေါလေး(ခ)ဇင်အောင်ထွေး (၄၉)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုံးဆယ်)မယ(ပ)၂/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉ (က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းအုပ်စု၊ ငါးရံ့အင်းလုပ်ကွက်ဟောင်းအနီးပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းအုပ်စု၊ ငါးရံ့အင်းလုပ်ကွက်ဟောင်းအနီး စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ သာယာကုန်းရပ်နေ ထွန်းလူ(၃၇)နှစ်၊ (ဘ)ဦးခင်လှိုင်အား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကုတ်)မယ (ပ) ၁၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၁၄-၁၀-၂၀၁၉ ရက်နေ့တွင် ၎င်းလုပ်ကွက်ဟောင်းအနီး၌ ပန်တဟိုးကျေးရွာနေ ဗျာလူး(၆၇)နှစ်၊ (ဘ)ဦးအာဟူးအား စိစစ်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကုတ်) မယ(ပ)၁၁၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အခီဝင်းနေ တင်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၁၀-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ တောင်ရိုးတန်းလမ်းပေါ်၌ ရွှေတောင်ရပ်ကွက်၊ အခီဝင်းနေ တင်ကို(၄၅)နှစ်၊ (ဘ)ဦးတင်အောင်နှင့် ကျိုက်ဖနဲရပ်ကွက်နေ မအဲလိဇဘတ်(၂၂)နှစ်၊ (ဘ)ဦးမာတူးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဒိုင်းဝန်ကွင်း) မယ(ပ)၂၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ တင်ကို၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ICE များအား ထပ်မံသိမ်းဆည်းရမိသဖြင့် နမစ(မုပွန်) မယ(ပ)၃၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၉ သို့*

# အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ရာပြည့်အခမ်းအနားနှင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေး

## ILO အခြေခံပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အငယ်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၈ ကို လက်ခံကျင့်သုံးနိုင်ရေး လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့တို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသည်။

### မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ၁၉၁၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် ယခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ပြီဖြစ်ကြောင်း၊ ILO အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ရာပြည့်နှစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ILO ဆောင်ပုဒ် ဖြစ်သည့် **"ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြင့် ရေးနှင့် လူမှုတရားမျှတရေးမြှင့်တင်ဆောင်ရွက်ကြ"** ခေါင်းစဉ်ဖြင့် ဆောင်းပါး ပြိုင်ပွဲကို ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILO ရာပြည့်ကာလကို ဂုဏ်ပြုသည့်အနေဖြင့် ILO အခြေခံပြဋ္ဌာန်းချက်တစ်ခုဖြစ်သည့် အငယ်ဆုံး အသက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၈ ကို လက်ခံကျင့်သုံးနိုင်ရေး လိုအပ် သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် အာဆီယံ ဒေသတွင်း၌ ILO ရာပြည့်နှစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ASEAN အလုပ်သမား ဝန်ကြီးများညီလာခံကို ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပ ခဲ့ပြီး အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခု ရာပြည့်အခမ်းအနားအပြီးတွင် အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်ကိုယ်စားလှယ် များနှင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး Decent Work Country Programme (2018–2021)ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခမ္မ ခိုင်းစေမှုပပျောက်ရေးစီမံချက်များ အလေးထားလုပ်ဆောင်နေမှု၊ အလုပ်သမား ရေးရာဥပဒေများ ပြင်ဆင်ပြောင်းလဲမှုတို့ကို ဆွေးနွေးသွားမည်ဖြစ်၍ ရာပြည့် ကာလအဖြစ် ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ထို့နောက် ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Greg Vines ၊ အလုပ်ရှင် နှင့် အလုပ်သမားကိုယ်စားလှယ်များက အမှာစကားပြောကြားကြပြီး ရာပြည့် အထိမ်းအမှတ် ဗီဒီယိုပြသခြင်း၊ အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ILO ရာပြည့်ကြေညာချက်ကို ရှင်းလင်းတင်ပြခြင်းနှင့် အဖွဲ့လိုက် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများနှင့် အကဲဖြတ်ဒိုင်များကို ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရာပြည့်အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ညှိနှိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှစတင် အကောင်အထည်ဖော်ဆောင်ရွက် နေသည့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ်ကို ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ အစိုးရမှ တာဝန်ယူဆောင်ရွက်နေသည့် အခမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်၊ တိုင်ကြားမှုယန္တရား ထူထောင်ရေး ဆောင်ရွက်နေမှု၊ ကြားကာလယန္တရားဖြင့် တိုင်ကြားမှုများ လက်ခံဖြေရှင်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ရာပြည့်အခမ်းအနားနှင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### အလုပ်သမားရေးရာဥပဒေပြုပြင်ပြောင်းလဲမှု

အဆိုပါ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အလုပ်သမားရေးရာဥပဒေ ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မေတ္တာလမ်းနေ ဒေါ်မဲ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချ နေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၁၀-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံ ရပ်ကွက်၊ မေတ္တာလမ်းမပေါ်၌ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၇) ရပ်ကွက်နေ ဒေါ်နိုးနိုးဝင်း(၄၅)နှစ်၊ (ဘ)ဦးဟန်မောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ(ဒေါပုံ)မယ(ပ)၃၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းလမ်း နေ ဒေါ်မဲ(ခ)ခင်မေဇင်(၆၂)နှစ်၊ (ဘ) ဦးသိန်းမြင့်၏ နေအိမ် အား ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ သမီးဖြစ်သူ မဇာနီလွင် (၃၄)နှစ်၊ (ဘ)ဦးခင်ညိုတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွ ဆေးပြား (၇၆၀)ပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ)မယ(ပ)၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က)/ ၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိ ပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ ရဲရင့်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၁၀-၂၀၁၉ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်း ရပ်ကွက်နေ ရဲရင့်ကျော်(၂၂)နှစ်၊ (ဘ)ဦးအောင်ကျော်ဆန်း ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ နေအိမ် အနောက်ဘက်မှ ခုန်ချထွက်ပြေးသွားပြီး ဇနီးဖြစ်သူ မနှင်းပွင့်လှိုင်(၂၂)နှစ်၊ (ဘ)ဦးမောင်မြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(တာမွေ) မယ(ပ)၃၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိ ပါသည်။ |
| ၁၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ ထွန်းနိုင်သည် မူးယစ် ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၀-၂၀၁၉ ရက်နေ့တွင်တောင်ကြီးမြို့နယ်၊ တောင်နီ ကျေးရွာနေ ထွန်းနိုင်(၃၆)နှစ်၊ (ဘ)ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရွှေညောင်) မယ(ပ) ၆၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံစိန်ရပ်ကွက်နေ ကျော်မင်းသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေ ကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁၀-၂၀၁၉ ရက်နေ့တွင် ဝါးခယ်မမြို့နယ်၊ ကျုံစိန် ရပ်ကွက်နေ ကျော်မင်းသိန်း(၅၅)နှစ်၊ (ဘ)ဦးကျော်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွ ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝါးခယ်မ) မယ(ပ)၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြရတနာ ရပ်ကွက်နေ အကြီးကောင်သည် မူးယစ်ဆေးဝါး များ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၁-၁၀-၂၀၁၉ ရက်နေ့တွင် မြောင်းမြမြို့၊ မြရတနာရပ်ကွက်၊ အေ(၃)လမ်းထိပ်၌ အမှတ် (၃)ရပ်ကွက်၊ အနောက်စံပြ (၃)လမ်းနေ ရဲသူထက် (ခ) ကိုရဲ (၂၂)နှစ်၊ (ဘ) ဦးဝင်းချစ် စီးနင်းလာသည့် ဆိုင်ကယ်အား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး မြရတနာ ရပ်ကွက်၊ အေ(၂)လမ်းနေ အကြီးကောင် (ခ) ဟိန်းမင်းလတ် (ဘ)ဦးမြင့်ဟန်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား မမစ(မြောင်းမြ)မယ (ပ) ၁၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၉-၁၀-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၀၈) မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား (၁၀၅၂)ဦး၊ မ(၂၀၂)ဦး၊ ပေါင်း(၁၂၅၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၇၀၄၈.၉၈၉၄) ဂရမ်၊ ICE (၁၃၄၁.၉၂)ဂရမ်၊ ဘိန်း (၃၉၉၁၄.၁၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၂၇၃၉.၂၇) ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၄၇၀၈၁)ပြား၊ ဆေးခြောက်(၈၃၆၃.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ် ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ "မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန" အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ထာဝရ လှပနေဦးမည့် ချယ်ရီမြေ ဂျပန်

ခင်ရတနာ

**တကယ်တော့ ဆောင်းဦးရာသီ (Autumn)သည် ဂျပန်နိုင်ငံအဖို့ ခြောက်သွေ့အေးမြလျက် သာတောင့်သာယာနှင့် လှပသည့်ရာသီ။ ဒီရာသီမှာ မေပယ်ပင်ကဲ့သို့သော အရွက်ကြွေသည့် အပင်မျိုးတို့၏ သစ်ရွက်များက အနီရောင်၊ အဝါရောင်သို့ပြောင်းလျက် မြို့လမ်း ရွာလမ်းများပေါ်မှာ၊ တောတန်း၊ တောင်တန်းများပေါ်မှာ အနီ၊ အဝါ ပန်းချီစုတ်ချက်များဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားတတ်သည်မို့ ခရီးသွားတို့ တသဲသဲ လာရောက်ပျော်မွေ့ကြသည့် ရာသီလည်းဖြစ်သည်။**

ဂျပန်နိုင်ငံ၏ ရာသီဥတုမှာ နွေဦး (Spring)၊ နွေ (Summer)၊ ဆောင်းဦး (Autumn)၊ ဆောင်း (Winter)ဟူ၍ ဥတုလေးလီရှိသည့်အနက် နွေဦးနှင့် ဆောင်းဦးတို့မှာ မပူလွန်း၊ မအေးလွန်း၊ အစွန်းမရောက်သည့် ရာသီများဖြစ်သည့်အလျောက် သာတောင့်သာယာ ကြည်နူးဖွယ်ရာအခါသမယဟု ဆိုကြသည်။ သို့ရာတွင် နွေအကုန် ဆောင်းဦးရာသီသို့အကူး ဩဂုတ်လနှင့် စက်တင်ဘာလများတွင်မူ တိုင်ဖုန်းမုန်တိုင်းများ ဝင်ရောက်လေ့ရှိသည့်အတွက် တိုင်ဖုန်းရာသီဟူ၍ သတ်မှတ်ထားရပြန်သည်။

ယခုနှစ် ဆောင်းဦးရာသီမှာ မဖိတ်ခေါ်ဘဲရောက်လာသည့် တိုင်ဖုန်းမုန်တိုင်း ဟာဂျီဘစ်က နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း အဆိုးဆုံးဟု ဆိုကြသည်။ မုန်တိုင်းရောက်မလာမီကတည်းက ဂြိုဟ်တုမှပေးပို့သည့်ပုံများအရ ကြီးမားပြင်းထန်မည်ကို ကြိုတင်ခန့်မှန်းခဲ့ကြသလို တိမ်းရှောင်ရန်၊ ခိုလှုံရန်၊ ရင်ဆိုင်ရန်၊ ကယ်ဆယ်ရန် စသည်ဖြင့် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ခဲ့ကြသည့် သတင်းများကို တစ်ကမ္ဘာလုံးက မြင်တွေ့ခဲ့ကြရသည်။ မုန်တိုင်းတကယ်ဝင်ရောက်လာသည့်အချိန်တွင်မူ တစ်နာရီလျှင် မိုင် ၁၄၀ နှုန်း တိုက်ခတ်လာသည့် လေမုန်တိုင်း၏ မဟာအင်အားနှင့် စံချိန်ကျိုးအောင် ညလုံးပေါက် ရွာသွန်းသည့် မိုးရေချိန်တို့ကြောင့် အပျက်အစီးတို့၏ ပမာဏမှာ ကြီးမားလှသည်။

မုန်တိုင်း၏ သက်ရောက်မှုဧရိယာအတွင်း မြစ်၊ ချောင်းတို့ ရေကြီးရေလျှံကာ မြေပြို၊ တောင်ပြိုမှုပေါင်း ၁၀၀ ကျော်တို့ကြောင့် မြို့၊ ရွာ လမ်းတံတားများ၊ လယ်ယာစိုက်ပျိုးခင်းများ ရွှံ့နွံနှင့် ရေပြင်တို့အောက်သို့ ရောက်ကုန်သည်။ အိမ်ခြေ ၄၅၀၀၀ ကျော် ရွှံ့နွံများ ဖုံးလွှမ်းနစ်မြုပ်သွားပြီး ပြီးခဲ့သည့် စနေနေ့ကအထိ လူပေါင်း ၈၀ သေဆုံး၍ ၁၁ ဦးပျောက်ဆုံးနေဆဲ။ လူဦးရေ ၄၆၀၀ ခန့်မှာ ကယ်ဆယ်ရေးစခန်းများတွင် နေရဆဲ။ အိမ်ခြေ ၈၀၀၀၀ ကျော် သောက်သုံးရေ ပြတ်လပ်နေဆဲ။



ပျောက်ဆုံးသူများကို ရှာဖွေရန်၊ ပျက်စီးသွားသည့် လမ်းတံတားများကို ပြန်လည်ပြင်ဆင်ရန်၊ အမှိုက်သရိုက်များ၊ အပြိုအပျက်များနှင့် ရွှံ့နွံများ တောင်ပုံရာပုံတို့ကို ဖယ်ရှားရှင်းလင်းရန်၊ ရေ၊ မီး၊ ဆက်သွယ်ရေးတို့ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် စသည့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဆောင်ရွက်ကြရမည့် လုပ်ငန်းပမာဏမှာ ကြီးမားလှသည်။

တကယ်တော့ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဂျပန်ပြည်သူများ၏ သဘာဝဘေးကို အန်တုရင်ဆိုင်ခဲ့ကြသည့် ခံနိုင်ရည်အားကလည်း အံ့သြဖွယ်ရာဟုပင် ဆိုနိုင်သည်။ Category အဆင့် ၅ ရှိသည့် ဟာဂျီဘစ်တိုင်ဖုန်းမုန်တိုင်း မတိုက်ခတ်မီ စက်တင်ဘာလလယ်ခန့်မှာပင် Category ၄ အဆင့်ရှိသည့် ဖာ့ဆိုင်းတိုင်ဖုန်းမုန်တိုင်းသည် ယင်းဒေသကိုပင် ဝင်ရောက်တိုက်ခတ်သွားခဲ့ပြီး လူသုံးဦး သေဆုံးခဲ့ကာ အမေရိကန် ဒေါ်လာ ၇ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ဟာဂျီဘစ်ကတော့ ဖာ့ဆိုင်းထက် ပိုမိုကြီးမား၊ ပိုမိုပြင်းထန်၊ ပိုမိုဖျက်ဆီးခဲ့ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့် ရှိနေပြီဖြစ်ရာ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့က ပိုမိုကြီးမားသည့် ဇွဲ၊ လုံ့လ၊ ပိုမိုပြင်းထန်သည့် ဝီရိယတို့ဖြင့် မုန်တိုင်းပြီးစီးချိန် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်နေကြပြီဖြစ်သည်။

## ဂျပန်ဧကရာဇ်၏နန်းတက်ပွဲ

ဟာဂျီဘစ်မုန်တိုင်း ဝင်ရောက်လာခဲ့ချိန်သည် ပုံမှန်အားဖြင့်ဆိုပါက ဆောင်းဦးကာလရာသီဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များ ကျင်းပသည့်ရာသီလည်းဖြစ်သည်။ ယခုနှစ် ဆောင်းဦးရာသီအတွက် အဓိကအကျဆုံး အထင်ကရဖြစ်မည့် ပွဲတော်မှာ ပြီးခဲ့သည့် မေလ ၁ ရက်နေ့တွင် ဂျပန်ထီးနန်း အရိုက်အရာကို ဆက်ခံခဲ့သော ဧကရာဇ် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့ နန်းတက်ပွဲအခမ်းအနားဖြစ်ပြီး အမိုးဖွင့်မော်တော်ယာဉ်ဖြင့် ပြည်သူများကို လှည့်လည်နှုတ်ဆက်မည့် ချီတက်ပွဲလည်း ပါဝင်သည်။ ဟာဂျီဘစ် မုန်တိုင်းဒဏ်ခံစားခဲ့ရသော ပြည်သူများအား စာနာထောက်ထားသည့်အနေဖြင့် ဂျပန်ဧကရာဇ်အသစ်၏ ပြည်သူကို လှည့်လည်နှုတ်ဆက်ပွဲကို ယာယီရွှေ့ဆိုင်းထားသော်လည်း နိုဝင်ဘာလ ၁၀ ရက်နေ့တွင်တော့ ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံနှင့် ဂျပန်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်သည့် ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဘီစီ ၅၈၅–၆၀၀ မှ စတင်ခဲ့သည့် ဂျပန်ဘုရင်မင်းများတွင် ၁၂၆ ပါးမြောက် ဘုရင်ဖြစ်သည်။ ဂျပန်ထီးနန်းကို နှစ်ပေါင်း ၃၀ ကြာ စိုးစံလာခဲ့သည့်ဘုရင်ကြီး အကီဟီတိုသည် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်နေ့တွင် နန်းစွန့်ခဲ့ရာ ဂျပန်ဧကရာဇ်တစ်ပါးအနေဖြင့် ထီးနန်းစွန့်လွှတ်မှုမှာ ၁၈၁၇ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးဖြစ်သည်။ ဂျပန်ဘုရင်မင်းဆက်တွင် ဟဲဆဲခေတ်(Heisei era) အဆုံးသတ်၍ ရဲဝခေတ်(Reiwa era) စတင်ခြင်းလည်းဖြစ်သည်။ ဘုရင်အသစ် နာရူဟီတိုသည် ဘုရင်အဖြစ်ရောက်ရှိပြီး ပထမဆုံးပြောကြားသည့် မိန့်ခွန်းတွင် မိမိသည် ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏ ဦးသျှောင်အနေဖြင့် နိုင်ငံသာယာဝပြောရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ စည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့တွင် ဖခမည်းတော်၏ လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နာရူဟီတိုသည် ခမည်းတော်ဘုရင်ကြီး အကီဟီတိုကဲ့သို့ပင် ဂျပန်ပြည်သူလူထုက ချစ်မြတ်နိုးသည့် ဘုရင်တစ်ပါးအဖြစ် ဆက်လက်ရပ်တည်သွားဖွယ် ရှိသည်။ ဖခမည်းတော် ဘုရင်ကြီးကဲ့သို့ပင် ဘုရင့်တော်ဝင်မိသားစုနှင့် ပြည်သူလူထုတို့ နီးစပ်မှုရှိစေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားဖွယ်ရှိသည်။ ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဂျပန်နိုင်ငံ၏ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများဖြစ်သော သက်ကြီးရွယ်အိုလူဦးရေမြင့်တက်ခြင်း၊ မွေးဖွားနှုန်းလျော့ကျခြင်းနှင့် အလုပ်သမား ပိုမိုလိုအပ်လာခြင်း စသည့် လိုအပ်ချက်များ၊ ခေတ်ရေစီးကြောင်းနှင့် လိုက်လျောညီထွေဖြစ်စေရန်အပြင် စည်းလုံးညီညွတ်ရေးနှင့် ယခုထက်ပိုမိုသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများကို ခမည်းတော်ကဲ့သို့ပင် ဆောင်ရွက်နိုင်မည်ဟု ပြည်သူများကလည်း ယုံကြည်မျှော်လင့်ကြပြီး တစ်ကမ္ဘာလုံးကလည်း အားပေးလျက်ရှိသည်။

ဂျပန်ထီးနန်းကို ဆက်ခံခဲ့သည့် ဂျပန်ဧကရာဇ် နာရူဟီတိုနှင့် ကြင်ရာတော် မာဆာကိုတို့၏ နန်းတက်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် တိုကျိုမြို့ရှိ ဘုရင့်နန်းတော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ ဗြိတိန်ဘုရင်မကြီး ကိုယ်စား ချားလ်စ်မင်းသား၊ ဘယ်လ်ဂျီယံဘုရင်နှင့် မိဖုရား၊ စပိန်ဘုရင်နှင့်မိဖုရား၊ ဆွီဒင်ဘုရင်နှင့်မိဖုရား၊ နယ်သာလန်ဘုရင်၊ နော်ဝေဦးသျှောင်မင်းသား၊ ဒိန်းမတ်ဦးသျှောင်မင်းသား စသည်တို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စသည့် အကြီးအကဲ

*စာမျက်နှာ ၁၁ သို့*



**"ဂျပန်နိုင်ငံနှင့် ဂျပန်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်သည့် ဂျပန်ဧကရာဇ် နာရူဟီတိုသည် ဘီစီ ၅၈၅–၆၀၀ မှ စတင်ခဲ့သည့် ဂျပန်ဘုရင်မင်းများတွင် ၁၂၆ ပါးမြောက် ဘုရင်ဖြစ်၊ ဂျပန်ထီးနန်းကို နှစ်ပေါင်း ၃၀ ကြာ စိုးစံလာခဲ့သည့်ဘုရင်ကြီး အကီဟီတိုသည် ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်နေ့တွင် နန်းစွန့်ခဲ့ရာ ဂျပန်ဧကရာဇ်တစ်ပါးအနေဖြင့် ထီးနန်းစွန့်လွှတ်မှုမှာ ၁၈၁၇ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးဖြစ်"**

*စာမျက်နှာ ၁၀ မှ*

များအပါအဝင် နိုင်ငံပေါင်း ၂၀၀ ခန့်မှ နိုင်ငံအကြီးအကဲ ခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များက တက်ရောက်ကြမည်ဖြစ်သည်။

**နိပ္ပွန်ကိုကု ဟူသည့် ဂျပန်တို့မြေ**

ဂျပန်နိုင်ငံသည် ကျွန်းစုပေါင်း ၃၀၀၀ ကျော်ပါဝင်ပြီး နိပ္ပွန်ကိုကု သို့မဟုတ် နိဟွန်းကိုကုဟု ဂျပန်ဘာသာစကားဖြင့် ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံကဲ့သို့ပင် တောင်နှင့်မြောက်သွယ်တန်းတည်ရှိနေသည့် နိုင်ငံဖြစ်သည်။ မြောက်ဘက်အကျဆုံး ဟော့ကိုင်းဒိုးကျွန်းသည် ဝင်ရိုးစွန်းဆန်သည့် ရပ်ဝန်းဒေသဖြစ်၍ အအေးပိုသကဲ့သို့ တောင်ဘက်စွန်းရှိ အိုကီနာဝါသည် အပူပိုင်းဆန်သည့် ရာသီဥတုကို ပိုင်ဆိုင်ထားသည်။ အလယ်မှာရှိသည့် ပင်မကျွန်းမှာမူ တောင်နှင့်မြောက်သွယ်တန်းထားသည့် တောင်တန်းရှိပြီး အရှေ့ဘက်ခြမ်းသည် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူကာ မိုးများတတ်သကဲ့သို့ အနောက်ဘက်ခြမ်းကမူ ဂျပန်ပင်လယ်ကိုမျက်နှာမူကာ ဆီးနှင်းများ ကျဆင်းတတ်သည်။

ကမ္ဘာပေါ်တွင် ဒသမမြောက် လူဦးရေအများဆုံးဖြစ်ပြီး လူဦးရေ ၁၂၈ သန်းရှိသည်။ နိုင်ငံအကျယ်အဝန်းမှာ မြန်မာနိုင်ငံ၏ အကျယ်အဝန်းအောက် စတုရန်းမိုင် နှစ်သောင်းကျော်ခန့် လျော့နည်းသေးငယ်ပြီး ဧရိယာ စတုရန်းမိုင် ၁၄၀၀၀၀ ကျော်ရှိသည်။ လူဦးရေမှာမူ မြန်မာနိုင်ငံ၏ နှစ်ဆကျော်ရှိလေသည်။ တိုကျိုမြို့ပြဒေသနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက် လူနေထိုင်မှုများပြားပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးသော မြို့ပြဧရိယာကြီးအဖြစ် လူဦးရေ သန်း ၃၀ ကျော်နေထိုင်ကြသည်။ ဂျပန်နိုင်ငံတွင် ပြည်နယ်စီရင်စုပေါင်း ၄၇ ခု ရှိပြီး တစ်ခုစီတွင် မြို့တော်များ၊ မြို့များ၊ ကျေးရွာများ ပါရှိသည်။ ပစိတ်ဖိတ်မီးကွင်းဟု တင်စားခေါ်ကြသည့် မီးတောင်ဇုန်ပေါ်က ဂျပန်တွင် မီးမငြိမ်းသေးသည့် မီးတောင် ၁၀၀ ကျော်ရှိကာ ငလျင်များနှင့် ဆူနာမီများကို မကြာခဏ ခံစားကြရသည်။ ငလျင်လှုပ်ရန်နှင့် ဆူနာမီဖြစ်ပေါ်ရန် အခြေအနေများပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအနက် သဘာဝဘေးအန္တရာယ် အမြင့်ဆုံးရှိသည့် နိုင်ငံလည်းဖြစ်သည်။

**စံနမူနာအတုယူဖွယ်ရာများနှင့် နိုင်ငံ**

ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်းနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အတုယူဖွယ်ရာ၊ စံနမူနာများစွာနှင့် ပြည့်နှက်နေသည့် နိုင်ငံတစ်ခုလည်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများအနက် လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်တို့သည် နိုင်ငံဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်အရေးပါသည့် အကြောင်းတရားပင်ဖြစ်သည်။ ဂျပန်လူမျိုးတို့၏ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးရည်မှန်းချက်များသည်ပင် ဂျပန်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထင်ရှားကျော်ကြားသည့် နိုင်ငံအဖြစ်သို့ ဝိုင်းဝန်းပို့ဆောင်ပေးခဲ့သည်ဟုပင် ဆိုရပေလိမ့်မည်။

၁၈၆၀ ပြည့်နှစ်ဝန်းကျင်တွင် စတင်ခဲ့သည့် မေဂျီခေတ်ပြုပြင်ပြောင်းလဲရေးကာလ (Meiji Reforms)အတွင်း ခေါင်းဆောင်များ၏ စနစ်တကျ အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများကို ဂျပန်တစ်မျိုးသားလုံးက စိတ်အားထက်သန်စွာ လိုက်နာအကောင်အထည်ဖော်ခြင်းများသည် တံခါးပိတ်ဝါဒဖြင့် နေထိုင်ခဲ့သည့် ဂျပန်တို့၏ အစဉ်အလာများကို ဖောက်ထွက်ကာ လားရာတူသည့်အောင်မြင်မှုပန်းတိုင်ကို လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အရှေ့တိုင်းနိုင်ငံများအနက် ဂျပန်နိုင်ငံ၏ ယခုကဲ့သို့ ထိုးထွက်လာနိုင်ခဲ့သည့် သမိုင်းကို ကြည့်မည်ဆိုလျှင် အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဂျပန်ဖွံ့ဖြိုးတိုးတက်မှုသမိုင်းဖြစ်စဉ်တွင် တိုးတက်မှုအရှိန်အဟုန်ကို စတင်ရရှိသည့်ကာလသည် ဗြိတိန်နောက် နှစ်ပေါင်း ၁၀၀ မျှ နောက်ကျခဲ့သော်လည်း ကမ္ဘာ့အနောက်ခြမ်းရှိ စက်မှုနိုင်ငံများကို ကျော်တက်ကာ စီးပွားရေးအားကောင်းလာနိုင်ခဲ့ခြင်းက ဂျပန်တို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးစားမှုတို့၏ ရလဒ်ပင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလ ကမ္ဘာပေါ်တွင် တစ်ခုတည်းသော အဏုမြူဗုံးကြဲချခံရသည့် နိုင်ငံ၊ စစ်ရှုံး နိုင်ငံဖြစ်ခဲ့သော်လည်း ပြာပုံထဲမှ ရုန်းကြွထပျံလာနိုင်ခဲ့သည့် ဂျပန်လူမျိုးတို့၏ သံမဏိစိတ်ဓာတ်မှာ အံ့မခန်းဟုပင်ဆိုရမည်။

ခေါင်းဆောင်များ၏ အသိဉာဏ်အမြော်အမြင်ကြီးမားစွာ ဦးဆောင်ကြိုးပမ်းမှုနောက်မှ ပြည်သူများ၏ လိုက်ပါဆောင်ရွက်မှုအားကောင်းခြင်းများကြောင့်ပင် အခက်အခဲအကျပ်အတည်းများစွာတို့ကို ကျော်လွှားနိုင်ကာ ၁၉၅၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး ၁၀ နှစ်အကြာတွင် ပြန်လည်ခေါင်းထောင်လာနိုင်ခဲ့ပြီး ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာ့နိုင်ငံကြီးများနှင့် ရင်ပေါင်တန်းလာနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၏ ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ကမ္ဘာပေါ်တွင် မကြုံစဖူး ၁၃ ဒသမ ၂ ရာခိုင်နှုန်းအထိ စံချိန်တင်နိုင်ခဲ့သည်။

၂၀ ရာစု ခေတ်လယ်ကာလ စက်မှုထွန်းကားသည့် အနောက်နိုင်ငံများနှင့် ရင်ပေါင်တန်းကာ မော်တော်ကား၊ အီလက်ထရွန်နစ်နှင့် အဆင့်မြင့်နည်းပညာ ကုန်စည်များ၊ စက်ကိရိယာ၊ သတ္တုနှင့် အစားအသောက်၊ အဝတ်အထည် စသည်တို့တွင် ကြီးမားသည့် ကမ္ဘာ့ဈေးကွက်ကို ရယူနိုင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အလုပ်လုပ်သူမှာ ၆၅ ဒသမ ၉ သန်းခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသည်။ ၂၀၁၄ ခုနှစ် စီးပွားရေးလုပ်ရန် လွယ်ကူသည့် နိုင်ငံများ တိုင်းပြည်များ ညွှန်းကိန်းတွင် အဆင့် ၂၇ ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အခွန်ကောက်ခံမှုအနည်းဆုံးနိုင်ငံလည်း ဖြစ်သည်။ ဂျပန်နိုင်ငံသားများ၏ ကြိုးပမ်းမှုကြောင့် ၂၁ ရာစု မျက်မှောက်ကာလ



တွင်မှု ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

**အောင်မြင်ခြင်း၏ စိတ်ဝင်စားဖွယ်ပဟေဋ္ဌိ**

ဒုတိယကမ္ဘာစစ်ပြီးကာလ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ဖန်တီးခဲ့ကြသည့် ဦးဆောင်သူများနှင့် ပြည်သူများ၏ အခန်းကဏ္ဍမှာ ကမ္ဘာ့အသိုင်းအဝိုင်း၏အမြင်တွင် လွန်စွာစိတ်ဝင်စားစရာကောင်းပြီး တစ်ကမ္ဘာလုံးက အလေးထားစောင့်ကြည့်ခဲ့ကြရသလို ဂျပန်တို့၏ အောင်မြင်မှုအပေါ်တွင်လည်း ဂျပန်ပဟေဋ္ဌိအဖြစ် မေးခွန်းထုတ်ခဲ့ကြသည်။

ဂျပန်လူမျိုးတို့တွင် ဂုဏ်သိက္ခာသည် အလွန်တန်ဖိုးထားဖွယ်အရာ ဖြစ်သည်။ များစွာသည့် ဂျပန်လူမျိုးများသည် တာဝန်ဝတ္တရားတို့ကို ကျေပွန်စွာထမ်းဆောင်ကြသူများဖြစ်သည်။ တာဝန်မကျေပွန်ခြင်းသည် ပြစ်မှုတစ်ခု သို့မဟုတ် ရှက်ဖွယ်အပြုအမူတစ်ခုပင်ဖြစ်သည်ဟု ခံယူထားကြသလို တာဝန်မကျေပွန်သူကိုလည်း အမျိုးသားရေးစိတ်ဓာတ်အားနည်းသူများအဖြစ် ယူဆကြသည်။ ဂျပန်တို့က တာဝန်ယူစိတ် ဂိရိ(giri) နှင့် ကျေးဇူးတရား အွန်း (on) တို့ကို တန်ဖိုးထားသည်။ giri on the world ကမ္ဘာကြီးပေါ်တွင် တာဝန်ရှိမှု၊ giri to one's name မိမိ၏ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် တာဝန်ရှိမှု၊ oya-on မိဘအပေါ် ကျေးဇူးတုံ့ပြန်မှု၊ nushino-on အရှင်သခင် အကြီးအကဲအပေါ် ကျေးဇူးတုံ့ပြန်မှုနှင့် shino-on ဆရာသမားအပေါ် ကျေးဇူးတုံ့ပြန်မှု စသည့် ဂျပန်လူမျိုးတို့၏ ဗီဇပါစိတ်ဓာတ်များက ဂျပန်လူ့အဖွဲ့အစည်းကို ကမ္ဘာ့အသိုင်းအဝိုင်းအလယ်တွင် ဝင့်ထည်အောင်မြင်စေသော အဓိကသော့ချက်တစ်ခုပင် ဖြစ်ပါသည်။

သည့်အပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးတောင်ပေါက်ကွဲမှုများ၊ မြေငလျင်များ၊ ဆူနာမီရိုက်ခတ်မှုများ၊ တိုင်ဖုန်းကဲ့သို့သော မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြို တောင်ပြိုမှုများစွာ၏ အဖျက်အဆီးဒဏ်ကိုလည်း ဇွဲ၊ သတ္တိ၊ ခံနိုင်ရည်တို့ဖြင့် သမိုင်းတစ်လျှောက် ကြံ့ကြံ့ခံတွန်းလှန်နိုင်ခဲ့ကြကာ ဂျပန်မြေကို အလှမပျက်အောင် ဖန်တီးတည်ဆောက်နိုင်ခဲ့ကြသည်။

ဂျပန်နိုင်ငံသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဂျပန်တို့သည် အလုပ်ကို စွဲစွဲမြဲမြဲ ဇွဲနပဲဖြင့်လုပ်တတ်ကြပြီး အလုပ်စွဲနေသူများအဖြစ်ပင် ကမ္ဘာကျော်သည်။ သို့သော် စိတ်ဓာတ်ခိုင်မာပြင်းထန်သည့် လူမျိုး၊ လုံ့လ၊ ဝီရိယ ကြီးကြီးမားမားဖြင့် အလုပ်ကို စွဲစွဲမြဲမြဲ လုပ်တတ်သည့် လူမျိုးဟူ၍သာ ဂျပန်ကို ရှုမြင်ပါက ယင်းအမြင်သည် အစွန်းတစ်ဖက်သို့ ရောက်ရှိနေလိမ့်မည်ဟု ထင်မြင်မိသည်။ တစ်ဖက်တွင်လည်း ဂျပန်လူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး သဘာဝပတ်ဝန်းကျင်ကို အမြတ်တနိုးအလေးထားကြသူများလည်း ဖြစ်ကြသည်။ သဘာဝလောကကြီး၏ နက်ရှိုင်းသည့်သဘောတို့ကို စူးစိုက်ရှုမြင်ခံစားတတ်ကြသူများလည်းဖြစ်ပြီး အနုပညာအားကောင်းကြသူများလည်း ဖြစ်သည်။

မြန်မာစာရေးဆရာ၊ ကဗျာဆရာကြီးများ၏ ကျေးဇူးကြောင့် ဂျပန်ဟိုက္ကူကဗျာခေါ် ကဗျာတိုသလောက် နက်ရှိုင်းသည့် အတွေးနှင့် ခံစားမှုတို့ကို ပေးစွမ်းနိုင်သည့် ကဗျာကလေးများ မြန်မာစာပေနယ်သို့လည်း ရောက်ရှိနေခဲ့သည်မှာ ဆယ်စုနှစ်များပင်ချီ၍ ရှိနေခဲ့ပြီဖြစ်ရာ ဟိုက္ကူကဗျာများကို ဖတ်ရှုခံစားကြည့်ခြင်းအားဖြင့် ဂျပန်တို့၏ စိတ်နှလုံးကို အနီးစပ်ဆုံးမြင်တွေ့နိုင်ပါလိမ့်မည်။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် ဉာဏ်ပညာအား၊ ဝီရိယအား တို့အပြင် စိတ်နှလုံးခံစားမှုအားတို့လည်း မဖြစ်မနေလိုအပ်သည်ပင်။ စစ်မက်ဘေး၊ သဘာဝဘေးတို့ကို သမိုင်းတစ်လျှောက် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်တိုင်အောင် ဂျပန်သည် မီးပုံထဲမှ ဒဏ္ဍာရီငှက်သဖွယ် ပြန်လည်ရှင်သန်လာစမြဲ။ ဤသို့လျှင် ချယ်ရီပန်းကလေးများနှင့် ဟိုက္ကူကဗျာလေးများ၏ ဇာတိမြေဂျပန်သည် ထာဝရလှပနေပါဦးမည်။ ။



“ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ကြိုးပမ်းနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အတုယူဖွယ်ရာ၊ စံနမူနာများစွာနှင့် ပြည့်နှက်နေသည့် နိုင်ငံတစ်ခုလည်းဖြစ်၊ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများအနက် လူသားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်နေစိတ်ထား၊ စွမ်းဆောင်ရည်တို့သည် နိုင်ငံဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်အရေးပါသည် အကြောင်းတရားပင်ဖြစ်”

# နိုင်ငံတော်ဩဝါဒါစရိယ၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ ဒီပက်ရာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ ဘဝနတ်ထံပျံလွန်တော်မူ


**နေပြည်တော် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ဒီပက်ရာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၆)၊ သိက္ခာတော် (၆၆)ဝါအရ ၁၃၈၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၁၉-၁၀-၂၀၁၉ စနေနေ့၊ နံနက် ၅ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

## နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၊ ဒီပက်ရာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ လယ်ပြင်ရပ်၊ ခမည်းတော် ဦးဘသိန်း၊ မယ်တော်ဒေါ်အေးသီ တို့မှ ၁၂၉၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၇-၁၁-၁၉၃၃ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုခြင်း

ဆရာတော်လောင်းလျာသည် မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ ဦးကြီးတော် ဆရာတော် ဘဒ္ဒန္တဉာဏဝံသ ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ၂၈-၁၀-၁၉၅၃ ရက်နေ့တွင် မြို့သစ်မြို့၊ လယ်ပြင်ရပ်၊ ဈေးဝင်မင်းကျောင်းခန္ဓသိမ်၌ ဈေးဝင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြို့သစ်မြို့၊ ဘုရားကြီးရပ်၊ ဦးကြီးတော်ဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ ဈေးဝင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရ စသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို ဆည်းပူးတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးတော်မူခြင်း

ဆရာတော်သည် နတ်မောက်မြို့နယ် သံဃာ့ဝန်ဆောင်၊ မကွေးတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်၊ မကွေးတိုင်းဒေသကြီး ပထမပြန်စာမေးပွဲ ကျင်းပရေးအဖွဲ့ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်နှင့် ၂၀၁၇ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင် လူတို့၏ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိ ဝိသာရဒ၊ ပဋိပတ္တိ မာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာသုံးပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၆ နှစ်၊ သိက္ခာတော် ၆၆ ဝါအရ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၁၉-၁၀-၂၀၁၉ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

---

# ၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဘောလုံးပွဲဝါသနာရှင် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းတို့ မိနစ် ၉၀ ပွဲချိန်ပြည့် ယှဉ်ပြိုင်ကစားကြပြီး တစ်ဖက်တစ်ဂိုးစီ သရေကျ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြသန်းထိုက်က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းဆုရရှိကြသည့် ကစားသမားများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အကောင်းဆုံး အလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိကြသည့် အားကစားသမားများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် စတုတ္ထဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ကို လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ဒုတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပထမဆုရရှိသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ (ဓာတ်ပုံ)



**သတင်းစဉ်**

---

# လူငယ်ဘောလုံးပွဲတော်နှင့် ယူ-၁၄ လူငယ်ဘောလုံးပြိုင်ပွဲများ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်နှင့် MPT တို့ ပူးပေါင်းကျင်းပသည့် ရခိုင်ပြည်နယ်အဆင့် အသက်(၁၄)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲနှင့် ရခိုင်ပြည်နယ်အဆင့် လူငယ်ဘောလုံးပွဲတော်ကို အောက်တိုဘာ ၂၀ ရက်က စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် အတူ ဖွင့်လှစ်ပေးခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်၊ မောင်တော ၊ သံတွဲ၊ ပေါက်တော၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်မြို့များမှ လူငယ် ၁၂ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် အနာဂတ်မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသည့် မျိုးဆက်သစ် လူငယ်ဘောလုံးသမားလေးများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူငယ်ဘောလုံးပွဲတော်များ၊ သက်တမ်းအလိုက် လူငယ်ဘောလုံးပြိုင်ပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပပေးလျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် မိတ်ဖက်စပွန်ဆာ MPT နှင့် ပူးပေါင်း၍ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် MFF-MPT Grassroots Football Festival များ၊ MFF-MPT U14 Youth Football Tournament များကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၂၀၁၈ ခုနှစ်မှ စတင်၍ ကျင်းပလျက်ရှိသည်။ အဆိုပါ လူငယ်ဘောလုံးပွဲတော်များနှင့် လူငယ်ဘောလုံးပြိုင်ပွဲများကို ယခုနှစ်တွင် မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ရှမ်းပြည်နယ်၊ မကွေး၊ ကရင်ပြည်နယ်၊ ပဲခူး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတို့တွင် ကျင်းပပြီးစီးခဲ့ပြီး ယခုရခိုင်ပြည်နယ်တွင် ထပ်မံကျင်းပခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

---

# မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲများ ကစားရန် ကာတာနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၁**

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ကာတာနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ယနေ့ နံနက်ပိုင်းက ကာတာနိုင်ငံ ဒိုဟာမြို့သို့ ထွက်ခွာသွားသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **အုပ်ချုပ်သူ-**ဦးမင်းလှိုင်၊ **နည်းပြချုပ်**-ပိုပေ့ါဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ **ဂိုး**- ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ(မကွေး)၊ ဇင်ညီညီအောင် (အား/ကာသိပ္ပံ)၊ **နောက်တန်း**-ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ ရဲမင်းသူ (ရှမ်း)၊ အောင်ဝဏ္ဏစိုး၊ ကျော်ဖြိုးအောင် (ခွဲကပင်)၊ ရဲရင့်အောင်(ရတနာပုံ)၊ သူရိန်စိုး(ရန်ကုန်)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ **အလယ်တန်း**- နေမိုးနိုင်၊ စိုးလွင်လွင်၊ ဇင်မင်းထွန်း (မကွေး)၊ လွင်မိုးအောင် (ဧရာဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း၊ ပြည့်စုံနိုင် (ရတနာပုံ)၊ ကောင်းထက်စိုး (ရန်ကုန်)၊ ကျော်မျိုးနိုင်(အား/ကာသိပ္ပံ)၊ ထက်လင်းလင်း၊ ဟိန်းထက်အောင်(ဟံသာဝတီ)၊ **ရှေ့တန်း**- ထက်ဖြိုးဝေ(ရှမ်း)၊ အောင်ကောင်းမာန် (ဧရာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)နှင့် သန့်ဇင်မြင့် (အား/ကာ သိပ္ပံ)တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းသည် နိုဝင်ဘာ ၁ ရက်အထိ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၂၅ ရက်တွင် နီပေါ ယူ-၂၂ အသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ကာတာကလပ် အယ်လ်အိုဝေနာအသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ကာဂျစ္စတန် ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဒေသစံတော်ချိန် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ဒိုဟာမြို့သို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

❑ *ကျောဖုံးမှ*

မြန်မာအသင်းသည် ပွဲအစ ၁ မိနစ်တွင် ခင်ဇော်လင်း သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ချေပဂိုးပြန်ပေးလိုက်ရသောကြောင့် တစ်ဂိုးစီသရေကျသွားကာ ပထမပိုင်းတွင် ရှုံးကန်ခဲ့ရသည်။ ပထမပိုင်းပြီးခါနီးမှ မြန်မာအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ၁၉ မိနစ်တွင် လှိုင်မင်းထွန်းက သွင်းယူခဲ့သည်။ ပထမပိုင်းတွင် ပြန်လည်ဦးဆောင်နိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး လေးဂိုးထပ်မံ သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၃၃၊ ၃၅ မိနစ်တွင် ငြိမ်းမင်းစိုး၊ ၃၆ မိနစ်တွင် ပြည့်ဖြိုးမောင်-၂ နှင့် ၃၉ မိနစ်တွင် ကောင်းချစ်သူတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲ တွင် အုပ်စု(က)၌ ထိုင်း၊ တီမော၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကျရောက်နေပြီး အခြားပွဲတွင် ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၂ ရက် **(ယနေ့)** မြန်မာစံတော်ချိန် နံနက် ၁၁ နာရီတွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာ့စာတိုက်လုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဗဟိုစာတိုက်ကြီးရှိ မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် လုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်နေသည့်အတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်ထက်တစ်နှစ် ဝင်ငွေတိုးတက်လာသည့်အပြင် ဝင်ငွေနှင့် အသုံးစရိတ်များကို အဂတိတရားကင်းရှင်းစွာဖြင့် စနစ်တကျ ဆက်လက်စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရည်မှန်းချက်ပြည့်မီ၍ ပြည်သူများ၏ ယုံကြည်မှုကို တိုးတက်ရရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသာဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရပ်ရွာလူထုပါဝင်မှုဖြင့် ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Community Road Empowerment (CORE) တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းများ ပြုပြင်ထိန်းသိမ်းရေးစီမံချက် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းတင်ပြခြင်းနှင့် "ရပ်ရွာလူထုပါဝင်မှုဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို ယနေ့ နံနက် ၁၁ နာရီက နေပြည်တော်ရှိ မန်းမြန်မာဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း မိုင် ၈၈၈၁၁ ကီလိုမီတာနှင့် တံတား ၂၄၁၈၃ စင်းကို တာဝန်ယူ တည်ဆောက်ထိန်းသိမ်းလျက်ရှိပြီး ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာဗျူဟာရေးဆွဲရာတွင် လုပ်ငန်းအကောင်အထည်ဖော်မှုသာမက လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်း၊ သုံးသပ်ခြင်းနှင့် သုတေသနလုပ်ငန်းရပ်များ ထည့်သွင်း ရေးဆွဲထားပါကြောင်း၊ ကျေးလက်လမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂၅ ဘီလီယံဖြင့် စုစုပေါင်း ကျေးလက်လမ်းအရှည် ကီလိုမီတာ ၄၅၄၀ ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်တံတား ၁၄၉၈ စင်းကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။




နိုင်ငံအတွင်း ကျေးလက် လမ်း၊ တံတား၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်း ပမာဏများပြားသည့်အတွက် ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျာမနီနိုင်ငံ ဂျာမန် ဖွံ့ဖြိုးရေးဘဏ်(KfW)၊ Re CAP, JIP , JICA , CORE အဖွဲ့အစည်းတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသတွင်ရှိသော ဒေသခံလူထုအနေဖြင့် စီမံကိန်းအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ပြီး လမ်းပြုပြင်ထိန်းသိမ်းရေး အသိပညာဗဟုသုတများအပြင် ရပ်ရွာလူထုက ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်၍ ကျေးလက်လမ်းများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ဒေသတွင်းပစ္စည်းများကို အသုံးပြုခြင်းဖြင့် အရည်အသွေးကောင်းမွန်ပြီး ကုန်ကျစရိတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးရွာလူထုပူးပေါင်းပါဝင်မှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့မည်ပုံဖြေရှင်းရမည်ကို ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ Community Road Empowerment မှ Chief Director Mr. Makoto Kimura က အမှာစကားပြောကြားပြီး နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာရှင်များ၊ ပညာရှင်များနှင့် စာတမ်းရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**




# ဆွီဒင်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ ဆက်သွယ်ရေး ကွန်ရက်ဆိုင်ရာ သတင်းမှတ်တမ်း ရိုက်ကူး

**ရန်ကုန် အောက်တိုဘာ ၂၁**

ဆွီဒင်နိုင်ငံ Seventy Agency မှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာ စက်မှုဇုန်ရှခင်းနှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ၎င်းစက်မှုဇုန်ရှိ Season One Co.,Ltd နှင့် UPG Co.,Ltd စက်ရုံများတွင် သတင်းမှတ်တမ်းရိုက်ကူးသည်။



ဆိပ်ကမ်းသာလမ်းရှိ UPG Co.,Ltd တွင် ရိုက်ကူးနေစဉ်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ဒလမြို့နယ် သပြေကုန်းကျေးရွာတွင် လယ်လုပ်ကိုင်နေပုံ၊ မဟာသဗ္ဗညုတအောင်တော်မူ စေတီတော်နှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ Wave Money ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက်များက ရွှေတိဂုံစေတီတော်နှင့် ဆူးလေဘုရားဝန်းကျင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မြန်မာပလာဇာများတွင် လူအများသွားလာလှုပ်ရှားပုံများ၊ Ericsson Myanmar နှင့် Telenor Myanmar ရုံးခန်းများတွင် ဆက်သွယ်ရေးကွန်ရက် ချိတ်ဆက်ပုံများကို လည်းကောင်း ရိုက်ကူးခဲ့ပြီး အောက်တိုဘာ ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကိုဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ဆွီဒင်နိုင်ငံမှ Ericsson နည်းပညာနှင့် Telenor တို့ ပူးပေါင်းပြီး ဆက်သွယ်ရေး ကွန်ရက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် အောင်မြင်နေမှု၊ မြန်မာနိုင်ငံ၏သာယာလှပသောရှုခင်းများနှင့် လူနေမှုဘဝများ ရိုက်ကူးထားမှုကို နိုဝင်ဘာ ၅ရက်နှင့် ၆ ရက်တို့တွင် အီတလီနိုင်ငံ Artificial Intelligence Summit တွင် ပြသနိုင်ရန်အပြင် Ericsson နှင့် Telenor တို့၏ Online Website တို့တွင်လည်း ပြသရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နီနီဝင်း(FDC)**

# ချီလီဆန္ဒပြပွဲအတွင်း သေဆုံးသူခုနစ်ဦး ရှိလာသည့်အတွက် အရေးပေါ်အခြေအနေ သတ်မှတ်ချက်တိုးချဲ့



ဆန္ဒပြသူများနှင့် ရဲများကြား ပဋိပက္ခများ ဖြစ်ပွားနေကြစဉ်။

**ဆန်တီယာဂို အောက်တိုဘာ ၂၁**

ချီလီနိုင်ငံသည် ဆန္ဒပြပွဲများနှင့် သုံးရက်ကြာ ရင်ဆိုင်ခဲ့ရပြီးနောက် နိုင်ငံမှာစစ်ပွဲအတွင်း ရောက်ရှိနေသည်ဟု သမ္မတ ဆီဘတ်စတီန်းပီနီရာက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ယခုဖြစ်ပေါ်နေသည့် ဆန္ဒပြပွဲများသည် ဆယ်စုနှစ်များအတွင်း ချီလီနိုင်ငံတွင် အဆိုးရွားဆုံးသော မငြိမ်သက်မှုဖြစ်ပြီး လူခုနစ်ဦး သေဆုံးကာ လူပေါင်း ၁၅၀၀ နီးပါးကို ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

"ကျွန်တော်တို့ဟာ အခုအခါမှာ အင်အားကောင်းပြီး မကျေနိုင် မချမ်းနိုင်ဖြစ်နေတဲ့ ရန်သူတွေနဲ့ စစ်ပွဲရင်ဆိုင်နေရပါတယ်။ အဲဒီရန်သူတွေဟာ မည်သည့်အရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လေးစားမှုမရှိဘဲ အကြမ်းဖက်မှုတွေနဲ့ ရာဇဝတ်မှုတွေကို လုပ်ဆောင်နေတယ်"ဟု ချီလီသမ္မတက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ချီလီတပ်ဖွဲ့မှ ဗိုလ်ချုပ်ဂျာဗီရာအီတာရီရာနှင့် အရေးပေါ်ဆွေးနွေးမှုအပြီး ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ချီလီနိုင်ငံမြို့တော် ဆန်တီယာဂိုမြို့တွင်သာ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားရာမှ ယခုအခါ နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းရှိ မြို့များတွင်လည်း အရေးပေါ်အခြေအနေ တိုးချဲ့ထုတ်ပြန်ထားရသည်။

ရဲတပ်ဖွဲ့နှင့် ချီလီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၉၅၀၀ ခန့်မှာ မျက်ရည်ယိုဗုံးများ အသုံးပြု၍ လည်းကောင်း၊ မီးသတ်ပိုက်ကြီးများအသုံးပြု၍လည်းကောင်း ဘတ်စ်ကားများကို မီးရှို့နေကြသည့် ဆန္ဒပြသူများကို ဖြိုခွင်းခဲ့ရသည်။ ဆန္ဒပြသူများသည် ဘူတာရုံများကို မီးရှို့ခြင်း၊ ဆိုင်များအတွင်း မွှေနှောက်လုယူခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

လူနေမှုအဆင့်အတန်းမညီမျှမှုနှင့် မီးရထားလက်မှတ်များ ဈေးကြီးမြင့်မှုတို့ကြောင့် ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ ချီလီဘောလုံးသမားများသည်လည်း အာဏာပိုင်များအနေဖြင့် ပြည်သူများ၏ စကားသံများကို နားထောင်ကာ အဖြေရှာသင့်သည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# သမ္မတဂျိုကိုဝီဒိုဒို၏ ဒုတိယသက်တမ်း၌ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင် ဆောင်ရွက်မည်ဟု ကတိပြု

**ဂျကာတာ အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၏ ဒုတိယအကြိမ် သမ္မတသက်တမ်း၌ ဗျူရိုကရေစီယန္တရားလျှော့ချရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်တိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အောက်တိုဘာ ၂၀ရက်က ပြောကြားခဲ့သည်။



သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ တွေ့ရသည့် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို။

ပါလီမန် အဆောက်အအုံအတွင်း ပြုလုပ်သည့် သမ္မတကျမ်းသစ္စာ ကျိန်ဆိုပွဲအခမ်းအနား မိန့်ခွန်းတွင် သမ္မတဝီဒိုဒိုက ၂၀၄၅ ခုနှစ်အတွက် နိုင်ငံတော်ရည်မှန်းချက်ကို အောင်မြင်စွာဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အရေးကြီးကြောင်း ပြောကြားခဲ့သည်။

သတ်မှတ်ထားသည့် ကာလတွင် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးချင်းစီ၏ တစ်နှစ်ဝင်ငွေပမာဏသည် ရူပီယာ သန်း ၃၂၀ (အမေရိကန်ဒေါ်လာ ၂၂၆၀၀) ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုကိုလည်း သုညရာခိုင်နှုန်းအထိ လျှော့ချသွားနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

သမ္မတဂျိုကိုဝီဒိုဒိုသည် ၂၀၁၉ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျင်းပသည့် အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ၌ အဓိကယှဉ်ပြိုင်ဘက် ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဝိုစူဘီရန်တိုကို အနိုင်ရရှိကာ ဒုတိယအကြိမ် သမ္မတသက်တမ်းကို ဆက်လက်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ကာကွယ်ရေးဝန်ကြီးတို့နှင့် အာဖဂန်သမ္မတတွေ့ဆုံ

**ကဘူး အောက်တိုဘာ ၂၁**

အာဖဂန်သမ္မတမိုဟာမက်အက်ရှရက်ဖ်ဂါနီသည် အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးမာ့ခ်အက်စပါတို့နှင့် အောက်တိုဘာ ၂၀ ရက်က သီးခြားစီ တွေ့ဆုံခဲ့ကြောင်း အာဖဂန်သမ္မတ နန်းတော်က သတင်းထုတ်ပြန်ခဲ့သည်။

သမ္မတ ဂါနီက အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့အကြား များစွာသော နယ်ပယ်ကဏ္ဍတို့တွင် ကူးလူးဆက်ဆံမှု ချဲ့ထွင်ရန်နှင့် အထူးသဖြင့် လုံခြုံရေးကဏ္ဍတွင် အမေရိကန်၏အကူအညီကို အလိုရှိကြောင်း ပြောကြားခဲ့မှုကို ကိုးကားလျက် သမ္မတနန်းတော်က ဖော်ပြသည်။

နှစ်နိုင်ငံအကြား တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့သည်။ သမ္မတဂါနီသည် အမေရိကန်ကာကွယ်ရေးဝန်ကြီးမာ့ခ်အက်စပါနှင့် တွေ့ဆုံခဲ့မှုအတွင်း အာဖဂန်၏ လုံခြုံရေးအခြေအနေ အပါအဝင် အုပ်ချုပ်ရေးပိုင်း အကျင့်ပျက်ခြစားမှုကိစ္စရပ်များ၊ အကြမ်းဖက်တိုက်ဖျက်သည့် စစ်ဆင်ရေးကိစ္စနှင့်အကြောင်းအရာများစွာကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားနိုင်ငံမှ အီရတ်နိုင်ငံ အနောက်ပိုင်းထိ ဆုတ်ခွာလာ

**ဝါရှင်တန် အောက်တိုဘာ ၂၁**

အမေရိကန် တပ်ဖွဲ့ဝင် ၁၀၀၀ နီးပါးခန့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ဆုတ်ခွာလာပြီး အီရတ်နိုင်ငံအနောက်ပိုင်းတွင် ပြောင်းလဲချထားမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက ပြောကြားခဲ့ကြောင်း အောက်တိုဘာ ၂၀ ရက် ပင်တဂွန်စစ်ဌာနချုပ်မှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အမေရိကန်တပ်များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ လျင်လျင်မြန်မြန်ဆုတ်ခွာလာကြသည်ဟုလည်း အက်စပါက သတင်းထောက်များကို ပြောကြားခဲ့သည်။ ဆုတ်ခွာလာသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်သည် အီရတ်အနောက်ပိုင်းတွင် ပြောင်းလဲနေရာချထားမည်ဖြစ်ပြီး စစ်ဘေးဒဏ်ခံစားခဲ့ရသည့် တိုင်းပြည်တွင် ကာကွယ်ရေးလုပ်ငန်းများ၌ ကူညီမှုများ ပေးသွားမည်ဖြစ်ကာ အိုင်အက်စ်များကို တန်ပြန်တိုက်စစ်ဆင်သွားမည်ဟု ပင်တဂွန်ဌာနချုပ်က ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းနှစ်ပတ်ခန့်အတွင်း တူရကီတို့က ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းနေရာအချို့တွင် ကာ့ဒ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ စစ်ဆင်ရေးများ ဆင်နွှဲနေသည့်ကြားမှ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ဝန်းကျင်သည် ဆုတ်ခွာမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ဆုတ်ခွာခဲ့သော်လည်း အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီးအခြေအနေများကို ဆက်လက်စောင့်ကြည့်သွားမည်ဟု အမေရိကန်သမ္မတထရမ့်က လွန်ခဲ့သည့် သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်အနည်းငယ်သည် ဆီးရီးယားနိုင်ငံတောင်ပိုင်းတွင် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး အိုင်အက်စ်အကြွင်းအကျန်များကို တန်ပြန်တိုက်စစ်ဆင်သွားမည်ဖြစ်သည်။ အမေရိကန်နှင့် တူရကီတို့သည် ပြီးခဲ့သည့် ကြာသပတေးနေ့က ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ငါးရက်ကြာ အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူခဲ့ကြသည်။ **ဆင်ဟွာ**

# ဘုရင်နှင့် ထီးနန်းအပေါ် သစ္စာမရှိဟုဆိုကာ ကြင်ရာတော်၏ ရာထူးဘွဲ့များ ထိုင်းဘုရင် ရုပ်သိမ်း

**ဗန်ကောက် အောက်တိုဘာ ၂၁**

ထိုင်းဘုရင်အပေါ်သစ္စာမဲ့ကာ မလျော်ကန်သည့်အပြုအမူများပြုလုပ်ခဲ့သည်ဟုဆိုကာ ထိုင်းဘုရင်ဗာဂျီရာလောင်ကွန်းက ကြင်ရာတော် ဆနီနက်၏ဘွဲ့ထူးဂုဏ်ထူးများကို ပြန်လည်သိမ်းယူခဲ့သည်ဟု သိရသည်။

ထိုင်းဘုရင်သည် ၎င်း၏လေးဦးမြောက် ဇနီးအဖြစ် မိဖုရားဆုသီဒါကို တင်မြှောက်ခဲ့ပြီး နှစ်လအကြာတွင် ဆနီနက်ကို ဇူလိုင်လအတွင်း ကြင်ရာတော်အဖြစ် လက်ထပ်ခဲ့ခြင်းဖြစ်သည်။ တော်ဝင်ကြင်ရာတော်၏ အပြုအမူများမှာ ရိုသေမှုကင်းမဲ့သည်ဟု တော်ဝင်ကြေညာချက်တွင် ပါရှိသည်။ ထို့ပြင် ဆနီနက်သည် ရည်မှန်းချက်ကြီးလွန်းပြီး မိမိကိုယ်ကို ရှေ့တန်းတင်လွန်းကာ ၎င်းကိုယ်တိုင် မိဖုရားရာထူးရယူရန် ကြိုးပမ်းကြောင်းလည်း ဖော်ပြထားသည်။ ကြင်ရာတော် ဆနီနက်သည် ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး လေယာဉ်မောင်းသူ၊ သူနာပြု၊ သက်တော်စောင့်အဖြစ် လုပ်ကိုင်ခဲ့ကာ ရာစုနှစ်တစ်ခုအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် တော်ဝင်ကြင်ရာတော်အဖြစ် တင်မြှောက်ခြင်းခံရသူဖြစ်သည်။ တနင်္လာနေ့ထုတ် တော်ဝင်ဂေဇက်တွင် ဆနီနက်ကို ဘွဲ့အဆောင်အယောင်များ ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်။

ဆနီနက်သည် ဘုရင်နှင့် မိဖုရားကို ဆန့်ကျင်သည့်အပြုအမူများ လုပ်ဆောင်ပြီး ၎င်း၏အာဏာကို အသုံးပြုကာ ဘုရင့်ကိုယ်စား အမိန့်ပေးစေခိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ကြေညာချက်တွင်ပါရှိသည်။ ၎င်းကို အပ်နှင်းထားသည့် တော်ဝင်အဆောင်အယောင်များ၊ ဘွဲ့များနှင့် ၎င်း၏စစ်ဘက်ဆိုင်ရာ ရာထူးကိုပါ ပြန်လည်ရုပ်သိမ်းရန် ထိုင်းဘုရင်က အမိန့်ပေးခဲ့ခြင်းဖြစ်သည်။



ထိုင်းဘုရင် ကြင်ရာတော် ဆနီနက်ဝုန်ဝချီရာပ့ါခ်ဒီ

**ဘီဘီစီ**

# နိုင်ငံတကာ သတင်းတိုထွာ

## နောက်ထပ်မုန်တိုင်းများ ဂျပန်နိုင်ငံသို့ ချဉ်းကပ်လာ

**တိုကျို အောက်တိုဘာ ၂၁**

အင်အားပြင်းထန်သည့် အပူပိုင်းမုန်တိုင်း နီရိုဂူရီ ဂျပန်နိုင်ငံသို့ ချဉ်းကပ်လာသည့်အတွက် မကြာသေးမီက ဝင်ရောက်ခဲ့သည့် မုန်တိုင်းဟာဂီဘစ်ကြောင့် ရေလွှမ်းမိုးမှုခံခဲ့ရသည့်ဒေသများကို ဂျပန်မိုးလေဝသအရာရှိများက ရတ်တရက်ရေကြီးနိုင်ကြောင်း သတိပေးထားသည်။

အောက်တိုဘာ ၂၁ ရက် နံနက် ၉နာရီတွင် မုန်တိုင်း နီဂိုဂူရီသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း တာနီဂါရှီးမားကျွန်း အရှေ့တောင်ဘက်တွင် ရောက်ရှိနေပြီး အရှေ့မြောက်ဘက်သို့ တစ်နာရီလျှင် ၄၅ ကီလိုမီတာအမြန်နှုန်းဖြင့် ရွေ့လျားနေသည်။

အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် အဆိုပါ မုန်တိုင်းသည် ဂျပန်ပစိဖိတ်ကမ်းရိုးတန်းသို့ ရွေ့လျားလာမည်ဟု ခန့်မှန်းထားသည်။ အောက်တိုဘာ ၂၂ ရက်တွင် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် လေပြင်းများ တိုက်ခတ်ပြီး လှိုင်းကြီးနိုင်ကာ အချို့သောနေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်။

နောက်ထပ် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်ခု ဖြစ်သည့် ဘုလွိုင်သည် ကြာသပတေးနှင့် သောကြာနေ့တို့တွင် မီအိုဂါဆာဝါရာကျွန်းသို့ ချဉ်းကပ်လာနိုင်ကြောင်းလည်း မိုးလေဝသအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံတွင် တုပ်ကွေးကြောင့် ၇၄ ဦးသေဆုံး

**ကိုလံဘို အောက်တိုဘာ ၂၁**

ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်တွင် သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် တုပ်ကွေးကူးစက်ခံရသူ ၅၅၀၀၀ ကျော်ရှိပြီး ၇၄ ဦး သေဆုံးခဲ့ကြောင်း အစိုးရသတင်းအချက်အလက်ဌာနက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၈ ရက်အထိ တုပ်ကွေးကူးစက်ခံရသူ ၅၅၈၉၄ ဦးရှိပြီး ကိုလံဘိုမြို့တွင် လူပေါင်း ၁၁၈၅၄ ဦး ကူးစက်ခံရပြီး ဂမ်ပဟာမြို့တွင် လူပေါင်း ၈၉၇၆ ဦးနှင့် ကာလုတာရာမြို့တွင် ၅၄၅၆ ဦး ကူးစက်ခံနေရကြောင်း သိရသည်။

ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ဌာနစိတ်က ကိုလံဘိုမြို့အပါအဝင် မြို့ကြီးငါးမြို့တွင် ကူးစက်မှုနှုန်း အမြင့်ဆုံး ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်က တုပ်ကွေးကြောင့် သေဆုံးသူ ၅၈ ဦးရှိခဲ့ရာ ယခုနှစ်သေဆုံးသူအရေအတွက်မှာ ပိုမိုများပြားလာသည့်အတွက် သတိပြုစရာ ဖြစ်လာခဲ့သည်။

**ဆင်ဟွာ**

# မတူညီကွဲပြားမှုတွေထဲ ဘဝရဲ့ အဓိပ္ပာယ်ရှာဖွေသူများ

**ထွန်းသစ်စ**

ဒီတစ်ခါ နိုင်ငံတကာရေးရာမှာ တင်ပြချင်တဲ့အကြောင်းကတော့ ဗြိတိန်တော်ဝင်မင်းသားညီနောင်အကြောင်းပဲ ဖြစ်ပါတယ်။ ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီက သူ့အစ်ကိုနဲ့ လျှောက်လှမ်းရာလမ်းကြောင်းချင်း မတူညီသလို တစ်ခါတစ်ရံမှာ အခန့်မသင့်မှုလေးတွေ၊ အဖုအထစ်လေးတွေ ဖြစ်တတ်တယ်လို့ ပြောလိုက်ပါတယ်။ အသက် ၃၅ နှစ်ရှိ မြင့်မြတ်သောဂုဏ်ထူးဘွဲ့ကို ကင်ပွန်းတပ်ခံထားတဲ့ မင်းသားဟယ်ရီဟာ သူ့အစ်ကိုနဲ့ ပုံစံချင်းမတူပါဘူး။ သူ့အစ်ကိုဖြစ်တဲ့ မင်းသားဝီလီယံကတော့ ဗြိတိန်အိမ်ရှေ့စံမင်းသား ချားလ်စ်နဲ့ ဝေလမင်းသမီး ဒိုင်ယာနာတို့ရဲ့ သားဦးဖြစ်ကာ ဒုတိယအိမ်ရှေ့နန်းလျာ ဖြစ်ပါတယ်။ သူ့ကို လန်ဒန်မြို့ စိန့်မေရီဆေးရုံမှာ မွေးဖွားခဲ့ပါတယ်။ ဟယ်ရီက ဒုတိယမြောက်သားတော် ဖြစ်ပါတယ်။ ဟယ်ရီဟာ ဗြိတိန်နန်းမွေဆက်ခံမယ့်စာရင်းမှာ ခြောက်ယောက်မြောက်နေရာမှာရှိနေတဲ့သူ ဖြစ်ပါတယ်။

### အလွန်ချစ်ပါတယ်

အသက် ၃၅ နှစ်ရှိ ဟယ်ရီနဲ့ အသက် ၃၇ နှစ်ရှိ ဝီလီယံတို့ဟာ ညီအစ်ကိုတွေ ဖြစ်ပေမယ့်လည်း ဟယ်ရီဟာ သူနဲ့ သူ့အစ်ကိုကြား ကြီးထွားလာတဲ့ ကောလာဟလသတင်းတွေကြောင့် ဒုက္ခရောက်နေရပါတယ်။ တော်ဝင်မိသားစုထဲမှာ မလွှဲမရှောင်သာတဲ့ ကိစ္စရပ်တွေလည်း ဖြစ်လာနိုင်တယ်လို့ သူက ပြောပါတယ်။

ဟယ်ရီဟာ သူ့ရဲ့ ကြင်ရာတော် ဆူးဆက်စ်နယ်စားကတော် မီဂန်မာကယ်နဲ့ မကြာသေးခင်ကမှ သွားခဲ့တဲ့ တောင်အာဖရိကခရီးစဉ်ရဲ့ အိုင်တီဗွီ ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း တစ်ခုမှာတော့ "ကျွန်တော်တို့ဟာ ညီအစ်ကိုတွေပါပဲ။ ကျွန်တော်တို့ အမြဲပဲ ညီအစ်ကိုတွေပါပဲ" လို့ ပြောခဲ့ပါတယ်။

"အခုလတ်တလောမှာ ကျွန်တော်တို့တွေ မတူညီမှုလေးတွေရှိနေသော်လည်း ကျွန်တော့်အနေနဲ့ သူ့ဘက်မှာ အမြဲရှိနေမှာပါ။ အဲဒီလိုပဲ သူကလည်း ကျွန်တော့်ဘက်မှာ အမြဲရှိနေမှာပါ" လို့ ဟယ်ရီက ဆက်ပြောပါတယ်။ "ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက်မတွေ့နိုင်ကြသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အလုပ်တွေ အလွန်များနေလို့ပါလို့ ဟယ်ရီက ပြောပါတယ်။ ဒါပေမယ့် သူ့ကိုတော့ အလွန်ချစ်ပါတယ်" လို့ သူက ဆက်ပြောပါတယ်။

### ဝေးကြပြီ

အဆင်မပြေမှုတွေဟာ ဘာမှမဟုတ်ပါဘူး။ ညီအစ်ကိုတွေအနေနဲ့ ကောင်းတဲ့ရက်တွေရှိသလို ဆိုးတဲ့ရက်တွေလည်းရှိပါတယ်လို့ ဟယ်ရီက ပြောပါတယ်။ ဝီလီယံနဲ့ ဟယ်ရီတို့ဟာ သူတို့မိခင် ဝေလမင်းသမီး ဒိုင်ယာနာအသက် ၃၆ နှစ်မှာ ကားမတော်တဆမှုနဲ့ ဆုံးပါးသွားပြီးနောက်မှာ ခိုင်မာတဲ့ ချစ်ကြည်မှုတွေနဲ့ ကြီးပြင်းခဲ့ကြပါတယ်။

သို့သော်လည်း တစ်ချိန်က ဝီလီယံဟာ ရာဇပလ္လင်အတွက် ဦးတည်ချက် ထားနိုင်ခဲ့သော်လည်း အခုတော့ ဟယ်ရီမှာ ဇနီးနဲ့ နန်းမွေလျာ ကလေးလည်းရှိလာခဲ့ပြီဆိုတော့ ဝီလီယံဟာ အခြေအနေတစ်မျိုး တစ်မည် ထူးခြားအောင် သူကိုယ်တိုင် စတင်လှုပ်ရှားရတော့မယ့် အနေအထား ရောက်ရှိလာခဲ့တဲ့သဘောပါ။ ဒီနှစ်မှာ ညီအစ်ကိုတွေဟာ သူတို့ရဲ့ ပူးတွဲရုံးများနဲ့ ကုသိုလ်ဖြစ် ဖောင်ဒေးရှင်းများကိုလည်း ခွဲထုတ်ခဲ့သလို အတူတူ နီးကပ်ဆက်ဆံမှုများ ပြုလုပ်ခြင်းမရှိတော့ကြောင်းလည်း သိရပါတယ်။



ဗြိတိန်တော်ဝင်မင်းသားညီနောင် ဟယ်ရီနှင့် ဝီလီယံတို့ကို ၎င်းတို့၏ ကြင်ရာတော်များနှင့် တွေ့ရစဉ်။

### အရပ်သူ မီဂန်

ဟယ်ရီနဲ့ မီဂန်တို့ဟာ ၂၀၁၈ ခုနှစ် မေလမှာ လက်ထပ်ခဲ့ပြီး သားဦးလေးဖြစ်တဲ့ အာချီမောင့်ဘတ်တန်ဝင်ဆာကို ဒီနှစ် မေလမှာ ဖွားမြင်သန့်စင်ခဲ့ပါတယ်။ ဝီလီယံရဲ့ဇနီး ကိတ်နဲ့ ရန်ငြိုးထားတယ်လို့ကောလာဟလသတင်းများ ထွက်ပေါ်လာခဲ့တဲ့ မီဂန်ကို သူ့သူငယ်ချင်းများက မင်းသား ဟယ်ရီကို လက်မထပ်ဖို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့်လည်း အမေရိကန် ရုပ်ရှင်မင်းသမီးတစ်လက်ဖြစ်တဲ့ မီဂန်က ဟယ်ရီကို သဘောကျ နှစ်ခြိုက်ခဲ့ပါတယ်။ မင်းသမီး မီဂန်ဟာ ရိုမန်ကက်သလစ်ဘာသာဝင် အမေရိကန် လူလတ်တန်းစားမိသားစုက ပေါက်ဖွားလာခဲ့သူ ဖြစ်ပါတယ်။ သူဟာ ကျား မ တန်းတူအရေးနဲ့ လူသားချင်း စာနာထောက်ထားတဲ့ ကိစ္စရပ်တွေမှာ ဆောင်ရွက်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ အသက် ၃၈ နှစ်ရှိတဲ့ မီဂန်ဟာ ရုပ်ရှင်နဲ့တီဗွီထုတ်လုပ်ရေးမှူးတစ်ဦးနဲ့ အရင်က အိမ်ထောင်ကျခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

ကုလသမဂ္ဂရဲ့ လုပ်ငန်းတာဝန်တချို့ကို ဟယ်ရီနဲ့ မီဂန်တို့ နီးနီးကပ်ကပ်ထမ်းဆောင်ခဲ့ပြီးနောက်မှာ သူတို့နှစ်ဦးဟာ ချစ်ကျွမ်းဝင်ခဲ့ကြပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ သူတို့ရဲ့ အချစ်ဇာတ်လမ်းစတင်ခဲ့ပြီး နိုဝင်ဘာလမှာတော့ သူတို့နှစ်ဦး စေ့စပ်ခဲ့ကြပါတယ်။ ဒီနေရာမှာ ဟယ်ရီအနေနဲ့ အရပ်သူတစ်ဦးဖြစ်တဲ့ မီဂန်ကို လက်ထပ်လိုက်တဲ့အတွက် အခက်အခဲတွေ အနည်းငယ်ကြုံတွေ့ခဲ့ရပါတယ်။ အရင်က ဗြိတိန်တော်ဝင်မျိုးဆက်တွေဟာ ရိုမန်ကက်သလစ်ဘာသာဝင်တွေကို လက်ထပ်လိုက်ရင် ထီးနန်းဆက်ခံခွင့်ရမှာမဟုတ်ဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ သို့သော်လည်း ၂၀၁၅ ခုနှစ်မှာ အတည်ပြုခဲ့တဲ့ ထီးနန်း ဆက်ခံရေးနည်းဥပဒေသစ်မှာ ဒါကို ပယ်ဖျက်ခဲ့ပါတယ်။ မီဂန်အနေနဲ့ မင်းသားဟယ်ရီနဲ့ လက်ထပ်လိုက်ပေမယ့် မင်းသမီးဆိုတဲ့ ဂုဏ်ပုဒ်ကိုတော့ တပ်ခွင့်မရခဲ့ဘူးလို့ သိရပါတယ်။

### မိသားစုအရေးကာကွယ်

ဗြိတိန်သတင်းစာတွေကလည်း ဒီအကြောင်းကို အားရပါးရရေးကြပါတယ်။ အသက် ၃၈ နှစ်ရှိတဲ့ မီဂန်ဟာ အခုတော့ သူ့ရဲ့ မိသားစုအကြောင်းနဲ့ရော နန်းတော်မှာ ကွဲလွဲမှုတွေဖြစ်နေတဲ့အကြောင်းနဲ့ပါ သတင်းစာတွေရဲ့ ထိုးနှက်မှုကို ခံနေရပါတယ်။ သူ့ဖခင်ရဲ့ ကိုယ်ရေးကိုယ်တာကို စွပ်စွဲရေးသားခဲ့တဲ့အတွက် ဗြိတိန်သတင်းစာ သည်မေးလ်ကိုလည်း တရားစွဲထားပါတယ်။ ဟယ်ရီဟာ ဖုန်းပြောမှုကို ကြားဖြတ်ထောက်လှမ်းမှုပြုလုပ်ခြင်း သို့မဟုတ် အသံမေးလ်များကို ကြားဖြတ်ယူခြင်းတွေကို တရားမဝင်ပြုလုပ်ခဲ့တဲ့ ဗြိတိန်သတင်းစာအုပ်စုနှစ်စုကိုလည်း တရားစွဲထားပါသေးတယ်။

မီဂန်ဟာလည်း ဒိုင်ယာနာလိုပဲ သတင်းမီဒီယာတွေရဲ့ ဖိအားတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဟယ်ရီက ပြောပါတယ်။ ကျွန်တော့်အနေနဲ့ မိသားစုကို ကာကွယ်ရမယ်လို့ သူက ဆက်ပြောပါတယ်။ ကျွန်တော့်အမေကို သတ်ခဲ့တဲ့အဖြစ်မျိုး အရောက်မခံနိုင်ဘူးလို့ ဟယ်ရီက မိသားစုအရေး ကာကွယ်ပြောကြားထားပါတယ်။

မီဂန်က သူ့အနေနဲ့ ဗြိတိန်အထက်တန်းလွှာတွေရဲ့ အမူအကျင့်မျိုးရရှိဖို့ ကြိုးစားခဲ့ပေမယ့်လည်း တကယ်တမ်းကျတော့ အတွင်းပိုင်းပျက်စီးနေတဲ့အရာတွေသာဖြစ်တယ်လို့ ထင်မြင်ယူဆမိကြောင်း ပြောပါတယ်။ တစ်ခုခုရှင်သန်နေဖို့အတွက် ကြိုးစားနေရတာဟာ ဘဝရဲ့ တကယ့်အနှစ်သာရမဟုတ်ဘူးလို့ မီဂန်က ပြောပါတယ်။ သူ့အနေနဲ့ ဘဝမှာ ဒုက္ခတွေနဲ့ တွေ့ကြုံခဲ့သလားလို့ မေးရင်ရိုးသားစွာနဲ့ပဲ ဟုတ်တယ်လို့ပဲ ပြောရမှာပါလို့ ဆိုပါတယ်။

### ဘဝရဲ့အနှစ်သာရရှာဖွေ

သူ့ရဲ့ဘဝမှာ အတိတ်ဆိုးတွေ တွေ့ကြုံခဲ့တဲ့ ဟယ်ရီကလည်း ကျွန်တော့်အနေနဲ့ အရုပ်တော်ပုံတွေထဲက ထွက်သင့်ပြီထင်တယ်လို့ ပြောလိုက်ပါတယ်။ သူတို့ ဇနီးမောင်နှံဟာ အခုတော့ အလုပ်ကရက်သတ္တပတ် ခြောက်ပတ်လောက် အနားယူထားပါတယ်။

ဟယ်ရီက အာဖရိကခရီးစဉ်မှာ ဘာပြောခဲ့လဲဆိုရင် သူ့အနေနဲ့ အာဖရိကမှာနေချင်ကြောင်း၊ ဒါပေမယ့်လည်း မှန်ကန်သင့်တော်တဲ့နေရာဆိုတာ ရှာရတာခက်ခဲကြောင်း ပြောပါတယ်။ သူ့အဘွားဘုရင်မကြီး အဲလိဇဘတ်-၂ ဟာ ဓနသဟာယအဖွဲ့ကြီးရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့အတွက် သူဟာ ဟယ်ရီကို နိုင်ငံပေါင်း ၅၃ နိုင်ငံပါဝင်တဲ့ ဒီအဖွဲ့ကြီးရဲ့ သံတမန်အဖြစ် ခန့်အပ်ခဲ့ပါတယ်။ အဲဒီနိုင်ငံပေါင်း ၅၃ နိုင်ငံမှာ အာဖရိကနိုင်ငံပေါင်း ၁၉ နိုင်ငံ ပါဝင်ပါတယ်။

ကျွန်တော်ရဲ့ ကျန်ရှိတဲ့ဘဝမှာ ကျွန်တော်ဟာ အာဖရိကအတွက် လုံးဝကို အာရုံစိုက်သွားမယ်လို့ သူကပြောပါတယ်။ ဒါပေမယ့်လည်း အခုလောလောဆယ်တော့ အာဖရိကဘယ်နေရာမှာ နေရမလဲမသိသေးဘူးလို့ သူက ဆက်ပြောလိုက်ပါတယ်။ ဘဝမှာ မတူညီမှုတွေ၊ ခြားနားမှုတွေ ရှိနေသော်လည်း ဘဝရဲ့ အနှစ်သာရကို ဆက်လက်ရှာဖွေရဦးမှာပါ။

**ကိုးကား - အေအက်ဖ်ပီ**

> “တစ်ချိန်က ဝီလီယံဟာ ရာဇပလ္လင်အတွက် ဦးတည်ချက် ထားနိုင်ခဲ့သော်လည်း အခုတော့ ဟယ်ရီမှာ ဇနီးနဲ့ နန်းမွေလျာ ကလေးလည်းရှိလာခဲ့ပြီဆိုတော့ ဝီလီယံဟာ အခြေအနေတစ်မျိုး တစ်မည် ထူးခြားအောင် သူကိုယ်တိုင် စတင်လှုပ်ရှားရတော့မယ့် အနေအထား ရောက်ရှိလာခဲ့တဲ့ သဘောပါ။ ဒီနှစ်မှာ ညီအစ်ကိုတွေဟာ သူတို့ရဲ့ ပူးတွဲရုံး များနဲ့ ကုသိုလ်ဖြစ်ဖောင်ဒေးရှင်းများကိုလည်း ခွဲထုတ်ခဲ့သလို အတူတူနီးကပ်ဆက်ဆံမှုများ ပြုလုပ်ခြင်းမရှိတော့ကြောင်းလည်း သိရ”

# မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး သပိတ်လုံးဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုံရွာမြို့ ဆုတောင်းပြည့် ဘုရားဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပသော ဆုတောင်းပြည့်ဘုရားကြီး သပိတ်လုံးဆွမ်းဆန်စိမ်းလောင်းလှူပွဲတော်သို့ တက်ရောက်ခဲ့ပြီး ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့ကို ကပ်လှူပူဇော်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား သပိတ်လုံးဆွမ်းဆန်စိမ်းများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဆရာတော် အရှင်သူမြတ်များထံမှ ဝန်ကြီးချုပ်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာယူကြည်ညိုကြာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်များထံမှ အနုမောဒနာ တရားနာယူ ကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ **ထွန်းကိုကို(ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ ဆရာတော်၊ သံဃာတော်များထံမှ တရားနာယူကြစဉ်။

# မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများ ဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)တို့ ပူးပေါင်းကျင်းပသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ကောက်ယူထားရှိသော မသန် စွမ်းသူများ ဆိုင်ရာသတင်းအချက်အလက်ကို ကွင်းဆင်းလေ့လာ၍ ပြန်လည်မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာများပြုစုတင်ပြခြင်း၊ လုပ်ငန်းများဆောင်ရွက်ရန်ဆွေးနွေးပွဲ၊ မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ စိန်ဂျိုးဇက် အောက်မေ့ဖွယ် ဓမ္မာရုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မသန်စွမ်းအခွင့်အရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး စုစုပေါင်းအဖွဲ့ဝင် ၅၅ ဦးဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင်ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီများကို သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက် ၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး ပြည်နယ်မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မသန်စွမ်းသူများကလည်း မသန်စွမ်းသူအသင်း အဖွဲ့များတွင် ဦးဆောင်ပါဝင်လျက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ကို ၂၀၁၆ ခုနှစ် မတ်လတွင် ရွေးကောက်ဖွဲ့စည်းခဲ့ကြောင်း၊ ဩဂုတ် ၉ ရက်တွင် ရှမ်းပြည် နယ်မသန်စွမ်းသူများအသင်းကို မဲစနစ်ဖြင့် ရွေးချယ်ကာ အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီများကတစ်ဆင့် လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှု မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခွင့်အရေးများကို ပြည့်မီလာစေရန် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များဆိုင်ရာ ၂၀၃၀ အစီအစဉ်၏ ကတိပြုထားရှိသော မည်သူမှနောက်ကျမကျန်ရစ်စေရေးမူနှင့်အညီ တိုင်းရင်းသားလူမျိုးမသန်စွမ်းသူများ လူနည်းစုမသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ လုပ်ငန်းဆောင်ရွက်နေမှုကို အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကောင်းထက်သာက ရှင်းလင်းတင်ပြကာ "နှလုံးသားထက်မြက်သူ" မှတ်တမ်းတင်ဗီဒီယိုခွေပြသ၍ ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

# ဘားအံ၌ လူထုအမှတ်သညာပွဲတော်ကျင်းပ

**ဘားအံ အောက်တိုဘာ ၂၁**

လူ့အဖွဲ့အစည်းအတွင်း ဆင့်ကဲပြောင်းလဲမှုများကို ဓာတ်ပုံမှတ်တမ်းအနေဖြင့် ပြသထားပြီး ဘားအံမြို့၏ လွန်ခဲ့သော ရှေးနှစ်ပေါင်း ၅၀၊ ၆၀ ခန့်က ဓာတ်ပုံဟောင်းများကို စုစည်း၍ ထိုစဉ်အချိန်ကပုံရိပ်နှင့် ယခုပုံရိပ် ပြောင်းလဲလာမှုကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ဘားအံမြို့ လူထုအမှတ်သညာပွဲတော် Open History Project ကို အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်ခန်းမ၌ ကျင်းပသည်။

အဆိုပါပွဲတော်ကိုအောက်တိုဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိပြီး ဘားအံမြို့ရှိ ရှေးကျသော ဓာတ်ပုံများ၊ ကရင်ရိုးရာရှေးဟောင်းတူရိယာများ၊ ပန်းချီ၊ ပန်းပု၊ ရှေးပုံရိပ်ပို့စကတ်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကာ ဘားအံမြို့နှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ ထုံးကျောက်ဂူများနှင့်ပတ်သက်သည့် စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ပန်းပု လက်တွေ့ရေးဆွဲခြင်းများ၊ ကဗျာရွတ်ဆိုခြင်းများ၊ ဘားအံမြို့ အမှတ်တရစကားဝိုင်းများ၊ ဓာတ်ပုံနှင့်မှတ်တမ်းရုပ်ရှင်ပြိုင်ပွဲ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူထုအမှတ်သညာ ပွဲတော်ကို Helvetas Myanmar နှင့် German Federal Foreign Office's တို့၏ အထောက်အပံ့ဖြင့် Yangon Pansodan Gallery မှ ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး လူထုအမှတ်သညာပွဲတော်နှင့် Open History Project ဒါရိုက်တာဖြစ်သူ ဦးအောင်စိုးမင်းက ပြည်နယ်ဝန်ကြီး ချုပ်ထံ အမှတ်တရ ပန်းချီကားချပ်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် ဓာတ်ပုံ၊ ပန်းချီ၊ ရှေးဟောင်းတူရိယာများကို ကြည့်ရှု အားပေးခဲ့သည်။

ယခုပွဲတော်သည် ဘားအံမြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဒေသတွင်း လူမှုအဖွဲ့အစည်းတစ်ခု ပြောင်းလဲလာပုံကို လူထုကြားက သမိုင်းအဖြစ် ချဉ်းကပ်လေ့လာကာ ဓါတ်ပုံမှတ်တမ်းများ၊ အနုပညာပစ္စည်းများဖြင့် ပြပွဲအဖြစ် ခင်းကျင်းပြသထားပြီး မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



Open History Project ဒါရိုက်တာ ဦးအောင်စိုးမင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်အား အမှတ်တရပန်းချီကားပေးအပ်စဉ်။

# ရှင်မတောင်ဒေသဝန်းကျင် ရေရရှိရေး ရှင်းလင်းတင်ပြပွဲ ကျင်းပ

**ရေစကြို အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၉ ရက်က ပခန်းကြီးဒေသ OISCA စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ရှင်မတောင်ဒေသဝန်းကျင်ရေရရှိရေး ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသစ်ပင် ချစ်သူများအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသန်းထိုက်ဦးက ရှင်မတောင်ဒေသ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ချင်းတွင်းမြစ်ရေကို ရှင်မတောင်-တောင်ခြေသို့ ပိုက်သွယ်တန်းဆောင်ရွက်နိုင်ရေး တင်ပြသည်။

ဆက်လက်၍ ပခုက္ကူခရိုင် ဆည်မြောင်းနှင့် ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဒေသ၏ မိုးရေချိန်ပြောင်းလဲလာသော ရာသီဥတုနှင့် ရှင်မတောင်ဒေသဝန်းကျင် ကျေးရွာပေါင်း ၃၀ ကျော်မှ ဒေသခံပြည်သူများ၏ ခက်ခဲနေသောသောက်သုံးရေအခြေအနေ၊ ရှင်မတောင်ဝန်းကျင်သဘာဝပတ်ဝန်း ကျင်စိမ်းလန်းစိုပြည်ရေးအတွက်အဓိကလိုအပ်သောရေကို OISCA သင်တန်းကျောင်းအနီးမှ ချင်းတွင်းမြစ်ရေကို ရှင်မတောင်-တောင်ခြေသို့ ပိုက်သွယ်တန်းနိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းဒေကြီးဝန်ကြီးချုပ်က ဆာဗေးပြုလုပ်၍ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးအချက်အလက်များကို စနစ်တကျ စာရင်းကောက်ယူပြုစုရေး မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရှင်မတောင်သို့ ခရီးဆက်ကြပြီး တောင်ခြေရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်း လန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသ၏ အပူချိန် မိုးရွာသွန်းမှု၊ သစ်တောများ ထိန်းသိမ်းထားရှိမှု၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ ထူထောင်ထားရှိမှုနှင့် ရေလိုအပ်မှု၊ ရှင်မတောင်ဝန်းကျင် ကျေးရွာ ၃၀ ကျော်မှ ဒေသခံပြည်သူများ၏ သောက်သုံးရေ အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင် တစ်သောင်းကျော် စမ်းသပ်ပေးပြီး ၃၀၁၃ ဦး အခမဲ့ခွဲစိတ်ကုသပေး

**ကလေး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြအောင် (ပါမောက္ခငြိမ်း)နှင့် ဒေါက်တာမိမိခင် (သီတဂူဆေးရုံ-စစ်ကိုင်း) စသော မျက်စိအထူးကု ဆရာဝန်ကြီးတို့မှ ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ မဟာသန္တာရုံ ကျောင်းတိုက်တွင်ဖွင့်လှစ်ထားရှိသော သီတဂူအာရောဂျဒါနဆေးရုံတော်တွင် (၁၃)ကြိမ်မြောက်အဖြစ် မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ ခွဲစိတ်ကုသပေးခဲ့ရာ ရဟန်းရှင် လူပြည်သူ ၃၁၁ ဦး တို့ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

"မျက်စိကုသဖို့ လာတဲ့သူအားလုံး စိတ်ချမ်းသာမှုရှိစေဖို့နေရာထိုင်ခင်းက အစ လိုက်လံဆောင်ရွက်ပေးပါတယ်။ ဘာသာပေါင်းစုံကနေ မျက်စိဝေဒနာရှင် လူနာပေါင်းစုံ ဆေးလာကုကြတာဆိုတော့ သူတို့တွေ အားလုံးအဆင်ပြေအောင်၊ စိတ်ချမ်းသာမှုရှိအောင် အစစအရာရာ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်မှ သီတဂူအာရောဂျဒါန ဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဆရာတော် ဘဒ္ဒန္တပုညသေဠက မိန့်ကြားသည်။

မျက်စိ ဝေဒနာရှင်များအား အောက်တိုဘာ ၁ ရက်မှ စတင်၍ စမ်းသပ်ပေးခဲ့ပြီး အဆိုပါ လူနာများထဲမှ ခွဲစိတ်ရန် ရွေးချယ်ထားသည့် လူနာ ၁၀၉၉ ဦးအနက် ၃၁၁ ဦးတို့ကို အခမဲ့ ခွဲစိတ် ကုသပေးခဲ့ကြောင်း၊ မျက်စိ လာရောက်ပြသသူများသည် ကလေးမြို့နယ်အတွင်းရှိကျေးရွာများ သာမက ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ချင်းတွင်း အထက်ပိုင်းဒေသများမှ လာရောက် ကုသကြကြောင်း၊ ပထမ အကြိမ်မှ (၁၃) ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် လူနာပေါင်း ၁၄၂၄၆ ဦး တို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် လူနာပေါင်း ၃၀၁၃ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



ကလေးမြို့၌ အခမဲ့ခွဲစိတ်ကုသပေးနေသော သီတဂူအာရောဂျဒါနဆေးရုံ။

# ဌာနဆိုင်ရာများနှင့် စာသင်ကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်များငှားရမ်း

**မော်လိုက် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေဗဟုသုတများ အလွယ်တကူ ရှာမှီးနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် စာသင်ကျောင်းများသို့ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တိုင်း ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်ငှားရမ်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အပတ်စဉ် ရွေ့လျားစာကြည့်တိုက် စာအုပ်ငှားရမ်းခြင်းကို တနင်္လာနေ့တွင် ခရိုင်/မြို့နယ် ဌာနဆိုင်ရာရုံးများသို့လည်းကောင်း၊ သောကြာနေ့တွင် မော်လိုက် (အထက) စာသင်ကျောင်းနှင့် တပ်နယ်ကျောင်းသို့လည်းကောင်း သုတရသစာအုပ်များကို ပြည်သူများ လက်ဝယ်အရောက် ငှားရမ်းပေးလျက်ရှိရာ တစ်ပတ်လျှင် စာအုပ်ငှားရမ်းသူ တစ်ရာနီးပါးခန့်ရှိကြောင်း မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဦးခမ်းက ပြောသည်။

**မော်လိုက်သားလေး**



ရွေ့လျားစာကြည့်တိုက်မှ စာအုပ်များငှားရမ်းပေးနေစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လင်းယုန် စီမံချက်ဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စီမံချက်ဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းများလျော့နည်းကျဆင်းရေး၊ အများပြည်သူအပေါ် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်နေပြီး ဗိုလ်ကျအနိုင်ကျင့် စိုးမိုးသူများ ဒုစရိုက်မှု ကျူးလွန်သူများ၊ ပြေးလေးပြေးများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိသော လင်းယုန်စီမံချက်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီး ဘုရင့်နောင်တံတားအနီး ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ၊ ဒုရဲအုပ်စိုးသူ၊ ဒုရဲအုပ်သူရစိုးနှင့်အဖွဲ့၊ ဘုရင့်နောင်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးမြင့်သန်းနှင့် အဖွဲ့တို့ ပူးပေါင်း၍ မရမ်းကုန်းမြို့နယ်ရှိ ရပ်ကွက်အတွင်း မှုခင်းပေါ်ပေါက်နိုင်သောနေရာများသို့ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများနှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးအတွက် နေ့ညတာဝန်ခွဲကာ လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၁၀-၂၀၁၉

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | - |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ ကျပ် | ၉၆၀/၉၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၄၅ ကျပ် | ၈၈၀/၈၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၁၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၆ . ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၉၀ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၂ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၆၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၆ . ၈၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၉၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၅၃၁၈ | ၆၁၁၇၅၅၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၅၅၁၀ | ၂၁၇၆၄၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၅၀၀ | ၁၁၆၃ | ၂၇၀၈၀၅၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၁၀ | ၃၀၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မွန်ပြည်နယ် မော်လမြိုင်ခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ ခုသို့ လေ့လာရေးခရီး ထွက်ခဲ့စဉ် ပေါင်မြို့မှ အရှေ့တောင်ဘက်သို့ ၃၂ ဒသမ ၈ ကီလိုမီတာဝေးသည့် မော်လမြိုင်မြို့သို့ သွားရန် ၁၁၅၇၅ ပေ ရှည်လျားသည့် သံလွင်တံတားကို ဖြတ်သန်းခဲ့ရသည်။ တံတားအောက်၌ ခေါင်းဆေးကျွန်းကို မြင်ရပြီး တစ်ချိန်တုန်းက မုတ္တမဘက်ကမ်းမှ မော်လမြိုင်ဆိပ်ကမ်းသို့ သင်္ဘောဖြင့် သွားခဲ့ရပုံကို သတိရမိခဲ့ပါသည်။ သံလွင်တံတား တည်ဆောက်ခဲ့ပြီးနောက်တွင်မူ ရန်ကုန်မြို့မှ ထားဝယ်မြို့အထိ မီးရထားဖြင့် သွားလာနိုင်ခဲ့ပေသည်။

**မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်**

ရာဇဝင်ကျမ်းများ အဆိုအရ သာသနာသက္ကရာဇ် ၁၅၇ ခုနှစ်တွင် ရာမညရာဇမင်းသည် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် သောင်ရင်းမြစ်တို့ ပေါင်းစည်းသည့် အရပ်၌ ပထမ မော်လမြိုင်မြို့ကို တည်ထားခဲ့သည်ဟု ဆိုသည်။ လက်ရှိ မော်လမြိုင်သည် ဒုတိယ မော်လမြိုင်ဖြစ်၍ မွတ်မယ်လိန်မှ မော်လမြိုင်ဟု ခေါ်တွင်ခဲ့သည်ဟု အဆိုရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် ဖော်ပြထားသည်။

အရှေ့အနောက် ခုနစ်မိုင်၊ တောင်မြောက် ၁၇ မိုင် ရှည်လျား၍ ၈၈ ဒသမ ၈၂ စတုရန်းမိုင် ကျယ်ဝန်းသည့် မော်လမြိုင်မြို့နယ်သည် အရှေ့ဘက်တွင် ကျိုက်မရောမြို့နယ်၊ အနောက်ဘက်တွင် ချောင်းဆုံမြို့နယ်၊ တောင်ဘက်တွင် မုဒုံမြို့နယ်နှင့် မြောက်ဘက်တွင် ဘားအံမြို့နယ်တို့နှင့် ထိဆက်နေသည်။ တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်၌ အကျယ်ပြန့်ဆုံး မြေနိမ့်လွင်ပြင်ဖြစ်သည့် မော်လမြိုင်မြို့နယ်တွင် နာဂဝီသတောင်တန်းသည် မြို့၏ အရှေ့ဘက်၌ တောင်မှမြောက်သို့ သွယ်တန်းနေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၁၈ ပေ မြင့်သည့် မော်လမြိုင်မြို့နယ်သည် မြစ်ချောင်းပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ခေါင်းဆေးကျွန်းနှင့် ထားဝယ်ကျွန်းတို့သည် ထင်ရှားသည်။ မော်လမြိုင်မှ အတ္တရံမြစ်အတိုင်း ကြာအင်းဆိပ်ကြီးမြို့သို့လည်းကောင်း၊ ဂျိုင်းမြစ်အတိုင်း ကျုံဒိုးမြို့သို့လည်းကောင်း၊ သံလွင်မြစ်အတိုင်း ဘားအံမြို့သို့လည်းကောင်း သွားရောက်နိုင်သည်။ မိုးရွာသွန်းမှုများပြားသော မော်လမြိုင်မြို့နယ်တွင် ၂၀၁၆ ခုနှစ်က မိုးရွာသွန်းရက် ၁၁၈ ရက်နှင့် မိုးရေချိန် လက်မ ၁၅၀ ရှိခဲ့သည်။

မော်လမြိုင်မြို့နယ်ကို ရပ်ကွက် ၂၉ ခုနှင့် ကျေးရွာ ၃၂ ရွာဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်သည့် စာရင်းများအရ မြို့နယ်၏ လူဦးရေသည် ၂၅၈၀၀၃ ဦးဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၅၇ ဒသမ ၀၆ ရာခိုင်နှုန်း(၁၄၇၂၁၈ ဦး) သည် ဗမာလူမျိုးများဖြစ်၍ မွန်၊ ကရင်နှင့် ရှမ်း တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ဒေသနေ ပြည်သူ ၈၀ ဒသမ ၅ ရာခိုင်နှုန်း(၂၀၇၉၃၈ ဦး) သည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာကို ကိုးကွယ်သူများလည်း ရှိကြသည်။

မော်လမြိုင်သည် မွန်ပြည်နယ်၏ စီးပွားရေး အချက်အချာကျသောမြို့ဖြစ်ပြီး ဒေသနေပြည်သူများသည် စပါး၊ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်ပင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းကို အများဆုံး လုပ်ကိုင်ကြသည်။ ထို့အတူ စက်မှုဇုန်များတွင် စက်ရုံ ၃၉၇ ရုံ ဖွင့်လှစ်ကာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်း မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်နည်းပညာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံတို့ကို ဖွင့်လှစ်ထားပြီး အခြေခံပညာကဏ္ဍတွင် အထက်တန်းနှင့် အထက်တန်းကျောင်းခွဲ ၂၆ ကျောင်း၊ အလယ်တန်းနှင့် အလယ်တန်းကျောင်းခွဲ ကိုးကျောင်း၊ မူလတန်းကျောင်း ၁၁၄ ကျောင်း ရှိသည်။ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် ခုတင် ၅၀၀ ဆံ့ ပြည်နယ်ဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ အမှတ်(၅) တပ်မတော်ဆေးရုံ၊ ခုတင် ၂၀၀ ဆံ့ အမျိုးသမီးနှင့် ကလေးဆေးရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ တက္ကသိုလ်ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံ ခုနစ်ရုံ ဖွင့်လှစ်ထားသည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးရန်အတွက် ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃ ခု ရှိသည်။

မြို့နယ်၏ သမိုင်းဝင် အဆောက်အအုံများအဖြစ် မင်းတုန်းမင်း၏ မိဖုရားတစ်ပါးဖြစ်သော စိန်တုံးမိဖုရား တည်ထောင်ခဲ့သည့် ရတနာဘုံမြင့်ကျောင်းနှင့် ကတိုးကျေးရွာရှိ ဦးနာအောက်သိမ်ကို လေ့လာနိုင်ကြသည်။



မုဒုံမြို့နယ်မှ ဝင်းစိန်တောရ

**ချောင်းဆုံသို့**

မော်လမြိုင်မြို့မှ အနောက်တောင်ဘက် ၂၅ ဒသမ ၈ ကီလိုမီတာတွင်ရှိသည့် ချောင်းဆုံမြို့နယ်သည် အရှေ့မှ အနောက်သို့ ၁၀ မိုင် ၂ ဖာလုံနှင့် တောင်မှမြောက်သို့ ၁၉ မိုင် ၄ ဖာလုံ ကျယ်ဝန်းသည့် ဘီလူးကျွန်းဟု ထင်ရှားသည့် ကျွန်းကြီးဖြစ်ကာ အင်္ဂလိပ်အစိုးရက ၁၉၀၁ ခုနှစ်တွင် ဘီလူးကျွန်းကို ချောင်းဆုံမြို့ဟု သတ်မှတ်ခဲ့သည်။ မြို့နယ်သည် ဧရိယာ ၂၅၄ ဒသမ ၀၉၈ စတုရန်းမိုင်ကျယ်ဝန်း၍ ချောင်းဆုံမြို့သည် ၀ ဒသမ ၉၅၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၁၉၇၂ ခုနှစ် ဇူလိုင် ၇ ရက်တွင် ချောင်းဆုံမြို့ကို ရပ်ကွက် သုံးခုဖြင့် ဖွဲ့စည်းပြီး ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ချောင်းဆုံမြို့နယ်ကို ရပ်ကွက်သုံးခု၊ ကျေးရွာ ၇၈ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။ ချောင်းဆုံမြို့နယ်သည် ရေပတ်လည်ဝိုင်းနေကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅ ပေသာ မြင့်သည်။

မြို့နယ်လူဦးရေ ၁၆၁၃၉၁ ဦးအနက် ၁၁၆၃၂၆ ဦး(၇၂ ဒသမ ၀၇ ရာခိုင်နှုန်း)သည် မွန်လူမျိုးများဖြစ်ကြ၍ ဗမာနှင့် ကရင်လူမျိုးများလည်း နေထိုင်ကြသည်။ ဆေးတံ၊ တုတ်ကောက်၊ ကျောက်သင်ပုန်းနှင့် သားရေကွင်း ထုတ်လုပ်သည့် လုပ်ငန်းများကို ချောင်းဆုံမြို့နယ်၌ တွေ့မြင်ကြရပြီး ဒေသနေပြည်သူ အများစုသည် စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးကြသည်။

မြို့နယ်အတွင်း၌ အထက်တန်းကျောင်း ခြောက်ကျောင်း အပါအဝင် အခြေခံပညာကျောင်း ၁၁၁ ကျောင်း၊ ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၀ ဖွင့်လှစ်ထားသည်။ ချောင်းဆုံမြို့ အနောက်ရပ်ကွက်ရှိ ကိုးခန်းကြီးတန်ဆောင်းနှင့် ကမာကေးရွာ၊ ချောင်းဆုံမြို့အရှေ့ပိုင်း ရွာလွတ်ရွာနှင့် မုနိုင်းကျေးရွာရှိ သိမ်တို့သည် ရဟန္တာသိမ်လေးသိမ်အဖြစ် ထင်ရှားသည်။

**ကျိုက်မရောသို့**

ကျိုက်မရောမြို့သည် အတ္တရံမြစ်ပေါ်တွင် တည်ရှိပြီး မော်လမြိုင်မြို့မှ အရှေ့တောင်ဘက်သို့ ကားလမ်းအတိုင်း ၂၀ ဒသမ ၅ ကီလိုမီတာ ကွာဝေးသည်။ ကျိုက်မရောကို မွန်ဘာသာဖြင့် "ကျာမရဟ်"ဟုရေးကာ ထင်ရှားသော ဘုရားဟု အဓိပ္ပာယ်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ဧရိယာ ၅၁၁ ဒသမ ၇ စတုရန်းမိုင် ကျယ်ဝန်းသည့် ကျိုက်မရောမြို့နယ်ကို ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ကျေးရွာ ၁၆၄ ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၂၂၂၀၉၁ ဦးရှိကာ မွန်၊ ကရင်နှင့် ဗမာ လူမျိုးများ အများဆုံး နေထိုင်ကြသည်။

ရော်ဘာသည် မြို့နယ်၏ အဓိကထွက်ကုန်ဖြစ်ကာ ရော်ဘာစိုက်ဧက ၈၁၄၉၄ ဧက ရှိသည်။ ကျိုက်မရော ကျွဲကောသီးနှင့်ကြက်မောက်သီးတို့သည် လူကြိုက်များသော ဒေသထွက်သီးနှံများဖြစ်ကြသည်။

မြို့နယ်အတွင်း အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၁ ကျောင်းနှင့် မူလတန်းကျောင်း ၁၀၀ ဖွင့်လှစ်ထားသည်။ ထို့အတူ ၂၅ ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ တစ်ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲ ၃၈ ခု ရှိသည်။

မြို့နယ်အတွင်း စေတီနှင့် ဘုရား အဆူ ၃၀ ရှိသည့်အနက် ရှင်စောပုရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရား သည် အထူးထင်ရှားသည်။ မွန်ဘုရင်မ ရှင်စောပု လှူဒါန်းခဲ့သော ဘုရားကြီးဝင်းအတွင်း၌ ပူဇော်ထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်၏ အာသန(ခြေတော်ဟန်)သည် ခြေတော်ကို ပလ္လင်ပေါ်မှ အောက်သို့ စုံချထားသဖြင့် ထူးခြားလျက်ရှိသည်။ ထို့အတူ မုဒြာ(လက်တော်ဟန်)သည်လည်း ထူးခြားရှားပါးသော ဟန်ဖြစ်ကာ ဘေးသို့ထောက်ထားသည့်ပုံ ထုလုပ်ထားသည်။ ကျိုက်မရောမြို့နယ် လက်ပံကျေးရွာရှိ ခရုံဂူကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ရှေးဟောင်းအဆောက်အအုံအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

**မုဒုံသို့**

ကျိုက်မရောမြို့မှ တောင်ဘက် ၁၉ ကီလိုမီတာတွင် တည်ရှိသည့် မုဒုံမြို့သည် မော်လမြိုင်မြို့မှ ၂၇ ဒသမ ၈ ကီလိုမီတာ ကွာဝေးသည်။ မွန်ဝေါဟာရ မုဒုံသည် မြို့အစွန်ဟု အဓိပ္ပာယ်ရှိကာ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်တွင် မုဒုံမြို့ကို ရပ်ကွက် လေးခုဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်တွင် မြို့နှစ်မြို့(မုဒုံနှင့် ကမာဝက်)၊ ရပ်ကွက် ကိုးခု၊ ကျေးရွာ ၅၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဧရိယာ ၃၁၄ ဒသမ ၆၉ စတုရန်းမိုင် ကျယ်ဝန်းသည့် မုဒုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၁ ပေ မြင့်ပြီး ၁၈၇၅ ပေမြင့်သည့် ကျိုက္ကမော့တောင်သည် မြို့နယ်အတွင်း အမြင့်ဆုံးဖြစ်သည်။ မြို့နယ်၏ လူဦးရေမှာ ၁၈၅၀၁၂ ဦးရှိပြီး ပြည်သူများသည် စပါးနှင့် ရော်ဘာကို အဓိက စိုက်ပျိုးကြ သည်။

မြို့နယ်အတွင်း အထက ခုနစ်ကျောင်း၊ အထကခွဲ ခုနစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အလကခွဲ ငါးကျောင်းနှင့် မူလတန်း ၈၁ ကျောင်းရှိကာ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ ကမာဝက်မြို့ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၄၂ ခု ရှိသည်။

မြို့နယ်အတွင်း စေတီ ဘုရား များစွာရှိသည့်အနက် ဝင်းစိန်တောရကျောင်း၊ ဂျုံးဂျုံးကျတောရကျောင်းတို့သည် ထင်ရှားပြီး မုဒုံမြို့နယ် ကော့ပရံကျေးရွာရှိ ဂဝံစေတီများကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနက ရှေးဟောင်း အဆောက်အအုံများအဖြစ် ထိန်းသိမ်းထားသည်။

**သံဖြူဇရပ်**

သေမင်းတမန် ရထားလမ်း၊ မဟာမိတ်စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေတို့ကြောင့် ထင်ရှားသည့် သံဖြူဇရပ်မြို့သည် မုဒုံမြို့မှ တောင်ဘက် ၄၂ ဒသမ ၅ ကီလိုမီတာတွင် ရှိသည်။

အဖြူရောင်မိုးထားသည့် ဇရပ်တစ်ခု၏ ပတ်လည်တွင် ၁၈၇၄ ခုနှစ်က တည်ခဲ့သည့်ရွာအား အဆိုပါဇရပ်ကို အစွဲပြုလျက် သံဖြူဇရပ်ဟု ခေါ်တွင်ခဲ့သည်။ သံဖြူဇရပ်သည် ကျိုက္ခမိလက်အောက်ခံ ရွာကြီးတစ်ရွာ ဖြစ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် မြို့ပိုင်ရုံးကို ကျိုက္ခမိမှ သံဖြူဇရပ်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၁၉၆၄ ဇွန် ၁၀ ရက်တွင် ကျိုက္ခမိမြို့နယ်ကို သံဖြူဇရပ်မြို့နယ်ဟု သတ်မှတ်ခဲ့သည်။

သံဖြူဇရပ်မြို့နယ်ကို မြို့နှစ်မြို့ (သံဖြူဇရပ်နှင့် ကျိုက္ခမိ)၊ ရပ်ကွက် ၁၆ ခု၊ ကျေးရွာအုပ်စု ၂၅ စု၊ ကျေးရွာ ၆၈ ရွာဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်၏ လူဦးရေ ၁၆၀၅၃၈ ဦးတွင် ဗမာနှင့် မွန်တိုင်းရင်းသားများက အများဆုံးဖြစ်သည်။ မြို့နယ်အတွင်း အထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်းနှင့် မူလတန်းကျောင်း ၁၁၃ ကျောင်း ဖွင့်လှစ်ထားသည်။ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၈ ခု ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်း ဘုရား စေတီ ၈၆ ဆူ ရှိသည့်အနက် ကျိုက္ခမီ ရေလယ်ဘုရားသည် အထူးထင်ရှားသည်။ သံဖြူဇရပ်မြို့ရှိ မဟာမိတ်စစ်သင်္ချိုင်းသည် ခရီးသွား အများအပြား လာရောက်ကြသည့် နေရာတစ်ခုဖြစ်၍ အထိမ်းအမှတ် အုတ်ဂူငယ် ၃၇၇၁ ခုရှိသည်။ သံဖြူဇရပ်မြို့တွင် မြန်မာ-ထိုင်း သေမင်းတမန်ရထားလမ်း ပြတိုက်သစ်ကို ၂၀၁၆ ခုနှစ် ဧပြီလ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ဝါခရုကျေးရွာရှိ တိုင်တစ်ရာ ဘုန်းတော်ကြီးကျောင်းနှင့် ဝါခရုမြို့ဟောင်း တူးဖော်မှု ကုန်းများကို ရှေးဟောင်း အဆောက်အအုံများစာရင်းတွင် ထည့်သွင်းထားသည်။

**ရေးမြို့နယ်သို့**

ရေးမြို့နယ်သည် မွန်ပြည်နယ်၏ တောင်ဘက်ဆုံး၌ တည်ရှိကာ ပြည်နယ်မြို့တော် မော်လမြိုင်မှ ၁၅၆ ကီလိုမီတာ ကွာဝေးလျက် အရှေ့ဘက်၌ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အနောက်ဘက်၌ ကပ္ပလီပင်လယ်၊ တောင်ဘက်၌ ရေဖြူမြို့နယ်နှင့် မြောက်ဘက်၌ သံဖြူဇရပ်မြို့နယ်နှင့် ထိဆက်နေသည်။ ၄၄၅ စတုရန်းမိုင် ကျယ်ဝန်းသည့် ရေးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၇၀ မြင့်သည်။

ရေးမြို့နယ်ကို မြို့သုံးမြို့(ရေး၊ လမိုင်းနှင့် ခေါဇာ)၊ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာ ၁၃၉ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၇ ခုနှစ် မြို့နယ်လူဦးရေ ၂၆၆၃၁၆ ဦးအနက် မွန်တိုင်းရင်းသားများက ၁၉၅၇၉၉ ဦး(၇၃ ဒသမ ၅၂ ရာခိုင်နှုန်း)ဖြစ်၍ ဗမာလူမျိုးက ၅၀၁၁၀ ဦး(၁၈ ဒသမ ၈၁ ရာခိုင်နှုန်း)ဖြစ်သည်။ ပြည်သူ ၂၆၀၅၂၉ ဦး(၉၇ ဒသမ ၈ ရာခိုင်နှုန်း)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည်။ ဒေသနေပြည်သူ အများစုသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြကာ ရော်ဘာနှင့် ကွမ်းသီးကို အများဆုံး စိုက်ပျိုးကြသည်။

ရေးမြို့နယ်၌ အထက်တန်းကျောင်း ၁၆ ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၂၂ ကျောင်း၊ မူလတန်းကျောင်း ၁၂၄ ကျောင်း၊ အစိုးရဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခု ဖွင့်လှစ်ထားသည်။

၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်း ရေကြီးနစ်မြုပ်ခြင်း ခံခဲ့ရသည့် ရေးမြို့နယ်သည် တောင်ညိုတောင်တန်းနှင့် ကပ္ပလီပင်လယ်အကြား၌ တည်ရှိနေသဖြင့် ရေဘေးအန္တရာယ် ကျရောက်လေ့ရှိပြီး ရေးမြစ်၏ စိုးရိမ်ရေမှတ်သည် ၃၁၄၂ စင်တီမီတာဖြစ်သည်။

ကျိုက်ထိုမြို့နယ်မှ ရေးမြို့နယ်အထိ မွန်ပြည်နယ် မြို့နယ် ၁၀ ခုကို သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တိုးတက်ဖွံ့ဖြိုးနေသည့် မွန်ပြည်နယ်ကို မြင်တွေ့ခဲ့ရကာ အေးချမ်းသာယာ၍ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုနှင့် စိုက်ပျိုးမြေ ကောင်းမွန်မှုတို့ ကြောင့် မွန်ပြည်နယ်သည် ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်နေဦးမည် ဖြစ်ပေသည်။ ။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၂၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၃)

(၂) မွန်ပြည်နယ် မြို့နယ် ၁၀ ခု၏ ဒေသဆိုင်ရာ အချက်အလက်များ

(၃) ကိုယ်တွေ့ခရီးသွားမှတ်တမ်းများ

# တောင်ကြီးမြို့နယ်၌ ဝင်ငွေတိုးအိန္ဒိယအာလူးမျိုး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်



တောင်ကြီးမြို့နယ်၌ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်မှုရခဲ့သည့် အိန္ဒိယအာလူးများ။

**တောင်ကြီး အောက်တိုဘာ ၂၁**
ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ မိုင် ၂၀ ကွာဝေးသည့် နောင်ပစ်ကျေးရွာအုပ်စု ဝင်းယစံပြကျေးရွာအနီး၌ တောင်သူများဖြစ်သည့် ဦးခွန်သိန်းမောင်၊ ဦးခွန်သူရအောင်၊ ဦးခွန်ဆန်းဦးတို့က အိန္ဒိယ အာလူးမျိုး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ဟု သိရသည်။

**စမ်းသပ်စိုက်ပျိုးခဲ့**

ယခင် ဝင်းယစံပြကျေးရွာတွင် တောင်သူများသည် နှစ်နှစ်မှ သုံးနှစ်အထိ တောင်ယာလုပ်ကိုင်မှုများရှိပြီး ယခုမြေ ၅၅ ဧကတွင် အာလူးစိုက်ပျိုးရန်အတွက် တောင်သူဦးခွန်သိန်းမောင်က ဖိတ်ခေါ်ချက်အရ အိန္ဒိယ အာလူးမျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ အာလူးသည် ပထမဆုံး စမ်းသပ်စိုက်ပျိုးမှုဖြစ်ပြီး စိုက်မျိုးမှာ ၂၀၁၉ ခုနှစ်ကအိန္ဒိယနိုင်ငံမှ တင်သွင်းသော ကူဖီဂျူတီအာလူးဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်နှင့် ဇူလိုင်လပထမပတ်က စိုက်ပျိုးခဲ့ရာ ရက်ပေါင်း ၁၀၀ တွင် အာလူးကိုစတင်ရရှိ၍ ရက်ပေါင်း ၁၁၀-၁၂၀ တွင် အာလူးကို တူးဖော်ရကြောင်း သိရသည်။

ထွက်ရှိလာသည့် အာလူးကို တစ်ခါတည်းရိတ်သိမ်းပြီး ထုပ်ပိုးကာ မန္တလေးဈေးကွက် တိုက်ရိုက်နှင့် ရန်ကုန်ဈေးကွက်တို့ကို ရောင်းချပြီး ကျောက်ပန်းတောင်း ဈေးကွက်ကို ပို့ရန်စီစဉ်နေကြောင်း၊ ယခုတူးသည့် အာလူးသည် မန္တလေးဈေးကွက်ကို ရောက်ရှိကာဈေးနှုန်းကို အကြီးဆုံး ၇၀ မီလီမီတာကို ငွေကျပ် ၁၀၀၀ နှုန်း၊ ၅၀-၆၀ မီလီမီတာ One ခေါ် အာလူးကို ငွေကျပ် ၉၀၀ နှုန်း၊ ၄၀-၄၅-၅၀ ကြားကို ငွေကျပ် ၈၀၀ နှုန်းဖြင့် ရောင်းဈေးရှိသည်ဟု သိရသည်။

**ထက်ဝက်ခန့်မြတ်**

အာလူး အလုံးထွားရန်အတွက် မြေကိုပထမဆုံး ခာတ်ခွဲကြည့်ရပြီး NTK ပါဝင်မှု၊ မိုးရေချိန်နှင့်မြေကြီးလိုအပ်ချက်များကို NTK ကို ရောစပ်၍ ကြီးထွားအောင် ကော့စဖိတ်ရော၍ အသုံးပြုကြောင်း၊ မြန်မာနိုင်ငံတွင် မည်သည့်နေရာမဆို စိုက်ပျိုး၍ ရနိုင်ကြောင်း၊ အရမ်းပူသည့်နေရာတွင် စိုက်ပျိုး၍ မရသော်လည်း မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ကာ ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် စိုက်ရကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသတွင်မူ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၈၀၀ ကျော်ရှိသည့်အတွက် စက်တင်ဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးကြိမ် စိုက်ပျိုးရကြောင်း၊ နွေရာသီဖြစ်သည့် မတ်၊ ဧပြီ၊ မေတွင်လည်း စိုက်ပျိုးရကြောင်း၊ ဝင်းယစံပြ ကျေးရွာတွင်လည်း တောင်ကြီးမြို့၏ တောင်ဘက်တွင် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၀၀၀ ကျော်ရှိသောကြောင့် မိုးရာသီတွင် တစ်ကြိမ် နှစ်စဉ်စိုက်ပျိုးရကြောင်း၊ အင်းလေးကန်တစ်ဝိုက်တွင် ဒီဇင်ဘာလ၌ ဆောင်းသီးနှံစိုက်ပျိုး၍ စက်တင်ဘာ၊ အောက်တိုဘာလတွင် လွိုင်ကော်မြို့၌လည်း စိုက်ပျိုးရကြောင်း၊ ပင်လောင်းဒေသသည် ရေရှားပါးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်နေရာတည်း မစိုက်ဘဲ လှည့်ပတ်စိုက်ပျိုးကြောင်း၊ ဇူလိုင်လတွင် ဝင်းယစံပြကျေးရွာ၌ စိုက်ပျိုးရန် ရည်ရွယ်ထားကြောင်း၊ တောင်သူများအနေဖြင့် ပထမဆုံးမျိုးစေ့များ ပြောင်းလဲရန်လိုကြောင်း၊ သုတေသနနှင့် ဈေးကွက်အားနည်း၍ တိုက်ရိုက်တင်ပို့ရောင်းချပါက ပိုကောင်းပြီး ပွဲရုံတွင်ဈေးကွက်များကို အုပ်စုအလိုက် လေ့လာသင့်ကြောင်း၊ တိုက်ရိုက်တင်ပို့ ရောင်းချသင့်ပြီး စိုက်နည်းစနစ် ပုံသေတွက်၍ ရပ်တန့်မနေဘဲ အမြဲတမ်းပြောင်းလဲရန်လိုကြောင်း၊ စနစ်တကျပြုလုပ်ပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်အတတ်နိုင်ဆုံးလျှော့ချနိုင်ပါက ငွေကျပ်သိန်း ၂၅-၃၀ ကုန်ကျစရိတ်ထက်ဝက်ခန့်မြတ်ကြောင်း၊ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ် နေထိုင်သူ စန္ဒာခမ်းနောင်တရား အာလူးအသင်းဥက္ကဋ္ဌ ဦးခွန်အောင်ဆန်းဦးက ပြောသည်။

"အာလူးတူးရာမှာ တစ်ရက်ကို ငွေကျပ် ၅၀၀၀ ရပါတယ်။ မနက် ၈ နာရီကို အာလူးစိုက်ကွင်းထဲသွားပြီး ညနေ ၄ နာရီခွဲအထိ အာလူးတူးပါတယ်။ အခုလို အိန္ဒိယအာလူးစမ်းသပ်စိုက်ပျိုးတဲ့အတွက် ကျွန်မတို့ရွာရှိ ဒေသခံပြည်သူတွေလည်း အလုပ်အကိုင်ရရှိသောကြောင့် ဝမ်းလည်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်"ဟု ဝင်းယစံပြကျေးရွာမှ မနန်းချစ်က ပြောသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဖာပွန်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ကျေးရွာအရေအတွက်ထပ်တိုး၍ ထောက်ပံ့ပေးသွားမည်

**ဘားအံ အောက်တိုဘာ ၂၁**
မြန်မာနိုင်ငံ အမျိုးသားအဆင့်လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်၊ လူမှုကာကွယ်စောင့်ရှောက်ရေး ဦးစားပေး (၈)ရပ်အနက်မှ မသန်စွမ်းသူများအား ငွေကြေးထောက်ပံ့ပေးခြင်းကို ကရင်ပြည်နယ် ဖာပွန်မြို့တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ) HelpAge International တို့ ပူးပေါင်း၍ မသန်စွမ်းသူများအား ထောက်ပံ့ပေးမှု (Electronic Cash Transfer) စနစ်ဖြင့် ကနဦး လုပ်ငန်း ဆောင်ရွက်ချက်များကို မိတ်ဆက်ခြင်းနှင့် စီမံချက်ထပ်တိုးမည့် ကျေးရွာများမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ တော်ဝင်ရတနာ ဟိုတယ်၌ ကျင်းပသည်။




ဖာပွန်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့ခြင်းအတွက် ကျေးရွာအရေအတွက်ထပ်တိုးရန် မိတ်ဆက်အခမ်းအနား ကျင်းပစဉ်။

**ထောက်ပံ့ပေးသွားမည်**

Electronic Cash Transfer စနစ်ဖြင့် မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်းကို ဖာပွန်မြို့နယ်တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ ကျေးရွာ ၁၀ တွင် စတင်ခဲ့ပြီး မသန်းစွမ်းတစ်ဦးလျှင် လစဉ် တစ်လ ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၂၀ ထပ်မံတိုးချဲ့၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

Electronic Cash Transfer စနစ်သည် မိုဘိုင်းဖုန်းဖြင့် ငွေသားထောက်ပံ့ပေးသည့်စနစ်တစ်ခုဖြစ်ပြီး ဖာပွန်မြို့နယ်အတွင်းရှိ မသန်စွမ်းအကျိုးခံစားခွင့်ရှိသူ ၁၃၄ ဦးအား လစဉ်ထောက်ပံ့ပေးနိုင်ခဲ့ရာ ထပ်မံတိုးချဲ့မည့် ကျေးရွာ ၂၀ မှ မသန်စွမ်းသူအရေအတွက်အား စာရင်းကောက်ယူ၍ ယခုနှစ် ဒီဇင်ဘာလလောက်တွင် ထောက်ပံ့ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မန္တလေး၌ကျင်းပမည့်ပွဲများ

### မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း

''ပျံသန်းခြင်း မိုင်တိုင်များ'' စာအုပ်ဖြင့် ရေးသူ ဖတ်သူ အပြန်အလှန်ဆွေးနွေးသည့် စာဖတ်ဝိုင်းကို မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ကြောင်း သိရသည်။

### ကျန်းမာရေးနှင့်ကိုယ်ကာယအသုံးအဆောင်ကုန်စည်ပြပွဲ

ကျန်းမာရေးနှင့်ကိုယ်ကာယအသုံးအဆောင်ကုန်စည်ပြပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်း နှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမ၌ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### MISA and Wow Sport Table Tennis Tournament ပြိုင်ပွဲ

MISA and Wow Sport Table Tennis Tournament ပြိုင်ပွဲကို မန္တလေးမြို့ ၅၈လမ်း၊၂၇ x ၈လမ်းကြားရှိ Mandalay International Science Academy တွင် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ကျေးလက်လူထုညီလာခံ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအဖွဲ့၊ အခြေခံလူထုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ပူးပေါင်းကျင်းပမည့် ကျေးလက်လူထုညီလာခံကို မန္တလေးမြို့ အမရပူရမြို့နယ် တော်လှကျေးရွာ၌ အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Professionalism in workplace ခေါင်းစဉ်ဖြင့် ဟောပြော

Professionalism in workplace ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့၊ သိပ္ပံလမ်းပေါ်ရှိ မန္တလေး ကွန်ဗင်းရှင်းစင်တာရှိ Conference Room တွင် အောက်တိုဘာ ၂၇ ရက် တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆရာကြီးဒေါက်တာစိန်မင်းမှ Professionalism in workplace ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကြီးဦးအောင်ချစ်ခင်မှ Creativity & Creative Confidence ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

### ကျောက်မျက်ရတနာ၊ ပန်းထိမ်၊ ဒီဇိုင်းပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ

ကျောက်မျက်ရတနာ ပန်းထိမ် ဒီဇိုင်းပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Pullman ဟိုတယ်တွင် အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

# "အနာဂတ်နိုင်ငံလှပဖို့ တို့လူငယ်များပါဝင်စို့" လူငယ်ဆွေးနွေးပွဲကျင်းပ

**ကရသူရိ အောက်တိုဘာ ၂၁**
တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ "အနာဂတ်နိုင်ငံလှပဖို့ တို့ လူငယ်များပါဝင်စို့" လူငယ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူငယ်များကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူကျင့်ဝတ်၊ လူ့တန်ဖိုးနှင့်ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်များအဖြစ်ပျိုးထောင်ပေးပြီး နိုင်ငံသားကောင်းများပေါ်ထွန်းလာစေရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**စိုးဝင်း(ပြန်/ဆက်)**

# ခင်ဦးမြို့ ပြည်သူ့စာကြည့်တိုက်၌ တိုင်းရင်းသားပုံပြင်များ လာရောက်ဖတ်ရှုနိုင်

**ခင်ဦး အောက်တိုဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယူနီဆက်(မြန်မာ)မှ ကလေးစာပေ တိုင်းရင်းသားပုံပြင် စာအုပ်များကို လှူဒါန်းထားသည်။

အဆိုပါ တိုင်းရင်းသားပုံပြင် စာအုပ်များတွင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသောတိုင်းရင်းသားလူမျိုးများ၏ ပညာပေးပုံပြင်များကို တိုင်းရင်းသားဘာသာစကားနှင့် မြန်မာဘာသာစကားရိုက်နှိပ်ထားပြီး တိုင်းရင်းသားပုံပြင် ၂၅ မျိုးကိုတစ်ဘာသာလျှင် ၁၀ အုပ်နှုန်းဖြင့် အုပ်ရေ ၂၅၀ တို့ကို အခမဲ့လာရောက်လေ့လာဖတ်ရှုနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၁**

ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၆၅)ရပ်ကွက် တော့စတားအိမ်ရာ နောက်နေ တရားလို ဒေါ်----သည် အောက်တိုဘာ ၈ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က နေအိမ်၌ရှိနေစဉ် သားဖြစ်သူ မျိုးသူအောင်သည် ဒဂုံဆိပ်ကမ်းမြို့နယ် (၆၀)ရပ်ကွက် ရတနာလမ်းသွယ်(၁)လမ်းရှိ ဦးစိုးနိုင်အိမ်ရှေ့တွင် သေဆုံးနေကြောင်း ကြားသိရသဖြင့် လိုက်လံကြည့်ရှုခဲ့သည်။ ထိုသို့သွားရောက်ကြည့်ရှုပြီး သားဖြစ်သူမှာ ကျောကုန်းဝဲဘက် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသောကြောင့် ဖြစ်စဉ်အား စုံစမ်းရာ သားဖြစ်သူမှာ ဟိန်းမင်းဦး၊ မျိုးမင်းထွန်းတို့နှင့် ငွေကြေးကိစ္စစကားများရာမှ ခိုက်ရန်ဖြစ်ပွားပြီး ဟိန်းမင်းဦးက ဓားနှင့်ထိုးသဖြင့် သေဆုံးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဟိန်းမင်းဦးနှင့် မျိုးမင်းထွန်းတို့ နှစ်ဦးကို ဥပဒေအရ အရေးယူပေးပါရန် ဒဂုံ(ဆိပ်ကမ်း) မြို့မ ရဲစခန်းသို့ အမှုဖွင့် တိုင်တန်းခဲ့သည်။

အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် အရှေ့ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ ဟိန်းမင်းဦးနှင့် မျိုးမင်းထွန်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၀ ရက် နံနက် ၁ နာရီ ၁၀ မိနစ်က ဟိန်းမင်းဦး(ခ)ကိုဟိန်း(ခ) ဘနားနားကို မအူပင်မြို့နယ် သုံးခွ ကျေးရွာ ကမ်းနားလမ်း၌ လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ မျိုးမင်းထွန်းအား ဒဂုံဆိပ်ကမ်း မြို့နယ် (၆၀)ရပ်ကွက် ရွှေလီလမ်းဘေးရှိ ၎င်း၏ နေအိမ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဟိန်းမင်းဦး(ခ) ကိုဟိန်း(ခ)ဘနားနားနှင့် မျိုးမင်းထွန်းတို့ နှစ်ဦးကို စစ်ဆေးရာ အောက်တိုဘာ ၈ ရက် ည ၇ နာရီခွဲခန့်တွင် ၎င်းတို့နှစ်ဦးသည် မျိုးမင်းထွန်း နေအိမ်တွင် ရှိနေစဉ် ဝေယံစိုး၊ သေဆုံးသူ မျိုးသူအောင်၊ အရှည်ကြီး(ခ)ကောင်းကိုကိုကျော်တို့ ရောက်ရှိလာပြီး ဟိန်းမင်းဦးနှင့် မျိုးသူအောင်တို့ စကားများကြရာ ဟိန်းမင်းဦးက အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဖြင့် ထိုးမည်ပြုစဉ် ဝေယံစိုးက မလုပ်ရန် ဆွဲရာ ဝေယံစိုးအား ဟိန်းမင်းဦးက ဓားဖြင့်ထိုးသဖြင့် ဝေယံစိုး၏ ဝမ်းဗိုက်တွင် ဓားဒဏ်ရာတစ်ချက်ရရှိသွားပြီး မျိုးသူအောင်ကိုလည်း ဓားဖြင့် ထပ်မံထိုးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ မျိုးမင်းထွန်းနှင့် ဟိန်းမင်းဦး(ခ)ကိုဟိန်း(ခ)ဘနားနားတို့ နှစ်ဦးအား(ဝဲပုံ) ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**



# ညောင်ရွှေမြို့နယ်တွင် သားဖြစ်သူက ဖခင်အား ဓားဖြင့်ထိုး၍ ဖခင်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာ၌ အောက်တိုဘာ ၂၀ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က သားဖြစ်သူက ဖခင်ဖြစ်သူအား ဓားဖြင့်ထိုး၍ ဖခင်ဖြစ်သူသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ သတင်းအရ နန်းပန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တောင်ပို့ကြီးကျေးရွာနေ ဦးထွန်းဝင်း နေအိမ်လှေကားတွင် အဆိုပါ ကျေးရွာနေ ဦးဝင်း(၅၃ နှစ်)အား ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရှိ၍ စုံစမ်းရာ ဦးဝင်း၏သားဖြစ်သူ ဆန်းမွန်း(၃၄နှစ်)သည် အရက်သေစာသောက်စားပြီး ဖခင်ဖြစ်သူအား ရန်ရှာသဖြင့် ဖခင်ဖြစ်သူက ဦးထွန်းဝင်း နေအိမ်သို့ရှောင်ထွက်လာစဉ် ဆန်းမွန်းက နောက်မှလိုက်၍ ဓားဖြင့်ထိုးသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်း ဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆန်းမွန်းအား နန်းပန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကောလင်းမြို့နယ်နှင့် သာကေတမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် ညနေ ၅ နာရီခွဲက ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား သွားကားလမ်း မိုင်တိုင်အမှတ်(၁၁၆/၃)အနီးရှိ တောအတွင်းရပ်တန့်ထားသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ တစ်ချိန်တည်းမှာပင် မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် ရှုခင်းသာလမ်းရှိ ဟိုတယ် အခန်းအမှတ်(၂၀၉)သို့ ဝင်ရောက်ရှာဖွေရာ မျိုးပြည့်လျှန်ထွဏ်း၊ ပြည့်စုံဖြိုး၊ ဇွဲပြည့်စုံ၊ ဟိန်းကိုဇင်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၂၆၇ ပြားနှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



နွားထိုးကြီးမြို့နယ် လက်ပံကျေးရွာအုပ်စု မန်းကျီးကုန်းကျေးရွာ၌ မှုခင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလဒုတိယပတ်က ပြုလုပ်ရာ နွားထိုးကြီးမြို့နယ် ကမ်းနားနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းဇော် က အသိပညာပေး ဟောပြောစဉ်။ ရဲပြန်ကြား

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၄၅ – "ခေါင်လန်ဖူးသို့ အလည်တစ်ခေါက်"(အပိုင်း-၂)
- ၁၀:၃၀ – "ဒေါက်တာရှောင်တန်နယ်(လ်)(စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း-၁)
- ၁၁:၃၀ – ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
- ၁၃:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၃:၅၅ – သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

**ညပိုင်း**

- ၁၆:၂၅ – "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဇိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၆:၃၅ – ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (ကချင်၊ ကယား၊ ကရင်၊ ချင်း(လိုင်ဇိုး))
- ၁၇:၀၅ – "ဦးကျော်သူ(ခေါ်)ရိုလန်ချောင်ထရီနှင့် ကိုကို(စက်မှုတက္ကသိုလ်) တို့ တွေ့ဆုံမေးမြန်းခန်း"
- ၁၈:၂၀ – "အယ်လ်ဟာဂျ် ဦးအေးလွင်(ဦးဆောင်ဆော်ဩရေးမှူး) အစ္စလာမ်ဓမ္မဗိမာန်နှင့် တွေ့ဆုံ မေးမြန်းခန်း"
- ၁၉:၁၅ – "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဇိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၉:၂၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "ခေါင်လန်ဖူးသို့အလည်တစ်ခေါက်" (အပိုင်း-၂)
- – "ချစ်ကြသည်ဆိုရာဝယ်"
- – နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၂)

# ယာဉ်တိုက်မှုဖြစ်ပွားပြီး မောင်းနှင်ထွက်ပြေးသွားသော ယာဉ်ပေါ်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**မြင်းမူ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာအနီး မိုင်တိုင်အမှတ် ၄၉/၆ နှင့် ၄၉/၇ အကြား မန္တလေး-မုံရွာ ကားလမ်းပေါ်တွင် ဝမ်းပြည့်ကျေးရွာသားနှစ်ဦး စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင် (မုံရွာမှ မန္တလေးသို့) မောင်းနှင်လာသည့် မော်တော်ယာဉ်က အောက်တိုဘာ ၁၉ ရက် ည ၁၁ နာရီခွဲခန့်က ဝင်ရောက်တိုက်မိထွက်ပြေးခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ မောင်ဖြိုးထက်မော်တွင် (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့ပြီး မန္တလေးပြည်သူ့ဆေးရုံတွင် လည်းကောင်း၊ နောက်မှ စီးနင်းလိုက်ပါလာသူ မောင်ဖြိုးခန့်မောင်မှာ အနည်းငယ်ဒဏ်ရာရရှိပြီး မြင်းမူဆေးရုံတွင် လည်းကောင်း ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြင်းမူ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စစ်ကိုင်းမြို့နယ်ဆားတောင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းလိုက်လံဖမ်းဆီးခဲ့ရာ စစ်ကိုင်း-ရွှေဘိုကားလမ်း ဆားတောင်မြို့နယ် သင်းကွဲရပ်ကွက်အနီးတွင် ယာဉ်အား (ယာဉ်မောင်းမပါ) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ယာဉ်အား စစ်ဆေးရာ တရားမဝင် တင်ဆောင်လာသော တမလန်းသစ်ခွဲသား ၃၇ ချောင်း (သုည ဒသမ ၈၆၇၂)တန်နှင့် ဖြူစင်စေတနာ အမည်ပါ အာရဖတ်အမျိုးအစား အဖြူရောင်ယာဉ်အား သိမ်းဆည်းရမိခဲ့ခြင်းကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြင်းမူ ရဲစခန်းမှ ဒုရဲအုပ်ဝင်းကိုကိုက တရားမဝင်သစ်များ သယ်ဆောင်မှုနှင့် ယာဉ်တိုက်မှုတို့ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ကျိုက်ထိုမြို့နယ်၌ အစာအဆိပ်သင့်မှုဖြစ်

**ကျိုက်ထို အောက်တိုဘာ ၂၁**

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ သုံးခွကျေးရွာအုပ်စု ရေကျော်ကျေးရွာ ဓမ္မဒူတကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်နှင့် သာမဏေ ၆၁ ပါးတို့မှာ အောက်တိုဘာ ၂၀ ရက် ည ၇ နာရီခန့်က အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့၍ သိမ်ဇရပ် တိုက်နယ်ဆေးရုံသို့ တင်ပို့ကာ ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

အဆိုပါ သံဃာတော်နှင့် သာမဏေ ၆၁ ပါးမှာ အရုဏ်ဆွမ်းအဖြစ် နန်းကြီးသုပ်အားလည်းကောင်း၊ နေ့ဆွမ်းအဖြစ် ကြက်ဆီထမင်းနှင့် ရေခဲမုန့်တို့ကိုလည်းကောင်း ဘုဉ်းပေးခဲ့ကြပြီး ညနေပိုင်းတွင် မူးဝေအော့အန် ဝမ်းသွားကာ အစာအဆိပ်သင့်သည့်ဝေဒနာ(မစိုးရိမ်ရ) ခံစားရ၍ တိုက်နယ်ဆေးရုံသို့ တင်ပို့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ စောကလျာ၊ တိုက်နယ်ဆရာဝန်ကြီး ဒေါက်တာဇော်သက်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**




# ပေါင်မြို့နယ်၌ ဖယောင်းတိုင်မီးမှတစ်ဆင့် လူနေအိမ်ခြောက်လုံး မီးလောင်

**ပေါင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ဆယ်အိမ်စု အကွက်(၁၂) ရှိ ဦးချစ်လှိုင်၏နေအိမ်တွင် အောက်တိုဘာ ၂၀ ရက် ည ၁၁ နာရီကျော်ခန့်က ၎င်း၏ သမီးဖြစ်သူ (ရှစ်တန်းကျောင်းသူ)သည် ဖယောင်းတိုင်မီးနှင့် စာကျက်စဉ် အိပ်ငိုက်သွားခဲ့ရာမှ နေအိမ်ထရံကို မီးကူးစက်လောင်ပြီး နေအိမ်ခြောက်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်ခြောက်လုံးနှင့် ဆိတ် ခုနစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၂၇ ဦးအား နီးစပ်ရာဆွေမျိုးနေအိမ်များတွင် ရွှေ့ပြောင်းနေရာချပေးထားကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးချစ်လှိုင်အား ပေါင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



ဗုဒ္ဓပူဇနိယပွဲတွင် စေတီတော်သို့ လာရောက်ပူဇော်ကြသည့် ပြည်သူများ

## ကျောက်ပန်းတောင်းမြို့နယ်၌ ရွှေနတ်တောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ရိုးရာမပျက်ကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**

ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်ကျေးရွာအုပ်စု လဲဂွ ကျေးရွာရှိ ရွှေနတ်တောင်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ရိုးရာအစဉ်အလာအတိုင်း သီတင်းကျွတ်လပြည့်ကျော် ၈ ရက်(အောက်တိုဘာ ၂၁ ရက်)က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ညောင်ဖြူပင်ကျေးရွာ၊ လက်ပံအိုင့်ကျေးရွာနှင့် လဲဂွ ကျေးရွာတို့မှ လူငယ်များက တံခွန်၊ ကုက္ကား၊ ကြက်လျှာတိုင်များ ကိုင်ဆောင်၍ ရွှေနတ်တောင်စေတီအား လှည့်လည်ပူဇော်ကာ စေတီတော်၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ရိုးရာမပျက် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိကြောင်း ကန်ပတ်လည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဟံက ပြောကြားသည်။

ရွှေနတ်တောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပသည့် သီတင်းကျွတ် လပြည့်ကျော် ၈ ရက် မတိုင်မီ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ စတင်ကာ ခုနစ်ရက်တိုင်တိုင် နေ့ညမပြတ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းကို ပြုလုပ်ခဲ့ပြီး မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သည့် ဆရာတော် သံဃာတော်များအား စာရေးတံမဲနှင့် ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်ထိန်၊(ကျောက်ပန်းတောင်း)**

## (၁၀၅)မိုင်တွင် ပွဲဆောင်ဆာမ် ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**မူဆယ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ရှမ်းတိုင်းရင်းသားများနှင့် တအာင်း (ပလောင်)တိုင်းရင်းသားများ၏ ရိုးရာ ဓလေ့ထုံးတမ်းအရ နှစ်စဉ် အစဉ်အလာမပျက် ရွာပေါင်း ကိုးရွာ စုပေါင်းကာ ကျင်းပလေ့ရှိသော ပွဲဆောင်ဆာမ် ဘုရားပွဲတော်ကြီးကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းမှစ၍ မိုင်းယု (၁၀၅)မိုင်ကျေးရွာ အောင်သီရိမင်္ဂလာသုခကျောင်းတိုက် ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ပွဲဆောင်ဆာမ် ဘုရားပွဲတော်သို့ လာရောက်ကြသည့် ကျေးရွာကိုးရွာမှ ပြည်သူများ

အောင်သီရိမင်္ဂလာသုခကျောင်းတိုက် ဆရာတော်က "ဒီပွဲတော်ကို ဗုဒ္ဓဘာသာနွယ်ဝင် ရှမ်းတိုင်းရင်းသားများနဲ့ တအာင်း(ပလောင်)တိုင်းရင်းသားများရဲ့ ရိုးရာဓလေ့အရ အစဉ်အလာမပျက် နှစ်စဉ် နှစ်တိုင်း ကျင်းပခဲ့တာဖြစ်ပါတယ်၊ ဒေသခံ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးရန်၊ တစ်ရွာနှင့် တစ်ရွာ စည်းလုံးညီညွတ်မှုရရှိစေရန်နဲ့ မိမိတို့ အထွတ်အမြတ်ထားတဲ့ ဘာသာ သာသနာကို အမြဲထာဝရ တန်ဖိုးထား အမှတ်ရစေရန် ရည်ရွယ် ကျင်းပတာဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

ပွဲဆောင်ဆာမ် ဆိုသည်မှာ မြန်မာဘာသာဖြင့် ၂၃ ပွဲဟု အဓိပ္ပာယ်ရပြီး သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၈ ရက်အထိ ရက်ပေါင်း ၂၃ ရက်ရှိသည်ကို ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ထို ၂၃ ရက်တွင် ရှမ်းပြည်နယ်အတွင်း မြို့တိုင်း ရွာတိုင်းရှိ သင့်တော်သည့်နေရာမှ စေတီပုထိုးများ၌ ပွဲ ၂၃ ပွဲ ကျင်းပပြုလုပ်သည့် ဓလေ့ရှိကြောင်းနှင့် အဆိုပါ ပွဲတော်သည် ရှမ်းပြည်နယ်၏ အထွတ်အမြတ် ပွဲတော်ကြီး တစ်ခုလည်းဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

"တိုက်ပွဲတွေ မဖြစ်ခင်တုန်းကတော့ ပိုပြီး စည်ကားတာပေါ့၊ အခုကျတော့ တိုက်ပွဲတွေကဖြစ်၊ နယ်မြေအခြေအနေကလည်း အရင်လို မဟုတ်ဘူး၊ ဒါကြောင့် အဝေးရွာတွေကလူတွေ မလာနိုင်ကြဘူး၊ အရင်နှစ်တွေလောက် မစည်ကားပေမယ့် ရိုးရာပွဲဆိုတော့ ရွာတိုင်းလိုလို အနည်းနဲ့အများတော့ လာကြပါတယ်"ဟု ပွဲတော်သို့လာသည့် ပြည်သူတစ်ဦးက ပြောသည်။

ပွဲတော်ကြီးကို မကျင်းပမီရက်များတွင် သက်ဆိုင်ရာရွာများမှ လူကြီးမိဘများက ပွဲတော်ကျင်းပမည့်ကျောင်းသို့ လာရောက်ကြပြီး ကျောင်းအတွင်းရှိ ဘုရားစေတီများကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားဆင်းတုတော်များကို ရေသပ္ပါယ်ခြင်း၊ အမွှေးနံ့သာများ ပက်ဖျန်းခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်ရကာ ပွဲတော်ရက်အတွင်း၌မူ ရှမ်းတိုင်းရင်းသားများနှင့် တအာင်း(ပလောင်)တိုင်းရင်းသားများ အဓိက နေထိုင်ကြသည့် မိုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စုနှင့် တုန်ခန်ကျေးရွာအုပ်စုအတွင်းရှိ ရွာပေါင်း ကိုးရွာဖြစ်သည့် မိုင်းယု၊ အောက်နမ့်ဟွယ်၊ အထက်နမ့်ဟွယ်၊ လုံခန်၊ ဟိုနား(ပန်ကျုံ)၊ မန်မော်၊ အထက်တုန်ခန်၊ အောက်တုန်ခန်နှင့် ဟိုနောင်ကျေးရွာတို့မှ ပြည်သူများက လှူဖွယ်ပစ္စည်းများနှင့်အတူ ပွဲတော်ကျင်းပမည့်ဘုရားသို့ လာရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ပူဇော်ကြကြောင်း သိရသည်။

ယခုနှစ် (၁၀၅)မိုင် အောင်သီရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ပွဲဆောင်ဆာမ် ဘုရားပွဲတော်တွင် ရွာပေါင်း ကိုးရွာမှ ရောက်ရှိလာသည့် ရိုးရာအကအဖွဲ့များ၏ အဖွဲ့လိုက် အကပြိုင်ပွဲလည်း ပါဝင်ကာ အကောင်းဆုံးကပြနိုင်သည့် အကအဖွဲ့အား ဆရာတော်များနှင့် ရပ်မိရပ်ဖများ၊ ဂေါပက အကျိုးဆောင်အဖွဲ့များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



## ကျွန်းလှမြို့နယ်မှ ဓာတ်မြေဩဇာနှင့် မျိုးစေ့ အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ အရောင်းဆိုင်များကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ ဦးဆောင်သောအဖွဲ့က အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံများ၊ မြေဩဇာနှင့် ပိုးသတ်ဆေး ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ပိုးသတ်ဆေးအရောင်းဆိုင် ငါးဆိုင်၊ ဓာတ်မြေဩဇာအရောင်းဆိုင် ကိုးဆိုင်နှင့် မျိုးစေ့အရောင်းဆိုင် ကိုးဆိုင်သို့ သွားရောက်စစ်ဆေးခဲ့ကာ သိုလှောင်ဖြန့်ဖြူးရောင်းချခွင့်မရှိသော ပစ္စည်းများ၊ ဥပဒေအရ ကန့်သတ်ပိတ်ပင်ထားသော သွင်းအားစုပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ဆိုင်ရှင်များအား အသိပညာပေး ဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ကန့်ကြီးထောင့်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဆီဘောက်ဆာယာဉ်များနှင့် စက်သုံးဆီဆိုင်များကို စစ်ဆေး

**ကန်ကြီးထောင့် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်တွင် ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များနှင့် ဆီဘောက်ဆာယာဉ်များကို မြို့နယ်မီးသတ်ဦးစီးဌာနက အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်သော သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ ပြည့်စုံစွာ ထားရှိခြင်း ရှိမရှိ၊ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ထားခြင်း ရှိမရှိနှင့် စက်သုံးဆီအရောင်းဆိုင်များသို့ လောင်စာဆီများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် ဆီဘောက်ဆာယာဉ်များတွင် မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိမရှိတို့ကို စစ်ဆေးခဲ့ပြီး လောင်စာဆီများချခြင်း၊ ဖြည့်တင်းခြင်းများ ပြုလုပ်ရာတွင် သတိပြုလိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များနှင့် လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည်။



ဆီသယ်ယာဉ်တစ်စီးကို စစ်ဆေးနေသော မီးသတ်တပ်ဖွဲ့ဝင်များ

ကန်ကြီးထောင့်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၊ ရုံးဌာနများ၊ ဈေးများ၊ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်း၊ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိသလို မီးဘေးအန္တရာယ် ရုတ်တရက်ကျရောက်ပါက အမြန်ဆုံး သွားရောက် ငြိမ်းသတ်နိုင်ရန်အတွက် မီးသတ်ယာဉ်များ၊ ခေတ်မီ ရှာဖွေကယ်ဆယ်ရေး စက်ပစ္စည်းကိရိယာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း အဆင့်သင့် စုဖွဲ့ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမြင့်စိုး၏ ပြောကြားချက်အရ သိရသည်။

**နန်းထိုက် (KGD)**

## တိုက်ပွဲရှောင်ပြည်သူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**ဗန်းမော် အောက်တိုဘာ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများအား ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ဗန်းမော်မြို့နယ်မှ တိုက်ပွဲရှောင် ပြည်သူများအား အောက်တိုဘာ ၂၁ ရက်က သွားရောက်တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးနှင့်အတူ ကချင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းထွန်း၊ ပြည်နယ် လူမှုရေးဝန်ကြီး ဦးနေဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အရှေ့သာစည်ရပ်ကွက်ရှိ AD 2000 တိုက်ပွဲရှောင်စခန်းတွင် သာစည်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအင်ခွန်တူးမိုင်၊ တိုက်ပွဲရှောင်စခန်း တာဝန်ခံ ဦးလဇိန်အောင်နှင့် တိုက်ပွဲရှောင်စခန်းရှိ ပြည်သူ ၁၅၀ ခန့်အား တွေ့ဆုံ၍ နေထိုင် စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး အခြေအနေများ နှင့် မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်ရန် ဆန္ဒရှိမရှိကို မေးမြန်းခဲ့ရာ တိုက်ပွဲရှောင်စခန်း တာဝန်ခံက အချို့ပြည်သူများမှာ နေရပ်သို့ ပြန်လည်နေထိုင်လိုကြပြီး အချို့မှာ ဗန်းမော်မြို့နှင့်နီးစပ်သည့် လစ်လပ်မြေနေရာများတွင် အိမ်ရာချထားပေးရန် လိုလားကြောင်း တင်ပြခဲ့သဖြင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဗန်းမော်မြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းခြောက်ခုဖြစ်သော AD 2000 စခန်း၊ ရောဘတ်စခန်း၊ ဖန်းခါးကုန်းစခန်း၊ လီဆူစခန်း၊ ထွယ်ဆန်စခန်းနှင့် နှစ်ခြင်းစခန်းတို့တွင် ရောက်ရှိနေသော အိမ်ထောင်စု ၁၁၇၂ စုမှ လူဦးရေ ၆၇၅၈ ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၆၀၈၂၀၀ နှင့် ခြောက်လအောက်ကလေးမိခင် ၃၄ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ စီကို တိုက်ပွဲရှောင်ပြည်သူများကိုယ်စား AD 2000 စခန်း တာဝန်ခံ ဦးလဇိန်အောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(ပြန်/ဆက်)**

# နမ့်စန်မြို့နယ် မတ်ကျန်းဒေသမှ လာဘာသိဒ္ဓိစေတီတော်ကြီးနှင့် ကမ္ဘာ့အကြီးဆုံး နီးဘုရားကြီး



လာဘာသိဒ္ဓိစေတီတော်ကြီးနှင့် ရင်ပြင်တော်ပတ်လည်မှ လက်ရာမြောက် နဂါးရုပ်တုကြီး

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ပန်လင်းဆိုင် (မတ်ကျန်းဒေသ)ရှိ လာဘာသိဒ္ဓိ စေတီတော်ကြီးနှင့် ကမ္ဘာ့အကြီးဆုံး နီးဘုရားကြီးသို့ စာရေးသူသည် အောက်တိုဘာလ တတိယပတ်အတွင်းက ဘုရားဖူးတစ်ခေါက် သွားရောက်ဖြစ်ခဲ့သည်။

နမ့်စန်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၃၁၆၆ ပေတွင် တည်ရှိပြီး စိုက်ပျိုးမြေဧရိယာကျယ်ပြန့်သော လွင်ပြင်ဒေသဖြစ်ရာ စပါး၊ ပြောင်း၊ ပဲ၊ နာနတ်၊ ချင်း စသည့် စိုက်ပျိုးသီးနှံများစွာ ဖြစ်ထွန်းအောင်မြင်သော ဒေသဖြစ်သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းများ များပြား၍ အလုပ်အကိုင် အခွင့်အလမ်းလည်း ပေါများပြီး မြို့ကြီးတစ်မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာသော ဒေသလည်းဖြစ်သည်။

နမ့်စန်မြို့နယ်၌ ယင်းကြား၊ ယင်းနက်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်နှင့် လားဟူ အစရှိသည့် တိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာပေါင်း ၁၅၈ ရွာ ရှိကာ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြကြောင်းသိရသည်။ ထိုတိုင်းရင်းသား ကျေးရွာများမှ ပန်လင်းဆိုင်ဒေသ(မတ်ကျန်းဒေသ)သည် တစ်ချိန်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရှိသော နေရာတစ်ခု ဖြစ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ပြီးနောက် နမ့်စန်မြို့နယ်အနီး (ယခု ပန်လင်းဆိုင်ဒေသ)တွင် အခြေချနေထိုင်ကာ မိမိတို့၏ ဒေသဖွံ့ဖြိုးရေး လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်လုပ်ငန်းများကို မနားမနေ ကြိုးစား အကောင်အထည်ဖော်ခဲ့ကြရာ ဆယ်စုနှစ် တစ်ခု ကျော် အတွင်း ဖွံ့ဖြိုးတိုးတက် စည်ကားလာလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်။

ပန်လင်းဆိုင်ဒေသသည် နမ့်စန်မြို့၏ အနောက်တောင်ဘက် မြို့အထွက်မှ ရှစ်မိုင်ခန့်အကွာ နမ့်စန်-မိုင်စိတ် ကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ပန်လင်းဆိုင်ဒေသသည် ယခင်က ကျေးရွာငယ်လေးတစ်ရွာသာ ဖြစ်ခဲ့ရာ ကားလမ်းသည်လည်း ကျောက်ချောလမ်းအဆင့်သာရှိခဲ့သည်။ ယနေ့တွင်မူ ကတ္တရာလမ်းမကြီးက ဖြောင့်ဖြူးကာ မြို့တစ်မြို့နှင့်မခြား စနစ်တကျ အကွက်ရိုက် ဆောက်လုပ်ထားသည့် တိုက်တာကြီးငယ် အဆောက်အအုံများဖြင့် သန့်ရှင်းသပ်ရပ် စည်ကားလျက်ရှိနေသည်။ ထို့အပြင် ကျောင်း၊ လမ်း၊ ဈေး စသည်တို့ကိုလည်း နေချင်စဖွယ် မြို့အင်္ဂါရပ်နှင့်အညီ တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ ဤသို့သော အခြေအနေများသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်များပင် ဖြစ်သည်။

ပန်လင်းဆိုင်ဒေသ (မတ်ကျန်းဌာနေ)၌ တည်ထားသည့် လာဘာသိဒ္ဓိ စေတီတော်ကြီးကို ထူးခြားအံ့ဖွယ်ကောင်းသည့် လက်မှုပညာရပ်များဖြင့် တည်ထားသည်ကို တွေ့ရှိရသည်။ ဘုရားကြီး၏ ရင်ပြင်တော် ပတ်လည်တွင် အင်မတန်မှ လက်ရာမြောက်သည့် သက်ဝင်လှုပ်ရှားနေသည့်အလား နဂါးပန်းပု ရုပ်လုံးရုပ်ကြွများကို စီမံထုလုပ်ထားသည်။ ယင်းအပြင် ဘုရားကြီး၏ အနီးပတ်ဝန်းကျင်၌ သာသနိက အဆောက်အအုံများ၊ ဓမ္မာရုံများကို ရောမ အဆောက်အအုံကြီးများအဖြစ် တည်ဆောက်ထားသည်ကိုလည်း မြင်တွေ့ရသည်။ ဓမ္မာရုံကြီးအတွင်း၌ ပြခန်းဖွင့်၍ ပန်လင်းဆိုင်ဒေသအကြောင်း၊ ငြိမ်းချမ်းရေးရယူပြီးနောက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ခဲ့မှုများ၊ လက်ရှိ လာဘာသိဒ္ဓိ စေတီတော်ကြီး တည်ထားကိုးကွယ်မှု စသည့် ၂၀၀၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မှတ်တမ်းမှတ်ရာများကို ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရသည်။

လာဘာသိဒ္ဓိ စေတီတော်ကြီးနှင့် မလှမ်းမကမ်းတွင် ကမ္ဘာ့အကြီးဆုံး နီးဘုရားကြီးဖြစ်သော ဇိနရဋ္ဌ တေဇမုနိ ဘုရားကြီးကို ထပ်မံ တည်ထားကိုးကွယ်ထားသည်။ ကမ္ဘာ့အကြီးဆုံး ဇိနရဋ္ဌ တေဇမုနိ နီးဘုရားကြီးသည် ဉာဏ်တော် အမြင့် ၄၃ ပေ ၃ လက်မ၊ တင်ပလ္လင်ခွေအကျယ် ၃၆ ပေ၊ ပလ္လင်တော်အမြင့် ၅ ပေရှိသည်။ သံမပါဘဲ နီးများသက်သက်ဖြင့်သာ ၁၃၈၀ ခုနှစ် တပေါင်းလပြည့်နေ့(၂၀၁၉ မတ်လ ၂၀ ရက်)တွင် စတင်ရက်လုပ်ခဲ့ပြီး ၁၃၈၀ ခုနှစ် ဝါဆိုလဆန်း ၁ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ လက်ရှိအခြေအနေတွင် နေ့စဉ် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး အထူးသဖြင့် သီတင်းကျွတ်ကာလအတွင်းနှင့် သီတင်းကျွတ်အလွန်ရက်များတွင် အစည်ကားဆုံး ဖြစ်သည်။

နမ့်စန်မြို့နယ် ပန်လင်းဆိုင်ဒေသ (မတ်ကျန်းဌာနေ)၌ ငြိမ်းချမ်းရေး၏ အသီးအပွင့်များဖြစ်သည့် ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် ဖွံ့ဖြိုးတိုးတက်နေမှုများကို ဒေသန္တရ ဗဟုသုတ ရရှိစေရန် သွားရောက်လည်ပတ်ရင်း လက်ရာမြောက်လှသည့် လာဘာသိဒ္ဓိ စေတီတော်ကြီးနှင့် ကမ္ဘာ့အကြီးဆုံး ဇိနရဋ္ဌတေဇမုနိ နီးဘုရားကြီးကိုလည်း ဖူးမြော်ကြည်ညိုနိုင်ရန် အသိပေး ရေးသားလိုက်ရပေသည်။ ။

မိုးလွင်ဦး(လွိုင်လင်)

# ကျေးရွာသုံးစိုက်ခင်းမှ ထင်း၊ တိုင်နှင့် မျောများကို ပြည်သူများထံ ဖြန့်ဝေပေး

**သာစည် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက ရှူပါတောင်ကြိုးဝိုင်း အကွက်အမှတ်(၁၉)၌ တည်ထောင်ပြုစုထားသော ကျေးရွာသုံးစိုက်ခင်း ဧက ၁၀၀ မှ ထွက်ရှိသော ထင်း၊ တိုင်နှင့် မျောများကို ဒေသခံပြည်သူများထံ အောက်တိုဘာ ၂၀ ရက်က ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။



ထင်း၊ တိုင်နှင့် မျောများ ဖြန့်ဝေပေးအပ်ပွဲတွင် သာစည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိုက်က ပြည်သူများအတွက် ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများအကြောင်းနှင့် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်၊ မျော များကို ဖြည့်ဆည်းပေးနိုင်ရန် ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်ပြီးနောက် ထွက်ရှိလာသည့် ထင်း၊ တိုင်နှင့် မျောများကိုလည်း ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိ၍ စိုက်ခင်းများတည်ထောင်ရာတွင် ပြည်သူများက ပူးပေါင်းပါဝင် ကူညီကြရန် ပြောကြားသည်။

ထို့နောက် ကျေးရွာသုံးစိုက်ခင်း ဧက ၁၀၀ မှ ထွက်ရှိသော ထင်း ၁၉ ဒသမ ၉ တန်၊ တိုင် ၅၂ လုံး(၁၃ ဒသမ ၁ တန်)နှင့် မျော ၅၆ လုံး(၁၉ ဒသမ ၈ တန်)တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ကောင်းကျော်၊ မိတ္ထီလာခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေးနှင့် တာဝန်ရှိသူများက ဒေသခံ ကျေးရွာနေပြည်သူများထံ ဖြန့်ဝေပေးအပ်ခဲ့သည်။

**ထွန်းထွန်း(သာစည်)**

# မြောင်းမြခရိုင် ဆေးရုံကြီးသို့ နှလုံးနှိုးစက် နှစ်စုံ လှူဒါန်း

**မြောင်းမြ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ် နှလုံးနှိုးစက် နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများကို မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ အလုပ်အမှုဆောင်များက အောက်တိုဘာ ၂၀ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

လှူဒါန်းပွဲတွင် မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြောင်းမြပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ကျပ် ၁၁၅ သိန်း တန်ဖိုးရှိ နှလုံးနှိုးစက် နှစ်လုံးကို အလှူရှင် မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့နှင့် ရန်ကုန်မြို့နေ ဦးစိုးနိုင်-ဒေါ်အေးအေးလှိုင် မိသားစုတို့က ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများသည် မြောင်းမြမြို့ ကျက်သရေဆောင် စကြာသီဟ၊ စကြာနန္ဒ စေတီတော်မြတ်ကြီးသို့ အလှူငွေ ကျပ်သိန်း ၅၀၊ မြစိမ်းရောင်တောင်တော် မြတိကုံ စေတီတော်မြတ်ကြီးသို့ အလှူငွေ ကျပ်သိန်း ၂၀၊ ဗောဓိပင်စေတီတော်မြတ်ကြီးသို့ အလှူငွေ ကျပ် ၁၀ သိန်းနှင့် ဝေဠုဝတီကမ္မဋ္ဌာန်းကျောင်းသို့ အလှူငွေ ကျပ် ၁၀ သိန်းကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ကလိန်အောင်မြို့၌ သီတင်းကျွတ်လမှစ၍ ငါးခြောက်များ ရောင်းအားကောင်းလာ

**ကလိန်အောင် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့သို့ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်သူများနှင့် ကထိန်ခင်း အလှူအတန်းလုပ်ခြင်းများ များပြားလာသောကြောင့် ဒေသထွက် ငါးခြောက်များကိုလည်း ဝယ်သူများလာပြီး ရောင်းအားကောင်းလာကြောင်း ကလိန်အောင်မြို့ ဈေးထဲရှိ ငါးခြောက်အရောင်းအဝယ်လုပ်ကိုင်နေသူများထံမှ သိရသည်။

"အခုက ပွင့်လင်းရာသီဆိုတော့ ဘုရားဖူးလာကြတဲ့သူတွေကလည်း အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ကြတယ်၊ ပြီးတော့ သီတင်းကျွတ်နဲ့ တန်ဆောင်မုန်းလတွေက အခြားလတွေထက် အလှူအတန်းပွဲများတော့ အရောင်းရဆုံးပဲ၊ ဒီမြို့မှာက အလှူအတန်းပွဲတွေမှာ အများအားဖြင့် ငါးကွန်းရှပ်ခြောက်နဲ့ ငါးဒေါင်းချင်းခြောက်ကို အဝယ်များတယ်"ဟု ကလိန်အောင်မြို့ဈေးမှ ငါးခြောက်ဆိုင်ရှင်တစ်ဦးက ပြောသည်။

ကလိန်အောင်မြို့ ဈေးထဲတွင် ငါးကွန်းရှပ်ခြောက်၊ အူကြီးငါးခြောက်၊ ငါးစာပြက်ခြောက်၊ ငါးသလောက်ခြောက်၊ ငါးရောင်ခြောက်၊ ငါးပြက်ခြောက်၊ ဖိုးထွန်းမဲငါးခြောက်၊ ငါးဒေါင်းချင်းခြောက် အစရှိသော ငါးခြောက်များကို ရောင်းချလျက်ရှိရာ ငါးကွန်းရှပ်ခြောက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ အူကြီးငါးခြောက်က ကျပ် ၂၅၀၀၀၊ ငါးစာပြက်ခြောက်က ကျပ် ၁၈၀၀၀ နှင့် ငါးဒေါင်းချင်းခြောက်က ကျပ် ၇၅၀၀ ခန့်ဖြစ်ပြီး ထိုငါးခြောက်များမှာ အရောင်းရဆုံးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငဖဲမြို့မရဲစခန်းကို ခရိုင်တရားသူကြီး စစ်ဆေး

**ငဖဲ အောက်တိုဘာ ၂၁**

မင်းဘူးခရိုင် ငဖဲမြို့နယ် ငဖဲမြို့မရဲစခန်းမှ အချုပ်ခန်းကို မင်းဘူးခရိုင်တရားသူကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်က သွားရောက်စစ်ဆေးရာ ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမောင်နှင့် စခန်းမှူးတို့က လိုက်လံရှင်းလင်းပြသခဲ့သည်။

အဆိုပါအချုပ်ခန်းတွင် အချုပ်သား ၄၀ ဆံ့ အမျိုးသား အချုပ်ခန်းအတွင်း အမျိုးသားအချုပ်သား ၁၆ ဦး၊ အချုပ်သား ၁၀ ဦးဆံ့ အမျိုးသမီး အချုပ်ခန်းအတွင်း အမျိုးသမီးအချုပ်သား တစ်ဦးအား ချုပ်ထားရာ ခရိုင်တရားသူကြီးက အချုပ်သားများနှင့် တွေ့ဆုံ၍ စားဝတ်နေရေးနှင့် ကျန်းမာရေးအခက်အခဲများရှိပါက တင်ပြရန်ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးအား လုံခြုံရေး အထူးဂရုစိုက်ရန်လည်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## အင်းဝဒေသ ဗားကရာကျောင်းတော်နှင့် သစ်သားပန်းပုလက်ရာများ

အင်းဝမြို့ဟောင်းရောက် နိုင်ငံတကာ ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများအနေဖြင့် ဗားကရာကျောင်းရှိ အနုပညာမြောက် ပန်းပုလက်ရာများကို အဓိက သွားရောက်လေ့လာ မှတ်တမ်းယူလေ့ရှိကြောင်း သိရသည်။

အင်းဝ ဗားကရာကျောင်းမှာ သစ်သားဖြင့်တည်ဆောက်ထားသော ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဖြစ်ကာ စိတ်ဝင်စားဖွယ်ရာ မြန်မာမှုအနုပညာ ပန်းပုလက်ရာများကို လေ့လာနိုင်သည်။ ဗားကရာဟူသော အမည်ကပင် စိတ်ဝင်စားဖွယ်ဖြစ်ပြီး အဓိပ္ပါယ် နှစ်မျိုး ဖွင့်ဆိုနိုင်သည်။ "ဗား"ဟူသော အဓိပ္ပါယ်မှာ ကျောင်းဖြစ်ပြီး "ကရာ"မှာ ခရေပင်ဖြစ်သဖြင့် ဗားကရာကျောင်း၏ အဓိပ္ပါယ်ကို ခရေပင်ကျောင်းဟု ဖွင့်ဆိုနိုင်သလို တစ်ဖက်တွင်လည်း "ကရာ"မှာ မြစ်ကမ်းပါး ချောက်ကမ်းပါးရှိ တောတန်းဟု ဖွင့်ဆိုထားသောကြောင့် ချောင်းကမ်းပါး မြစ်ကမ်းပါးအနီးရှိ တောတန်းကျောင်းဟု ဖွင့်ဆိုနိုင်ကြောင်း သိရသည်။

ဗားကရာကျောင်းတော်ကြီးကို ဘိုးတော် ဗဒုံမင်းလက်ထက်က အတွင်းဝန်အမတ်ကြီး နေမျိုးကျော်ထင်က မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်(ခရစ်နှစ် ၁၈၇၂ ခုနှစ်)တွင် တည်ဆောက်ခဲ့သည်။ ကျွန်းတိုင်ပေါင်း ၂၆၇ လုံးရှိပြီး အကြီးဆုံးကျွန်းတိုင်မှာ လုံးပတ် ကိုးပေရှိ၍ အမြင့် ပေ ၆၀ ရှိသည်။ ကျောင်းကြီး၏ အကျယ်အဝန်းမှာ အလျား ၁၈၈ ပေ၊ အနံ ၁၀၃ ပေရှိသည်။

ဗားကရာကျောင်း၏ ဇေတဝန်ဆောင်မကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် လက်ရာမြောက် ပန်းပုရုပ်တုများက လာရောက်သူအားလုံးကို ဆွဲဆောင်လျက်ရှိသည်။ ဥကင်မုခ်တံခါး၊ နရားရုပ်၊ နဂါးဖမ်းထားဟန် ဂဠုန်ရုပ်၊ ခြင်္သေ့ဘီလူးရုပ်၊ လူပျံရုပ်၊ အောင်းရုပ်၊ ကိန္နရာရုပ်၊ ကျေးငှက်ကလေးများ ပန်းလာလျှုဟန် ပန်းပုရုပ်များနှင့် အခြားပန်းပုရုပ်များမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဗားကရာကျောင်းရှိ ရှေးဟောင်း ပန်းပုလက်ရာများကို ပြည်တွင်းမှ ပညာရှင်များက လေ့လာ မှတ်တမ်းပြုထားကြရာ အဆိုပါ ပညာရှင်များ၏ မှတ်တမ်းများအရ ဗားကရာကျောင်းတွင် အလှဆင်ထားသော ခြင်္သေ့ဘီလူးရုပ်မှာ အင်းဝခေတ်(ညောင်ရမ်းခေတ်)လက်ရာ ဖြစ်ပြီး နဂါးဖမ်းဂဠုန်ရုပ်မှာ အမရပူရခေတ်(ကုန်းဘောင်ခေတ်လယ်) လက်ရာများ ဖြစ်သည်ဟု ဆိုထားသည်။ လူပျံရုပ်များကိုမူ ရတနာပုံခေတ်လက်ရာများဟု ယူဆနိုင်ကြောင်း လေ့လာသုံးသပ်ထားသည်။

ပညာရှင်များ၏ လေ့လာသုံးသပ်မှုများအရ ဗားကရာကျောင်းတော်ကြီးမှာ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းမှုများကို ပြုလုပ်ခဲ့သည့်အတွက် စုံထားလောက်သည့် မြန်မာ့ရိုးရာ ပန်းပုလက်ရာများစွာကို တစ်စုတစ်စည်းတည်း လေ့လာနိုင်သော ကျောင်းတော်ကြီးဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သစ်သားကျောင်းတော်များတွင် ဗားကရာကျောင်းတော်ကြီး၏ ဗိသုကာလက်ရာများမှာ အစောဆုံးခေတ် လက်ရာများအဖြစ် ဂုဏ်ယူဖွယ် တည်ရှိနေကြောင်း သိရှိရပေသည်။

**တိမ်တမန်**

## ရေထွက်ပစ္စည်းလုပ်ငန်းများ ဘေးဥပဒ်ကင်းစေရန် ဆောင်ရွက်ရမည့်နည်းစနစ်များ အလုပ်ရုံဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၂၁**

ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်ရုံးချုပ်)နှင့် ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး မဲခေါင်-လန်ချန်းအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ရေထွက်ပစ္စည်းလုပ်ငန်းများ ဘေးဥပဒ်ကင်းစေရန် ဆောင်ရွက်ရမည့်နည်းစနစ်များ အလုပ်ရုံဆွေးနွေးပွဲကို ပုသိမ်မြို့၌ အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောအောင်ရဲထွဋ်လွင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများမှ ဝန်ထမ်းများ၊ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် လပွတ္တာခရိုင်အတွင်းရှိ ရေထွက် စားသောက်ကုန်လုပ်ငန်းရှင်များ၊ မဲခေါင်-လန်ချန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်ရုံးချုပ်) ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ မှ စီမံကိန်းမန်နေဂျာ ဒေါ်ဝင်းဝင်းလွဲက ငါးခြောက်၊ ငါးပိ၊ ငါးပိရည် ၊ ငံပြာရည်၊ ငါးချဉ်နှင့် ပုစွန်ချဉ် လုပ်ငန်းရှင်များအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးဆိုင်ရာ စံနှုန်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စနစ်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းရှင်များကလည်း ထုတ်ကုန်လုပ်ငန်းများ လုပ်ကိုင်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် သိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြသည်။

ရေထွက်ပစ္စည်း လုပ်ငန်းရှင်များ ထုတ်လုပ်သော ထွက်ကုန်များသည် သန့်ရှင်းသော ကုန်ထုတ်လုပ်မှုဖြစ်ပြီး ဘေးဥပဒ်ကင်းရှင်းစေရန်၊ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့် ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်၊ တန်ဖိုးမြှင့် ရောင်းကုန်များ ထုတ်လုပ်နိုင်စေရန်နှင့် လုပ်ငန်းရှင်များ သိရှိလိုက်နာရမည့် စက်ရုံပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ထုတ်ကုန်သတင်းအချက်အလက်များ စသည်တို့ကို အသိပေးနိုင်ရန် ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**

## ကန့်ဘလူမြို့နယ်မှ သွားရောဂါဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းကုသပေး



သွားနှင့်ခံတွင်းဝေဒနာရှင်များအား အထူးကုဆရာဝန်များက စစ်ဆေးကုသပေးနေစဉ်

**ကန့်ဘလူ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ရွှေတောင်ဦး အာယုဒါန သံဃာ့ဆေးခန်း၌ ဒေသခံ ရဟန်းရှင်လူ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါများကို အထူးကုဆရာဝန်များက အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

ဒေါက်တာ ဝင်းမောင်မောင်နှင့် ဒေါက်တာ ခင်လွဲလွဲတို့ ဦးဆောင်ပြီး စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး အသင်းခွဲ)၊ ရွှေတောင်ဦး အာယုဒါန သွားနှင့် ခံတွင်း အထူးကုဆေးခန်း(စစ်ကိုင်း)၊ မြရည်နန္ဒာဖောင်ဒေးရှင်း၊ ဘ၀ အလင်းရောင် ပရဟိတအသင်းနှင့် ရင်ငြိမ်းပန်း ကရုဏာဆေးရုံ(ပြင်စည်) သွားနှင့်ခံတွင်းရောဂါ ကွင်းဆင်းကုသရေးအဖွဲ့မှ သွားဆရာဝန် ၂၀ တို့က ကွင်းဆင်းကုသပေးခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းကုသရေး အဖွဲ့သည် လူနာတစ်ဦးချင်း၏ သွားနှင့်ခံတွင်း ကျန်းမာရေးကို စစ်ဆေးပေးပြီး ဝေဒနာရှင်များအား ရောဂါအလိုက် သွားနုတ်ပေးခြင်း၊ သွားပေါက်ဖာခြင်း၊ သွားမြစ် ကုသခြင်း၊ သွားနှင့်ခံတွင်း သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ သွားစိုက်ခြင်း၊ သွား နှင့် သွားဖုံးရောဂါများ ကုသပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်း လူနာ ၃၃၁ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

သွားနှင့်ခံတွင်း ကွင်းဆင်းကုသခြင်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ရွှေတောင်ဦးတိုက်သစ် သီရိမင်္ဂလာကန်တော်ဦးကျောင်းတိုက် ဆရာတော်နှင့် ဒကာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရွှေတောင်ဦး အာယုဒါန သံဃာ့ဆေးခန်းမှ ဆရာဝန်များနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ် ဖောင်ဒေးရှင်း၏ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်ပွဲကျင်းပ

**ကော့သောင်း အောက်တိုဘာ ၂၁**

ကော့သောင်းမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ဖောင်ဒေးရှင်းနှင့် ထိုင်းနိုင်ငံ ဓမ္မ ကာယ(Dhama kaya)ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ရိုးရာ သီတင်းကျွတ်ပွဲတော် ဆီမီး ၅၀၀၀ ပူဇော်ပွဲနှင့် မီးပုံးပျံ ၃၀၀၀ လွှတ်တင်ပူဇော်ပွဲကို အောက်တိုဘာ ၂၀ ရက်က ကော့သောင်းမြို့ ရန်ကြီးအောင် ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

စတုတ္ထအကြိမ်မြောက် အဖြစ် ကျင်းပသော ဆီမီးပူဇော်ပွဲတွင် တစ်မြို့နယ်လုံးရှိ ဓမ္မစကူးလ် ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော်က သက်ဆိုင်ရာ စုရပ်အသီးသီးမှ ဆီမီးကြာခွက်ငယ်များ ကိုင်ဆောင်စီတန်း၍ ဘောလုံးကွင်းသို့ လာရောက်ကြပြီး ကွင်းအတွင်း နေရာယူ၍ ဆရာတော်သံဃာတော်များထံမှ သီလခံယူကာ မြန်မာနိုင်ငံတော် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌဆရာတော်နှင့် ထိုင်းနိုင်ငံ ဓမ္မကာယ ဖောင်ဒေးရှင်း ဆရာတော်တို့က ဩဝါဒများ ချီးမြှင့်ခဲ့သည်။



ဆီမီး မပူဇော်မီ သီလခံယူနေသော ကျောင်းသားကျောင်းသူလေးများ

ထို့နောက် တက်ရောက်လာသည့် ဧည့်ပရိသတ်များနှင့် ကျောင်းသား ကျောင်းသူများက မေတ္တာပို့ ဆုတောင်းကြပြီး တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိ စေတီတော်ကြီးအား ရည်စူးအာရုံပြု၍ ဆီမီး ၅၀၀၀ ကို စနစ်တကျ ပူဇော်ကြကာ မီးပုံးပျံအလုံး ၃၀၀၀ ကိုလည်း တစ်ပြိုင်တည်း လွှတ်တင်ပူဇော်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲခဲ့ကြသည်။

**ကျော်စိုး(ကော့သောင်း)**

## မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**ဝမ်းတွင်း အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာမှ ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ရွှေတောင်နယ်မြေရဲစခန်းက ကြီးမှူး၍ အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရွှေတောင်နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မောင်မောင်သန်းနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်စွာဟိန်းတို့က မူးယစ်ဆေးဝါးသုံးစွဲမှုများ ပပျောက်စေရေးနှင့် မှုခင်းကျဆင်းရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွန်းဝဿန်**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ အသိပညာပေးဟောပြော

**ကော့မှူး အောက်တိုဘာ ၂၁**

ရန်ကုန် တောင်ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူး၍ ကော့မှူးမြို့နယ်အတွင်းမှ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကော့မှူးမြို့ စည်ပင်သာယာမြို့မဈေး၌ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရန်ကုန် တောင်ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်က ကော့မှူးမြို့မဈေးနှင့် မြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ကုန်ခြောက်ဆိုင်၊ အလှကုန်ပစ္စည်းအရောင်းဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တာဝန်များ၊ ၂၀၁၉ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ အခန်း(၁၈)ပါ ကုန်ညွှန်းအမှတ်အသား ဖော်ပြခြင်းအကြောင်း၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲများ ဖော်ပြခြင်းအကြောင်း၊ ပြည်ပမှတင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်း အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့်နေရာ၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအမည်များ၊ ပါဝင်မှုအချိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး (သို့မဟုတ်) ခတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်များ၊ သက်ဆိုင်ရာအစိုးရဌာနများက ဖော်ပြရန်သတ်မှတ်ထားသော အချက်များ ပါဝင်ရေး စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကော့မှူးမြို့နယ်အတွင်းမှ အရောင်းဆိုင်နှင့် ကုန်ပစ္စည်းထုတ်လုပ်သူ ၄၀ ခန့် တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကိုလည်း တင်ပြမေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနလက်အောက်ရှိအမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် (ရန်ကုန်)ကို e-Library ချိတ်ဆက်ခြင်းနှင့် ဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)ဖြင့် ဝယ်ယူ၍ အောက်ပါ အစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါ ပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၅-၁၀-၂၀၁၉ရက်မှ ၂၄-၁၁-၂၀၁၉ရက်အထိ |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** | - | ၂၅-၁၁-၂၀၁၉ရက် ညနေ ၄:၃၀နာရီ |
| **တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်** | - | ၂၇-၁၁-၂၀၁၉ရက် နံနက်၁၀ နာရီ |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ (နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရာဇသင်္ဂဟလမ်းနှင့် ကုမုဒြာကြာပန်းအဝိုင်းအနီး၊ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |
| **တင်ဒါတင်သွင်းရန်နေရာ** | - | အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ရာဇသင်္ဂဟလမ်းနှင့် ကုမုဒြာကြာပန်းအဝိုင်းအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |

၃။ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့်တင်ဒါခေါ်ယူသည့် အချက်များ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်း အမှတ် ၀၆၇-၃၄၁၈၄၂၆နှင့် ၀၆၇-၃၄၀၈၃၈၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလေးခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၁

ဦးရဲမင်းဦး နှင့် ၁။ ဒေါ်ကြည်ကြည်ဌေး
၂။ ဒေါ်တင်တင်ထွေး

**တရားလို** **တရားပြိုင်များ**

ဒေါ်ကြည်ကြည်ဌေး(ဘ)ဦးစိန်ခိုနှင့် ဒေါ်တင်တင်ထွေး(ဘ)ဦးစိန်ခို၊ နယ်မြေ(၉) မြို့လှရပ်ကွက်၊ ကလေးမြို့(ယခုနေရပ် လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးရဲမင်းဦးက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အိမ်နှင့်မြေ လက်ရောက်ပေးအပ် စေလိုမှု(သို့မဟုတ်)ပေးအပ်ထားသည့် အိမ်နှင့်ဝင်းမြေတန်ဖိုး ၃၁၂၉၀၀၀၀/-(သုံးရာတစ်ဆယ့်နှစ်သိန်းကိုးသောင်းကျပ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ (၁)ရက် (၁၃၈၁ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ အောက်တိုဘာ (၁၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောသန်းဦး)
ဒုတိယခရိုင်တရားသူကြီး
ကလေးခရိုင်တရားရုံး

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၃)၊
## တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့
## အမှတ်စဉ်(၁/၂၀၁၉-၂၀၂၀)အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့ မှ(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရှမ်းပြည်နယ် (တောင်ပိုင်း/ အရှေ့ပိုင်း)အတွင်းရှိ တံတားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများလုပ်ငန်းခွင်အရောက်ဝယ်ယူခြင်း၊ စက်/ ယာဉ်ယန္တရားများ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့။ |
| ၃။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၂-၁၀-၂၀၁၉ရက် ရုံးချိန်အတွင်း |
| ၄။ | **တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** | - | ၂၂-၁၁-၂၀၁၉ရက် ၁၆:၀၀နာရီ |
| ၅။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၂၅-၁၁-၂၀၁၉ ရက် (၁၃:၃၀)နာရီ |
| ၆။ | **တင်ဒါဖွင့်မည့်နေရာ** | - | ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့။ |

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့ (၁၂)၊ ရွှေညောင်မြို့(ဖုန်း)၀၈၁-၄၅၄၂၀၊ ၀၉-၂၅၄၆၇၄၂၆၁၊ ၀၉-၄၂၀၀၇၈၁၁၆၊ ၀၉-၂၆၇၀၄၂၆၇၀တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## Ruby Dragon Group Of Companies အောက်ရှိ
## ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရန်
## Chief Accountant ၃ဦး အလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

**လိုအပ်သည့်အရည်အချင်းများ-**

- CPA ရရှိပြီးသူဖြစ်ရမည်၊
- Excel ဖြင့် စာရင်းများ ကျွမ်းကျင်စွာပြုစုနိုင်ရမည်၊
- Senior Accountant ရာထူးဖြင့် အတွေ့အကြုံ (၂)နှစ် အနည်းဆုံး ရှိရမည်၊
- Myanmar Accounting Standard နှင့် IFRS တို့နှင့် အကျွမ်းတဝင်ရှိသူဖြစ်ရမည်၊
- ကုမ္ပဏီအခွန်ကိစ္စများကို တာဝန်ယူဆောင်ရွက်နိုင်ရမည်၊
- အသက် ၄၅နှစ်အောက်ဖြစ်ရမည်၊
- နယ်ဒေသတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊
- ပဏာမရွေးချယ်ခံရသူများကိုသာ အင်တာဗျူးခေါ်ယူမည်၊

**လျှောက်ထားရန်လိုအပ်ချက်များ-**

- CV
- ၆လအတွင်းရိုက်ကူးထားသော ပတ်စပို့ကာလာ ဓာတ်ပုံ တစ်ပုံ
- မှတ်ပုံတင်မိတ္တူ
- အိမ်ထောင်စုစာရင်းမိတ္တူ
- ရပ်ကွက်ထောက်ခံစာ၊
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊
- လိုအပ်သော အထောက်အထားများ၊
- ၁၅-၁၁-၂၀၁၉ရက် နောက်ဆုံးထားလျှောက်ထားရန်၊

**လျှောက်ထားရန် လိပ်စာ-**

Ruby Dragon Group Of Companies
အမှတ်၅၆(အေ)၊ ပြည်လမ်း-သီရိမာလာလမ်းသွယ်၊ ၇မိုင်ခွဲ၊ မရမ်းကုန်း၊ ရန်ကုန်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်၊ ရခိုင်ပြည်နယ်ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ်၊ ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ဝန်ထမ်းအိမ်ရာများ၊ ကျေးလက်ကျန်းမာရေးဌာန/ခွဲများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် တင်ဒါစည်းကမ်းချက် ပုံစံ/ လျှောက်လွှာများကို ရခိုင်ပြည်နယ်ကုသရေး/ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပြည်နယ်ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၌ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဆက်သွယ်ရန် ဖုန်းနံပါတ်** | - | ၀၄၃-၂၁၂၀၂၊ ၀၄၃-၂၃၃၆၆ |
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၂၄-၁၀-၂၀၁၉ရက် (ကြာသပတေးနေ့) |
| **တင်ဒါပိတ်ရက်** | - | ၂၀-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီ |

**တင်ဒါစိစစ်ရွေးချယ်ရေး အဖွဲ့**
**ရခိုင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာန**

## ဦးထွန်းမြင့် ၃/ ဘအန(နိုင်)၁၇၅၈၁၆ ၏
## ၁၉-၁၀-၂၀၁၉ရက်စွဲပါ ကြေးမုံသတင်းစာ၏
## စာမျက်နှာ -၃၀ တွင် ကြေညာထားသော
## ကြော်ငြာကို ကန့်ကွက်ကြောင်း

မသီတာ ၁၂/တမန(နိုင်)၀၉၃၅၈၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါသည်။ ဦးထွန်းမြင့် ၃/ဘအန(နိုင်)၁၇၅၈၁၆ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆လမ်း၊ အမှတ် ၂၉၊ မြေညီထပ် ခေါင်း ရင်းခန်း တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းမြင့်က ၎င်း၏မိတ်ဆွေကို ရောင်းချသည့်ကိစ္စကို ဦးထွန်းမြင့်၏ တရားဝင်ဇနီး မသီတာက ကန့်ကွက်ပါသည်။ မသီတာတွင် အဆိုပါ တိုက်ခန်းနှင့် ပတ်သက်သော စာရွက်စာတမ်း မူရင်းများမှာ မသီတာ လက်ဝယ်တွင်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းကို ဆက်လက်၍ အရောင်းအဝယ် မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှဌေး(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၅၉၄၉)
အမှတ် ၉၅၄၊ သရေခေတ္တရာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၄၂၀၂၄၀၆၇၁

## ကန့်ကွက်နိုင်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၆)နယ်မြေ၊ ဘာဘာကြီးလမ်း၊ (အောင်သီရိလမ်း)၊ အိမ်အမှတ်(၇)၊ ကွင်းအမှတ်(၁၁၂-က)၊ ဦးပိုင်အမှတ် (၂၀)၊ မြေရေိယာ(၀ဒသမ၁၀၉)၏ နေအိမ်နှင့်ပတ်သက်၍ မြေကွက်၏ထက်ဝက် ၁/၂ နေအိမ်၏ ထက်ဝက် ၁/၂တို့အား ကျွန်ုပ်အမှုသည် ဒဒူလ္လာ(ခ)ဦးခင်မောင်သန်း ၁၄/ ပသန(နိုင်) ၀၂၈၉၈၇မှ ပိုင်ဆိုင်ပြီး (၁၃-၃-၂၀၁၈)ရက်တွင် အမှတ်(၃၇၀)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၆)ရပ်ကွက်နေ ၎င်း၏တူမဖြစ်သူ ဒေါ်စကီနံ(ခ)ဒေါ်မြမြဝင်း ၁၄/ပသန(နိုင်)၀၄၂၃၀၆အား ဝစီယသ်နာမ(ခ)သေတမ်းစာဖြင့် တိုင်းအိုလမာ အစ္စလာမ် သာသနပညာရှင်များအဖွဲ့ရှေ့တွင် လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါပိုင်ဆိုင်သည့်မြေ၏ ထက်ဝက်အား ကျွန်ုပ်အမှုသည် ဒေါ်မြမြဝင်း အမည်ပေါက်ရန် မြေစာရင်းဌာနတွင် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် သက်သေခံစာရွက်စာတမ်းအပြည့်အစုံနှင့် ကျွန်ုပ်ထံသို့ (၂၁-၁၁-၂၀၁၉) ရက် နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင် ကန့်ကွက်သူမရှိပါက မြေနာမည်အမည်ပေါက် လျှောက်ထားရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း
တရားလွှတ်တော်ရှေ့နေ
(စဉ်-၃၁၄၉)(၃၁-၅-၁၉၈၅)
အမှတ် ၁၂၀၂၊ ဝေဠုဝန်(၁)လမ်း၊ ရ.က.အ (၈)နယ်မြေ
ပုသိမ်မြို့-ဖုန်း-၀၉-၄၂၂၄၉၄၁၄၈

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ နဘဲပင်ကျေးရွာနေ (ဘ) ဦးကျော်မောင်၏သား၊ ဦးဌေးလွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁-၁၉၆၁ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/5022 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ (ပဲခူး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက(၅)မှ အလယ်တန်းပြ ဒေါ်လွဲ့လွဲ့ဝင်း ၉/ပမန(နိုင်) ၀၉၉၈၃၉၉၏ဖခင်အမည်မှန်မှာ ဦးထွန်းစိန်လေး (ခ) ဦးထွန်းစိန်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးထွန်းစိန်လေး(ခ)ဦးထွန်းစိန်**

## မှတ်ပုံတင်အမှန်

ဟုမ္မလင်းမြို့နယ်၊ မြင်သာအုပ်စု၊ မြသာယာကျေးရွာနေ (ဘ)ဦးမောင်ကြိုင်၏သမီး မမွန်မွန်စိုး၊ တတိယနှစ် (မြန်မာစာ)၏ မှတ်ပုံတင်နံပါတ် အမှန်မှာ ၅/ ဟမလ(နိုင်)၁၁၂၆၆၇ အမှန်ဖြစ်ပါကြောင်း။ **မမွန်မွန်စိုး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ အထက(တွင်းကြီး)သတ္တမတန်းမှ မောင်သူရိန်ဝင်း၊ ပဉ္စမတန်းမှ မောင်ပြည့်ဖြိုးမောင်၊ စတုတ္ထတန်းမှ မောင်ပြည့်ဖြိုးပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဇော်ထွန်း ၅/ ကလထ (နိုင်)၂၀၉၆၅၂ ဖြစ်ပါကြောင်း။ **ဦးတင်ဇော်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3270, ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးကိုကို ၇/ရတရ(နိုင်)၁၆၅၁၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5844. Nissan Clipper U 71 T/Pickup(4x2) ယာဉ်လက်ဝယ်ရှိသူဦးစံလင်းမောင်၉/တသန(နိုင်)၀၉၈၃၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**




## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံးစက်ပစ္စည်း (၂)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံးစက်ပစ္စည်း (၂)မျိုးကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| I | Machinery and Equipment | |
| | (1) 2 Unit Sheetfed Offset Printing Machine | 1 No |
| | (2) Gathering & Stitching Machines | 2 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၀-၂၀၁၉ရက်မှ ၂၀-၁၁-၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၂၀-၁၁-၂၀၁၉ရက်နှင့် ၂၂-၁၁-၂၀၁၉ရက်တွင်လည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို ၂၅-၁၁-၂၀၁၉ ရက်တွင်လည်းကောင်း နံနက် ၀၉:၃၀နာရီမှ ညနေ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ် (၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၉၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်းအသုံးစရိတ်)ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) လွိုင်လင်ခရိုင်ရုံး(၉၀'x၄၈')RCC (၂)ထပ်၊ Ground Tank,၄"Tube Well & External Water Supply+Pump House နှင့် ခြံစည်းရိုးကာရံခြင်း (၇၉၂ပေ)
- (ခ) တင်ဒါစတင်ရောင်းချမည့်ရက် - ၂၁-၁၀-၂၀၁၉ ရက်
- (ဂ) တင်ဒါရောင်းချမှုပိတ်သိမ်းရက် - ၂၀-၁၁-၂၀၁၉ ရက်
- (ဃ) တင်ဒါ(နောက်ဆုံး)တင်သွင်းရမည့်ရက်- ၂၀-၁၁-၂၀၁၉ ရက် ၁၆:၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၈၁-၂၀၆၈၅၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါ စက်၊ ယာဉ်၊ ယန္တရားများကို မြန်မာကျပ်ငွေဖြင့် ဌာနအရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| Sr.No | NomencLature | Quantity |
|---|---|---|
| 1 | Compact Track Loader with 2 Attachment (Grass Cutter, Broom) | 4 Nos |
| 2 | Hydarulic Excavator (8) Ton | 6 Nos |
| 3 | Motor Grader (14) Ton | 4 Nos |
| 4 | Water Bowser (1200-Gallon) | 10 Nos |
| 5 | Pile Driver (Single Jaw Vibrator) | 2 Nos |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၁၀-၂၀၁၉ ရက်မှ ၁၉-၁၁-၂၀၁၉ ရက်အထိ

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်မည့်ရက်/အချိန်** - ၂၂-၁၁-၂၀၁၉ရက် ညနေ ၄နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - အကြောင်းကြားဆက်သွယ်ပါမည်။

၅။ **တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ

၆။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**စက်မှုဌာနခွဲ၊ ပျဉ်းမနားမြို့၊ (ခုတင်-၂၀၀ဆေးရုံအနီး)**
ဖုန်း-၀၉-၅၀၄၆၉၅၅၊ ၀၉-၉၇၃၇၀၃၀၀၀
၀၉-၂၀၂၃၂၁၀၊ ၀၉-၇၉၂၀၂၃၂၁၀


## ZN Bar and restaurant မှ ဝန်ထမ်းအလိုရှိသည်။

- စားဖိုမှူး (ကျား) (၁) ဦး
- စားဖိုမှူးအကူ (ကျား) (၁) ဦး
- ဝန်ထမ်း (ကျား) (၂) ဦး

(၅၊ ၆၊ ၇)ဈေး၊ လားရှိုးမြို့။
ဖုန်း-၀၉-၉၅၈၇၂၅၂၀၃၊ ၀၉-၄၅၇၉၀၂၀၃၀


## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ်သမဝါယမဦးစီးဌာန မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်သမဝါယမဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) တနိုင်းမြို့နယ်သမဝါယမဦးစီးဌာနရုံး(၄၀'x၃၀') RC နှစ်ထပ်(ရေ၊ မီးအပါ)
- (ခ) မန်စီမြို့နယ်သမဝါယမဦးစီးဌာနရုံး (၃၆'x၂၄'x၂၅') RC နှစ်ထပ် (ရေ၊ မီးအပါ)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်သည်-

- (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၂-၁၀-၂၀၁၉ ရက်
  **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်အချိန်**- ရုံးချိန်အတွင်း
- (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၁၁-၂၀၁၉ ရက်
  **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်အချိန်** - ၁၆:၃၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်သမဝါယမဦးစီးဌာနရုံး ဖုန်း- ၀၇၄-၂၅၂၂၃၇၁ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်သမဝါယမဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၉ ရက်မှ ၂၇-၁၁-၂၀၁၉ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့
- (ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၈-၁၁-၂၀၁၉ ရက်/ မွန်းတည့် ၁၂ နာရီ
- (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီ
- (င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄- ၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်အတွင်းရှိ အထူးအဖွဲ့/မြို့နယ်များမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၉ ရက်မှ ၂၅-၁၁-၂၀၁၉ ရက်အထိ နံနက် ၉:၀၀ နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်မြို့
- (ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၁၉ ရက်/ မွန်းတည့် ၁၂ နာရီ
- (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၇-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီ
- (င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဆတ်ခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းဆတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၆၀၂၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်းရှိ မက်မန်းမြို့နယ်မှ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၉ရက်မှ ၂၈-၁၁-၂၀၁၉ရက်အထိ နံနက် ၉:၀၀နာရီမှ ၁၆:၀၀နာရီ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်တွဲဖက်ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးဝင်း၊ မြရတနာလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ကျိုင်းတုံမြို့
  - မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန မက်မန်းမြို့နယ်၊ မက်မန်းမြို့
- (ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၉-၁၁-၂၀၁၉ရက်/ မွန်းတည့် ၁၂နာရီ
- (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂-၁၂-၂၀၁၉ ရက် နံနက် ၁၀နာရီ
- (င) **တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင်နှင့်ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၀၁၇၇၇၄၈၈၇၊ ၀၉-၄၂၈၁၂၂၅၁၈၊ ၀၉-၄၃၁၃၃၁၃၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ အထူးအဖွဲ့/မြို့နယ်များမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၉ ရက်မှ ၂၁-၁၁-၂၀၁၉ ရက်အထိ နံနက် ၉:၀၀နာရီမှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့
- (ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၂-၁၁-၂၀၁၉ ရက်/ မွန်းတည့် ၁၂ နာရီ
- (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၅-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီ
- (င) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၁၀၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/8459 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9234, Mitsubishi Fuso F354JVZ Truck (8x4)R T/S ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၉/ပသက(နိုင်)၀၃၇၅၈၆ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၀/မမ/CE 19-20 | တိုင်း(၅)နယ်မြေ၊ ကျေးတောဘူတာအရောက် (1"x 1½") အရွယ် လမ်းခင်းကျောက်(စက်ခွဲ) (၁၃၀၀)ကျင်းဝယ်ယူရန် |
| ၂ | ၁၁/မမ/CE 19-20 | တိုင်း(၁)မြစ်ကြီးနား<br>နန်းခွင်-ပင်းဘောကြား၊ တံတားအမှတ်(၆၃၆-အေ)20' မှ 40' အရှည် Bore Pile ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်း |
| ၃ | ၁၂/မမ/CE 19-20 | တိုင်း(၅)တောင်ငူ<br>သာဝတ္တိ-လောကြား မိုင်(၂၁၄/၂၀-၂၁)ရှိ လောလေယာဉ်ကွင်းဂိတ် ဂိတ်စောင့်နေအိမ် Brick Pucca (၄)ခန်းတွဲ(၁)လုံးဆောက်လုပ်ခြင်း (၁၂၈၀ စ/ပေ) (ရေ၊ မီး၊ မိလ္လာကန်အပါအဝင်) |
| ၄ | ၁၃/မမ/CE | နေပြည်တော်ဘူတာကြီးဝန်းကျင်တွင် ဂျပန်မြက်၊ ဘဲစားမြက်နှင့် အလှပန်းပင်များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း |
| ၅ | ၁၄/မမ/CE | တိုင်း(၄)ကလော<br>ဘုရားငါးဆူ-ယင်းမာပင်ကြား မိုင်(၃၂၆/၁၀-၁၁)ကြား၊ 100'-0"အရှည် သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်း(ယာဘက်) (7'-6" အမြင့်) |
| ၆ | ၁၅/မမ/CE | ဘုရားငါးဆူ-ယင်းမာပင်ကြား မိုင်(၃၂၆/၁၁-၁၂)ကြား၊ 100'-0"အရှည် သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်း(ယာဘက်) (7'-6" အမြင့်) |
| ၇ | ၁၆/မမ/CE | ဘုရားငါးဆူ-ယင်းမာပင်ကြား မိုင်(၃၂၆/၁၃-၁၄)ကြား၊ 100'-0"အရှည် သံကူကွန်ကရစ်မြေထိန်းနံရံတည်ဆောက်ခြင်း(ယာဘက်) (7'-6" အမြင့်) |

တင်ဒါပိတ်မည့် နေ့/အချိန် -အမှတ်စဉ်(၁)(၁၈.၁၁.၂၀၁၉)(တနင်္လာနေ့)၊ (၁၄:၃၀)နာရီ
အမှတ်စဉ်(၂ မှ၇) (၂၅.၁၁.၂၀၁၉) (တနင်္လာနေ့)၊ (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁.၁၀.၂၀၁၉)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | Currency |
|---|---|---|---|
| ၁ | ၁၇/မမ/CME (ISN)19-20 | စက်ပစ္စည်း(၂၀)မျိုးဝယ်ယူရန် | Kyat |
| ၂ | ၁၈/မမ/CME 19-20 | Platform Truck (1-Set) | Kyat |
| ၃ | ၁၉/မမ/CME 19-20 | နယ်ဒီဇယ်စက်ခေါင်းပြင်ရုံများနှင့် နယ်တွဲပြင်စက်ရုံများအတွက် လိုအပ်သော စက်ပစ္စည်း(၄၁)မျိုးဝယ်ယူရန် | Kyat |
| ၄ | ၂၀/မမ/CME (MIT)19-20 | စက်ပစ္စည်း(၃၈)မျိုး ဝယ်ယူရန် | Kyat |
| ၅ | 12(T)1/MIT 19-20 | Wheel & Axle (5) Items | Euro |
| ၆ | 12(T)2/RBE 19-20 | စက်ပစ္စည်း(၂၃)မျိုး | Kyat |
| ၇ | 12(T)3/YUG 19-20 | စက်ကိရိယာများနှင့်လက်သုံးကိရိယာ (၄၀)မျိုးဝယ်ယူရန် | Kyat |

တင်ဒါပိတ်မည့် နေ့/အချိန် - (၂၆.၁၁.၂၀၁၉) (အင်္ဂါနေ့)၊(၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၁.၁၀.၂၀၁၉)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291994

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄)ရက်

၂၀၁၉ - ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ရွှေသာလျောင်းဘုရား ဆင်လှုပွဲတော်၊ ဆင်အကအလှပြိုင်ပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ပူးပေါင်းပါဝင် ဆင်နွှဲပေးခဲ့ကြသော**

ကမ္ဘောဇဘဏ် လီမိတက်၊ CP Motor Myanmar Co.,Ltd, မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်၊ မြန်မာသံတော်မြတ် ဘိလပ်မြေစက်ရုံ၊ Alpha ဘိလပ်မြေစက်ရုံ ၊ AAA ဘိလပ်မြေစက်ရုံ ၊ မြန်မာဆင် ဘိလပ်မြေစက်ရုံ၊ တက်လူ ဘိလပ်မြေစက်ရုံ၊ ကျားခေါင်း ဘိလပ်မြေစက်ရုံ၊ Myanmar Mandalay Fuxin Steel Co.,Ltd, EABC Co.,Ltd, ကျောက်ဆည်အသင်း(ရန်ကုန်)၊ မြဘုရင်နို့ဆီ၊ Highway Restcamp (တံတားဦး) မြန်မာအိုအေစစ် ကုမ္ပဏီလီမိတက်၊ International Glass Co.,Ltd ၊ မြတ်မင်း ကုမ္ပဏီလီမိတက်၊ ကေသီဦး၊ နေလသုခ ဆန်စက်၊ သုံးရာသီ စိုက်ပျိုးရေးဆေး၊ Unity ကိုယ်ပိုင်ကျောင်း၊ ကျောက်ဆည်မြို့ဝင်ဘီးခွန်

**တို့နှင့်အတူ မြန်မာနိုင်ငံ အဝှမ်းမှ ကုမ္ပဏီများ၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ အုတ်စက်ရုံများ၊ ဖြန့်ချိရေးလုပ်ငန်းများ၊ မိုဘိုင်းဖြန့်ချိရေးနှင့်အရောင်းဆိုင်များ၊ ဘဏ်များ၊ ဟိုတယ်များ၊ ကိုယ်ပိုင်ကျောင်းများ၊ ဆေးရုံနှင့်ဆေးခန်းများ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ ပွဲရုံများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် စတိုးဆိုင် စသည့်အားလုံးသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆင်လှုပွဲတော်လာ ဧည့်ပရိသတ်အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

ဆင်လှုပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ
ကျောက်ဆည်မြို့

---

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ရွှေကမ္ဘာတာဝါ(၂) ၊ အမှတ် ၁၇၄/၁၈၈ (ဒုတိယထပ်)ရှိ ယူနိုက်တက်ပိန့်(စ်)ဂရု(ပ်)ကုမ္ပဏီလီမိတက် UNITED PAINTS GROUP CO.,LTD. [ကုမ္ပဏီ မှတ်ပုံတင် အမှတ်-၁၈၉၇၅၈၅၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ UNITED PAINTS GROUP CO.,LTD. က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်များ**




မှတ်ပုံတင်အမှတ် - ၄ပို/၇၀၉၅/၂၀၁၇

ဒီဇိုင်းအဟောင်း




မှတ်ပုံတင်အမှတ် - ၄ပို/၆၀၅၇/၁၉၉၇

ဒီဇိုင်းအသစ်




UNITED PAINTS GROUP CO.,LTD. (UPG)သည် လွန်ခဲ့သော နှစ် ပေါင်း ၂၀ ကျော်ကတည်းကအထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အလှဆင် သုတ်ဆေးအမျိုးအမျိုးတို့ကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိရာ ကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ ယခုအခါတွင် မသမာသူအချို့က အထက်ပါ UNITEX EMULSION PAINT နှင့် ORIENT EMULSION PAINT ကုန်အမှတ်တံဆိပ်၏ နာမည်ကောင်း သတင်းကိုအမှီ ပြုလျက်တုပ၍ စားသုံးသူများမှ ထင်ယောင် ထင်မှား ၊ဆင်တူယိုးမှားဖြစ်စေရန် ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိ ကြောင်းတွေ့မြင်ကြားသိရပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို မိမိတစ်ဦးတည်း မူပိုင်အဖြစ်မှတ်ပုံတင်သွင်းခြင်းဖြစ်ပါသဖြင့် မိမိ၏ခွင့်ပြုချက်မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှုဖြစ်စေ၊ အများ သူငှာမှ ဖြစ်စေ၊ ပုံတူမှားရိုက်နှိပ်၍ လည်းကောင်း၊ သွယ်ဝိုက်၍ လည်းကောင်း အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း ၊ အခြားနည်းဖြင့် မူပိုင်ခွင့်ကို ထိပါးခြင်းစသည်တို့ကို လုပ်ကိုင်ဆောင်ရွက် အသုံးပြုနေ ကြောင်းတွေ့မြင်သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးကုန်ကျသမျှ အရပ်ရပ် စရိတ်ကြေးငွေ များအတွက် တောင်းဆိုနိုင်ရန်နှင့် ထိုကဲ့သို့အတုအပ ထင်ယောင် ထင်မှား၊ ဆင်တူယိုးမှား ပြုလုပ်ထားသည့် တံဆိပ်အမည် အမှတ်အသားများကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ အဆင့်ဆင့်သောတရားရုံးတွင် တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေ ရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြင့်ကြိုင်
တရားလွှတ်တော်ရှေ့နေ (စဉ် –၂၁၅၆ /၂၆.၁၁.၁၉၈၁)
အမှတ် (A-8/202)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉၅၁၀၉၀၁၄

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဒုတိယသမ္မတ မစ္စတာ မာရုဖ်အာမင် တို့နှင့်တွေ့ဆုံ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အင်ဒိုနီးရှားနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုအား ဂါရဝပြု တွေ့ဆုံစဉ်။ သတင်းစဉ်

ရန်ကုန် အောက်တိုဘာ ၂၁

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ အင်ဒိုနီးရှားနိုင်ငံ သမ္မတအိမ်တော်သို့ ရောက်ရှိပြီး သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုအား ဂါရဝပြုတွေ့ဆုံသည်။

**တွေ့ဆုံ**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတအိမ်တော်သို့ ရောက်ရှိပြီး ဒုတိယသမ္မတ မစ္စတာ မာရုဖ် အာမင်နှင့် တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရေး ပိုမိုတိုးတက်ကောင်းမွန်ရေး၊ အာဆီယံ အသိုက်အဝန်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆက်လက်ပေးအပ်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊

*စာမျက်နှာ ၆ ကော်လံ ၁* ◆

## အာဆီယံ ဖူဆယ်ပြိုင်ပွဲ ပထမနေ့တွင် မြန်မာအသင်း ဂိုးပြတ်အနိုင်ရ



ရန်ကုန် အောက်တိုဘာ ၂၁

၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲ အုပ်စု ပထမနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာဖူဆယ် အသင်းသည် တီမောအသင်းနှင့် စတင်တွေ့ဆုံခဲ့ပြီး ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တီမောအသင်း၏ ရုန်းကန်မှုကြောင့် မြန်မာအသင်းသည် ပထမပိုင်းတွင် ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ကစားပုံ ပြောင်းလဲလိုက်သောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❑

မြန်မာအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-MFF

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် စာ - ၈

မြန်မာ ယူ-၂၂ အသင်း ခြေစမ်းပွဲများ ကစားရန် ကာတာနိုင်ငံသို့ ထွက်ခွာ စာ - ၁၂

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

**ပြန်လည်ရောက်ရှိ သူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ)သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃**

**နိုင်ဇော်**
၁၆-၁၀-၂၀၁၉ ၀၉-၄၂၀၂၁၉၀၆၆
- ဒီထက်မကအောင်မြင်ပါစေ။
အရှင်ဝိရိယ (တောင်ဒဂုံ ၀၉-၄၂၁၀၈၁၄၉၃)
- နောင်သွားလျှင် ခင်နန္ဒာအဖွဲ့နဲ့ပဲ သွားပါမည်။
ဦးမြင့်မောင် (မြောက်ဒဂုံ ၀၉-၄၅၀၅၂၉၁၆၂)
- ပျော်ရွှင်ဖွယ်ကောင်းသောခရီးဖြစ်ခဲ့ပါသည်။
သဥ္ဇာဝတ်ရည် (ကမာရွတ် ၀၉-၉၇၆၁၈၀၄၃၈)
- ခင်နန္ဒာ ဆထက်ထမ်းပိုး ပိုမိုအောင်မြင်ပါစေ။
သော်သော်မြင့် (တာမွေ ၀၉-၇၈၇၁၄၇၆၇၈)
- ထပ်မံသွားချင်။ ဦးစိုးမြင့် (အင်းပူ ၀၉-၂၅၀၅၇၇၈၅၄)
- နောင်လည်း ခင်နန္ဒာဖြင့်သွားနိုင်ရန် ကြိုးစားပါမည်။ ဒေါ်အေးအေးမာ (တောင်ဒဂုံ ၀၉-၄၃၁၃၃၀၀၂)
- စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်ရပါတယ်။
မခင်ထွေးမြင့်(ခ)မချိုတူး (ရန်ကင်း ၀၉-၅၀၅၃၁၆၂)
- အလွန်အဆင်ပြေလှပါသည်။
ဒေါ်စိုးစိုးမြိုင် (မရမ်းကုန်း ၀၉-၉၇၅၁၇၈၉၄၁)

**အောင်ခိုင်ဆင့်**
၁၇-၁၀-၂၀၁၉ ၀၉-၄၄၈၀၃၃၇၄၆
- မျှော်လင့်ထားတာထက်ပိုသာလွန်ပါတယ်။
ချိုစံဝင်း (တောင်ဥက္ကလာ ၀၉-၅၁၁၅၁၆၉)
- ဒီထက်မကအောင်မြင်ပါစေ။
ဦးကျော်ငြိမ်း (ဘီးလင်း ၀၉-၆၉၈၅၅၆၅၃၅)
- စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ဘုရားဖူးခွင့်ရရှိခဲ့ပါသည်။ ဒေါ်တင်နုနုခင် (စစ်ကိုင်း ၀၉-၅၀၆၀၉၆၄)
- ပို၍ ပို၍ အောင်မြင်ပါစေ။
ဒေါ်ဝင်းဝင်းနီ (မန္တလေး ၀၉-၂၅၉၉၆၆၆၈၈)
- ကျေနပ်အားရမှုရှိပါသည်။
ဒေါ်ညွန့်ညွန့်ဝေ (လှိုင် ၀၉-၄၂၀၀၇၂၈၇၉)
- ဆက်ဆံရေးကောင်းမွန်ပါသည်။
ဒေါ်ဝင်းနွယ် (စမ်းချောင်း ၀၉-၇၆၂၆၂၉၉၅၅)
- အတွေ့အကြုံမျှဝေပေးပါမည်။
ဦးခင်မောင်မြင့် (ကျိုက်ထို ၀၉-၇၆၆၆၁၄၁၂၇)
- စေတနာအားကောင်းသော ကလေးများဖြစ်ပါသည်။
ဦးမောင်မောင်တင့် (အထက်မင်းလှ ၀၉-၇၇၆၇၉၆၂၃၅)

**ဇင်အောင်ထွေး**
၁၈-၁၀-၂၀၁၉ ၀၉-၄၄၈၀၃၃၇၄၆
- နေထိုင်စားသောက်မှုအထူးပြည့်စုံ။
ဦးဝင်းငွေး (မင်္ဂလာဒုံ ၀၉-၂၅၀၁၇၃၁၇၉)
- သာဓု ၊ သာဓု ၊ သာဓု။
ဦးသိန်းဝင်း (ဗဟန်း ၀၉-၅၀၅၆၂၄၆)
- He can manage the group well.
ခင်သူသူစံ (သန်လျင် ၀၉-၄၂၁၁၄၃၄၄၁)
- စိတ်ချမ်းသာပြီး ကုသိုလ်ထူးများ ရရှိခဲ့ပါတယ်။
ဒေါ်စုလှိုင်ဇော် (ရေနံချောင်း ၀၉-၄၃၀၅၃၉၅၈)
- Very generous, kind & help.
ဝေဖြိုးအောင် (အလုံ ၀၉-၇၈၅၉၁၅၂၁၀)
- အလုံးစုံပြည့်စုံပါသည်။
ဦးမျိုးဆွေ (အလုံ ၀၉-၅၀၇၀၃၇၂)
- စားသောက် နေထိုင် လမ်းခရီးဝန်ဆောင်မှုအထူးကောင်း။
ဦးအေးသန်း (မင်္ဂလာဒုံ ၀၉-၇၇၄၄၀၀၆၁၁)
- စိတ်ချမ်းသာပါတယ်။
ဒေါ်သန်းလှ (သန်လျင် ၀၉-၄၂၁၀၅၀၀၇၂)